
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ရွှန်းရမီမိုး

## ဘဝအထာနှင့်နှလုံးသားကဗျာ

စာမူခွင့်ပြုချက်အမှတ်
၅၀၀၄၂၀၀၄၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၅၇၆၀၅၁၀
၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ
ပထမအကြိမ်
တန်ဖိုး
၁၀၀ ကျပ်
အုပ်ရေ
၅၀၀
ထုတ်ဝေသူ
ဦးကျော်လှိုင်(၀၃၈၈၇)စေတနာစာပေ
အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်။
ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃)စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

၈၉၅.၈၃
ရွှန်းရမီမိုး
ဘဝအထာနှင့်နှလုံးသားကဗျာ/ရွှန်းရမီမိုး၊-ရန်ကုန်။
စေတနာစာပေ၊ ၂၀၁၀။
၂၈၈- စာ၊ ၁၂×၁၈ စင်တီ။
(၁) ဘဝအထာနှင့်နှလုံးသားကဗျာ

BURMESE CLASSIC

### ဒို့တာဝန်အရေးသုံးပါး

...မပြိုကွဲရေး — ဒို့အရေး
...စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
...အာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

...ကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
...တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ...ကြ။
...၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ...ကြ။
...ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

...တော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
...သား ပြန်လည် စည်းလုံးညီညွတ်ရေး
...သညီ ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
...ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

...ိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
...ကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
...ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
...တော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် ...င်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

...သားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
...ဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး ...လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
...စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
...သားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com

# ၁

"ဟိတ်ကောင်တွေ ငါလာပြီကွ"

ထွန်းမြနှင့် မိုးခါးတို့ စပ်ငှားထားသည့် တိုက်ခန်းကို သုံးဦးစပ်ဖွင့်ထားသည့် ကွန်ပျူတာပစ္စည်းအရောင်းဆိုင်လေး ဖွင့်သည့်ရက်မှလွဲပြီး ပိတ်ရက်တိုင်းမှာ ပင်ရင်းက ရောက်လာနေကြ။

"လာ ... မင်းကိုမျှော်နေတာ နေ့ရှယ်တည်းက"

"ချက်ချင်းကြီး လာလို့မရသေးလို့ကွ၊ ငါ့အိမ်မှာ အတိုက်အခံ ဆွေးနွေးနေရလို့"

"ခေါင်းတိုက်ဆွေးနွေးခြင်း"

"မဟုတ်သေးဘူး၊ ဒူးတိုက်ဆွေးနွေးတာဖြစ်မယ်"

ထွန်းမြနဲ့ မိုးခါး ဝင်ဖော်ထဲသဖြင့် ပင်ရင်း ကျွဲမြီးတိုသွား၏။

"အဲဒါဆိုရင် မပြောပြတော့ဘူးကွာ"

www.burmeseclassic.com

www.burmeseclassic.com



"ပြောပြပါ မယားညီအစ်ကိုရယ်၊ ဟဲ ဟဲ ... ငါက မင်း ခယ်မကို ယူမှာ"

"မရဘူး မိုးခါး၊ မင်းက သူ့မရီးကိုယူ၊ ငါက ခယ်မလေး ဟဲ ဟဲ ... မျှမျှတတပေါ့"

"အဲ ... တော်ပြီ၊ ငါ လုံးဝမပြောပြတော့ဘူးနော်၊ ဒီဇာတ် လမ်းနဲ့ပတ်သက်လို့ ကန့်လန့်ကာ ချလိုက်ပြီ"

"မယားညီအစ်ကိုရာ အဲလိုတော့ မလုပ်ပါနဲ့၊ မင်းနဲ့ခေ့စပ် မယ့် ကောင်မလေးမှာ အစ်မနဲ့ညီမရှိတယ် ဆိုကတည်းက မစ္စတာက မိုးခါးနဲ့ ငါ မင်းနှုတ်ဖျားက ကြွေကျလာမယ့် သူတို့လေးတွေ အကြောင်းကို သွားရေတမြားမြားနဲ့ စောင့် နေရတာပါကွာ"

"ဟား ဟား ဟား ဟား"

မိုးခါးနဲ့ ပင်ရင်းမှာ ထွဋ်မြ အပြောကို အူနိပ်ရယ် နေရသည်။

"ကဲပါ ပင်ရင်းရာ၊ ထွဋ်မြ လုပ်ပြနေတာ သနားစရာတောင် ကောင်းနေပါပြီ၊ ပြောပြလိုက်ပါတော့ကွာ"

"ဆောင်မာ ... ပနာက ဝင်ယူသွားတယ်၊ မင်းလည်း သီ ချင်နေတယ်မို့လား"





"ကဲ ကဲ ... ဆောင်ထွဋ်မြနဲ့ မောင်မိုးခါး တော်တော့။ တို့ယုံဆီက အကြောင်းအရာတချို့ကို ရှေ့နားတော်သွင်း ချင်ရင် မီးဖိုထဲဝင်ပြီး ချေခဲသေတ္တာထဲက ရှိသမျှအသား တွေ အကုန်သွားကြော်လိုက်၊ လက်ကျန်ဘီယာဘူးတွေပါ အကုန်ထုတ် ဟုတ်ပြီလား။ ငါ့ပါးစပ်ထဲ ဘီယာနှစ်ဘူး တိတိရောက်မှ ငါကိုယ်တော် နှုတ်တော်ချွေမယ်"

"ဈေးသား ... လိပ်သား"

"ကြက်သား ... ဖားသား"

"ရတယ်၊ ငါ ဘာသားဖြစ်ဖြစ် စားတယ်"

"မင်းကို ဆဲနေတာ၊ ဈေးသား ... လိပ်သားရဲ့"

"ဟုတ်တယ် ချသား၊ ယင်ကောင်သားရဲ့"

"အဟီး ... သိသားပဲ"

မီးဖိုထဲဝင် တရုန်းရုန်း ကြော်လှော်ချက်ပြုတ်ရင်း ...နေကြသည်။

ခဏနေတော့ ဘီယာဘူးဖွင့်သံ တဖောက်ဖောက် ...လာသည်။

"ဒါနဲ့ခေ့စပ်မယ့် ကောင်မလေးက မဆီလော်းတဲ့"

www.burmeseclassic.com



"နာမည်က လန်းလှချည်လား"

"သူ့အစ်မက မေပန်းချီ။ သူ့ညီမက မေရေဆေး

"ဒါဆို သူတို့က ပန်းချီကားတွေပေါ့"

"သုံးယောက်လုံး ပန်းချီကောက်ကြောင်းတွေထက် ဂ လို့ ဆိုရမယ်ကွ"

မိုးခါးတို့ဆီက တံတွေးမျိုချသံတွေ ကြားရ

"ဒါဆို / မင်းတော့ ကော်တာပေါ့ ပင်ရင်း"

"သူတို့က မိဘတွေ မရှိတော့ဘူး။ ရေဆေးကိုမွေး တည်းက သူ့အဖေ ကားမှောက်တဲ့သတင်းကြားပြီး အမေလည်း သွေးနုသားနုနဲ့ သတိလစ်လဲကျသွာ အသက်ပါ ပါတာပဲတဲ့"

"ခြော် ... ကျွတ် ... ကျွတ် ... သနားလိုက်တာ'

"သူတို့က အဘွားလည်း မရှိတော့ဘူး။ သူတို့အမေ က အမျိုးတွေကလည်း တောမှာဆိုတော့ သူတို့အဘိုး မွေးထားခဲ့တာ၊ သူ့အဘိုးက သားတစ်ယောက်ပဲ သားရော ချွေးမပါဆုံးတော့ ဒီမြေးသုံးယောက်ကိုပဲ သမီးလိုရော မြေးလိုပါ ချစ်ခဲ့တာပေါ့ကွာ"



"ဒါဆိုရင်တော့ အဲဒီညီမသုံးယောက်ဟာ သာမန်မိန်းက လေးတွေထက် ပိုပြီးတော့ Abnormal ဖြစ်နိုင်တယ်ကွ။ မင်း စဉ်းစားကြည့်ကွာ၊ တခြားမိန်းကလေးတွေလို အမိ အဖေ အဘွား ဆိုတဲ့ မိန်းမသားတွေရဲ့ ရင်အုပ်မကွာ စောင့်ရှောက်ခြင်းကို ခံရတာမှ မဟုတ်တာ"

ပင်ရင်းက မိုးခါးကို မျက်လုံးပြူးနှင့်ကြည့်ပြီး ...

"မှန်လိုက်လေ မိုးခါးရာ၊ ပညာရှိပါပေတယ်"

"ဟဲ ဟဲ ... ဟီး ဟီး"

"ပြောလိုက်ကာမှ ကော်လာတထောင်ထောင်နဲ့ ရုပ်က မျက်နှာပိုးမသေပဲ လင်းတသွားဖြီးရုပ်"

ထွန်းမြကဝင်ခွမ်းလိုက်မှ ငြိမ်သွားသည်။

"ကဲ ... ဆက်ပါဦး ပင်ရင်း"

"သုံးယောက်လုံးက တီရှပ်နဲ့ဘောင်းဘီကိုပဲ စွဲမြဲဝတ်ကြ တယ်၊ အဲဒါလည်း အဘိုးကြီးအကြိုက် ဝတ်ရတာတဲ့။ အကြီးမ မေပန်းချီက ကျောင်းပြီးပြီ။ ပရိသောဂလုပ်ငန်း ကို ဦးဆောင်တယ်။ အခု ငါနဲ့ စေ့စပ်တဲ့ ဆီဆေးကကျ တော့ ကားဝပ်ရှော့ကို ကြီးကြပ်တယ်။ ကားပစ္စည်းဆိုင် ရောပေါ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းဟာတွေကလည်း အရုပ်တွေက တစ်ခုမှ မိန်းမ မဆန်ပါလား"

"အင်း ... အငယ်လေး ရေခဲကတော့ မကျေးဆေး ကျွန်သိုလ်မှာ ဆေးကျောင်းသူပေါ့ကွာ"

"ငါ အဲဒါလေး စိတ်ဝင်စားတယ်"

"ငါရော ... ငါရော"

ပင်ရှင်းက လှယက်နေသော သူငယ်ချင်းတွေကို ကြည့်ကာ ခပ်မိန့်မိန့် ပြောလိုက်သည်။

"ငါလည်း အဲဒါ ခုက္ခရောက်နေတာပေါ့"

"ဘာကိုလဲ"

"ငါကလည်း သူတို့ညီမတွေထဲမှာ ရေခဲကိုပဲ ကြိုက်တာ"

"ဟွင်"

"ဟာ ... ပင်ရှင်း"

ပဲ့နှစ်ကောင်က နောက်နောက်ပြောင်ပြောင် ပါးစပ် ကြား ပြောရုံမှန်း သိတာမို့ သူ အမှန်ကိုရင်ဖွင့်မိသည်။



"ဟုတ်တယ်ကွ။ ဆီဆေးကလည်း လှလှပပ တက်တက် ကြွကြွကလေးပါ ဒါပေမဲ့ ငါ အငယ်လေးစာတော်ပုံမြင် ပြီးကတည်းက ရင်ထဲမှာ ဒိန်းအလိမ်းနတ် ဖင်ပူးသွားတယ် ကွာ"

"ဒါဆိုလည်း မင်းက အငယ်ဖဲ ကြိုက်တယ်လို့ ပြောလိုက် ပေါ့ကွာ"

"မရဘူးကွ၊ အဘိုးကြီးက သူ့မြေးတွေကို စကေးနဲ့ပေး ထားတာကွ။ သူ မြေးတွေကို လက်ထပ်မယ့် ယောကျ်ား လေးက သူ့မြေးထက် သုံးနှစ်ကြီးမှမယ်တဲ့၊ နဆို ငါက နှစ်ဆယ့်ငါးနှစ်ကွာ၊ ဖန်းချိုကလည်း နှစ်ဆယ့်ငါး၊ ဒီတော့ ငါနဲ့ဖန်းချိုက မဖြစ်နိုင်ဘူး။ အဲ ... ဆီဆေးက နှစ်ဆယ့်နှစ် ဆိုတော့ အိုခေပေါ့။ ရေခဲလေးက ဆယ့်ရှစ်နှစ်ပဲ ရှိ သေးတော့ ငါနဲ့ မကိုက်ဘူးပေါ့ကွာ"

"ဟာကွာ ... ကြောင်လိုက်တာ၊ လင်မယားမြေး သုံးနှစ်ကွာလို့ စကားပုံ ပြောင်းရမလို ဖြစ်နေပြီ"

"အိမ်မှာ ငါနဲ့ အယ်ဒီတို့ အဲဒါဖိုက်လာကြတာပေါ့ကွာ။ ငါကလည်း အငယ်လေးကို ကြိုက်နေရက် သူ့အစ်မကို တော့ ဘယ်လွှချင်ပါ့မလဲကွာ"

www.burmeseclassic.com



"အေးပေါ့ ... မင်းဒယ်ဒီက ဘာတဲ့လဲ"

"ဒယ်ဒီကတော့ ဆီဆေးနဲ့ ငါ့ပဲ သင့်တော်တယ်တဲ့၊ ရေဆေးနဲ့ ငါက ခုနစ်နှစ်ကျွာတယ်ဆိုတော့ အိမ်ထောင်ရေးမှာ အသက်ကွာဟမှုကလည်း ပြဿနာရှိနိုင်တယ်ပေါ့ကွာ၊ ပွားစဉ်တွေပေါ့"

"ဒါဆို မင်း တိုင်ပင်လွဲလာတာပေါ့"

"အေးကွာ"

"အလတ်မနဲ့ စေ့စပ်ပေးတယ်ဆိုတော့ မေပန်းချီရော စေ့စပ်ပြီးသားပဲလား"

"အင်း ... မေပန်းချီလည်း စေ့စပ်ပြီးသားပဲ။ အငယ်လေး ရေဆေးပဲ လွတ်တာကွ၊ ငါ ထင်ပါတယ်၊ ဆီဆေးကိစ္စ ပြီးပြီဆိုတော့ မကြာခင် ရေဆေးလည်း လာတော့မှာပေါ့"

"ဘာလဲ ... အဘိုးကြီးက စရွေးကိုက်ကြီးပေါ့"

"အေးပေါ့ကွာ၊ ပရိဘောဂစက်ရုံနဲ့ ပရိဘောဂလုပ်ငန်း ရှိပါတယ် ဆိုမှတော့ စရွေးကို တစ်စကောတောင် အရွှေ့မခံဘူး ထင်ပါတယ်ကွာ"

"အဲဒီတော့ မင်း ဘာဆက်လုပ်မလဲ"





"မသိဘူး၊ အခု အကုန်ပြောပြီးဆိုပြီး ကုန်ပြီ"

ပင်ရင်းက ခြေပစ်လက်ပစ် လှဲချရင်း ခေါင်းခါသည်။ မိုးခါးနှင့် ထွန်းမြမှာလည်း ဘာကူလို့ ကူရမှန်းမသိ။ သူတို့သူငယ်ချင်း ပင်ရင်း ဒီလိုဖြစ်တာလည်း တစ်ခါမှမတွေ့ဖူးတာမို့ ဒီတစ်ခါ တကယ်ဟာတ်ထိလာမှန်းလည်း သိသာသည်။

တကယ်တော့ သူတို့သုံးယောက်က ကျောင်းတက်တုန်းကလည်း အချစ်နဲ့ရည်းစား မရှာခဲ့သလို ကျောင်းပြီးတော့လည်း စီးပွားရေးကိုသာ ဇောက်ချခဲ့ပြီး အခုဆို အခြေတကျလေး ဖြစ်လာပြီမို့ အိမ်ထောင်ရေးနဲ့ ချစ်သူဆိုတာကို နည်းနည်းကလေး စိတ်ဝင်စားလာတာပါ၊ အရင်ဆုံး ဈေးဦးစဖောက်တာက ပင်ရင်း။

ပင်ရင်းကို သူ့ဒယ်ဒီက သူ့မိတ်ဆွေတစ်ယောက်၏ မြေးနှင့် စေ့စပ်ပေးတော့မည်တဲ့။

အဲဒီတုန်းက သုံးကိုယ့်တစ်စိတ် သူတို့မှာ ပင်ရင်းနဲ့ထပ်တူ ရင်တွေခုန်ခဲ့ကြသေးသည်။

စေ့စပ်ပြောဆိုရုံပဲဟု ဆိုလာသဖြင့် လူအနည်းငယ်နှင့် ခပ်ကျဉ်းကျဉ်း စေ့စပ်ပွဲကို သူတို့လိုက်ခွင့်မရခဲ့။

ခုတော့ ပင်ရင်း ဟာတ်က တလွဲကြီးထိသွားပြီး ပြုတ်ကျလာသဖြင့် သူတို့ပါ မှိုင်းရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပင်ရင်း ... ငါ တစ်ခုအကြံပေးမယ်၊ မင်းတို့ကိစ္စက ချောင်လည်လို့ မရတော့ဘူးဆိုရင် မင်းနဲ့ သီဆေးကြားမှာ လမ်းတစ်ခု ထည့်ရမယ်၊ လမ်းမှန်တော့ မဟုတ်ဘူး လမ်းလွှဲရမယ်"

"အဲဒီတာဝန်ကို ဘယ်သူယူမှာလဲ"

"ငါနဲ့ မိုးခါး မဲနှိုက်ရမှာပေါ့"

"ဪ ... နေဦး၊ မင်းတို့ဖိုပြီး မဲနှိုက်ချင်အောင် သူတို့ ညီမသုံးယောက် ရိုက်ထားတဲ့ ဓာတ်ပုံပြမယ်"

"မသာရယ် ဓာဓာဓာ ပြပါတော့လား။ ဒီလောက် အရေးကြီးတာကို"

"နေပါဦး ပင်ရင်းရ။ အဘိုးကြီးက ညီမသုံးယောက်ရဲ့ ရိုက်တဲ့ပုံကို ကြည့်ဖြုလိုက်တယ်ပေါ့"

"ညှော်ခန်းထဲထားတဲ့ အယ်လ်ဘမ်ထဲက နိုးလာတာကွ"

"ဪ ... ဂလိုကိုး၊ ဟား ဟား ဟား ဟား"

✧♥✧





"ထမင်းသုပ် သွားစားမယ်"

"ဟာ ... အစားပဲ စဉ်းစားနေ။ ရောက်တုန်းရောက်ခိုက် မြသလွန်နဲ့ အရင်ဖူးပါတော့လား"

"ထမင်းသုပ်ပြီးတော့ ဖူးမှာပေါ့"

"မရဘူးဗျာ၊ ဒီလောက် အချိန်မပေးနိုင်ဘူး၊ ဒီမှာတွေ ဖိုနေတာကို မသိကလည်း"

"ကဲပါ ငယ်လေးရာ၊ မဖောက်စမ်းနဲ့၊ ငါပြောရမှာကို လာတာနော်"

"မကျွေးထိ တာကူးတက လာပြောရသေးတယ်၊ ဖုန်းနဲ့ပြော လိုက် ပြီးတာပဲ"

"အောင်မယ် ... ပိုက်ဆံလည်း လာဖို့ရသေးတယ်"

"အဲဒါလည်း ဘဏ်ကလွှဲလို့ ရတာပဲ"

"ငယ်လေးနော်၊ ငါနှုတ်ချင်း ပြန်ရမလားပြော၊ ဒီမှာ အုပ်တွေကိုပဲ သံယောဇဉ်ထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ၊ ပြောနေကြာတယ်၊ လာ ဒေါမင်းသွားဝိုက်ကြမယ်"

ရေဆေးနောက်ကဆိုင်ကယ်ကိုခွစီးလာသော ဆီဆေးဆိုတာ မယောဂ်ကနီရောင်တောက်တောက် ဆံပင်ဖြောင့်စင်းစင်းတွေနဲ့ Gucci မျက်မှန်ဝိုင်းကြီး တပ်ထားသောကြောင့် စတိုင်လ်ကလန်းလွန်းလို့ မကွေးသူ မဟုတ်မှန်း သိသာသည်။

အညာမွေး မကွေးမှ မိမှာစိုးလို့တဲ့။ ဆွယ်တာဖြူဆွတ်ဆွတ်လက်ရှည်ကို အပေါ်ဆုံးကြယ်သီးတစ်လုံး ဖြုတ်ဝတ်ထားသည်။ 501 ဂျင်းပန့်ခ်အကျပ်နဲ့ မိပြီးရင်း မိနေသည်။

ခေါင်းငုံ့ပြီး ဆိုင်ကယ်စီးဦးထုပ်ချွတ်တာကအစ လှသည်။ ရေဆေးကတော့ ခပ်ရိုးရိုးပင်။ တီရှပ်နှင့် ဂျင်းပန့်ခ်ကိုဖဲဝတ်ထားသည်။ သူမရဲ့နဂိုကောက်လှိုင်းတွန့်ဆံပင် ဖွာရရာတွေကို ရှန်းမကြွအောင် သံလွင်ဆီ ခပ်နှစ်နှစ်တို့ထားတာကလွဲပြီး မျက်နှာပေါ်မှာ Lotion တစ်မျိုးသာ။

ဒါတောင် သူမက မကွေးဆေးတက္ကသိုလ်ရဲ့ကွင်းနဲ့ ရန်ကုန်မှာစာမေးပွဲဖြေပါရစေဆိုတာကို သဲသော ကဲသော ဘိုးဘိုးက ရေဆေးကို နေပြည်တော်ရှိ စိုးစံဘော်ဒါကို ပို့လိုက်တော့ သူမက အလိုလို မကွေးဆေးကို ရောက်လာရတာပင်။



ဘာပဲဖြစ်ဖြစ် ရန်ကုန်မှာထက်စာရင် အေးချမ်းသော ကွေးမြို့လေးကို ပိုနှစ်သက်သဖြင့် ရေဆေးကတော့ ပျော်ပါ၏။

ရေဆေးတို့ညီအစ်မသုံးယောက်က တိုက်ပ်တစ်မျိုးစီပါ။ မကြီးဖန်းချီက မိန်းမဆန်ပြီး မဟာဆန်ချင်သူ။ မလတ် ဆီဆေးက အရမ်းအလှကြိုက်ကာ စတိုင်မိုက်သူ။ အငယ်လေး ရေဆေးက ပညာရေးမက်ကာ အမြီးရှည်ချင်သူ။

"ကဲ ... ပြောပါဦး"

ထမင်းသုပ်ကို လက်စသတ်ပြီးတော့ ရေဆေးက ပြောလိုက်၏။

"ဘိုးဘိုးက ငါ့ကို ဇာစပ်ပေးလိုက်ပြန်ပြီ"

"ဟာ ... ကြွေစဉ်ဖဲ၊ ဒါဆို ရေဆေးအလှည့်လည်းရောက်တော့မယ် ထင်တယ်"

"သေချာတာပေါ့၊ တွေးထားပြီတဲ့"

"စိတ်ညစ်တယ်ကွာ၊ မကြီးတို့ မလတ်တို့က ဘွဲ့ရပြီးအလုပ်ကိုယ်စီနဲ့ဆိုတော့ ထားပါ၊ ရေဆေးကတော့ ငယ်သေးတယ်၊ ပြီးတော့ ရေဆေး အဲဒီကိစ္စတွေ စိတ်မဝင်စားဘူး"

"ငါလည်း စိတ်ညစ်တယ်ဟာ"

www.burmeseclassic.com

www.burmeseclassic.com



“မလတ် တွေ့ပြီးပြီပေါ့”

“စေ့စပ်ပြီးပါပြီဆို”

“အင်းပါ ... မကြိုက်ဘူးပေါ့၊ ညစ်နေပုံထောက်တော့”

“နိုးပါ ... မလန်းဘူးဟ၊ ငါပြောတာက Rapper တွေလို

လန်းရမယ်လို့ မဆိုလိုဘူး၊ Gentleman Style ဆိုရင်လည်း

ဖက်ရှင်ကျကျပေါ့ဟာ၊ ခုတော့ စေ့စပ်ဖို့လာတာတောင်

လည်ကတုံးကို ကြယ်သီးအစေ့မတပ်ထားဘူး၊ လက်

လည်း နှစ်ပတ်လောက် ခေါက်ထားသေးတယ်၊ သေ

တော်နံရော”

“ဒါပေမယ့် မလတ် ငြင်းလို့မရဘူးမို့လား”

“ထုံးစံအတိုင်း ပြောတော့ ပြောကြည့်တာပေါ့၊ ဒါ

သိတယ်မို့လား ဘိုးဘိုးပေတံကို”

“အား ... ရေဆေးလည်း ဘယ်လိုလာမလဲ မသိဘူး၊ ခု

မဲ”

“ဟုတ်တယ်ဟ၊ တကယ်ညစ်စဉ်နေ့ဟ၊ မကြီးတုန်း

အဆင်ပြေသွားတာနဲ့ ငါတို့ပါ အိုခေမယ် ထင်သွားတယ်

ဟ”





“သြော် ... မကြီးက သူ့အကြိုက်တွေ့တာကိုး၊ ကိုသူက

သူကြိုက်တဲ့ ဂန္ဓဝင်ကြီးကိုး”

“အင်းလေ”

“နေပါဦး၊ သူ့နာမည်လေး ပြောပါဦး၊ ခဲအိုလတ်ဖြစ်လာ

မှာဆိုတော့”

“ပင်ရင်းတဲ့၊ နာမည်ကကိုတုံးတာ”

“ခ်ီ ခ်ီ ... မလတ် ထိပြီ၊ အဟိ”

✧ ♥ ✧



www.burmeseclassic.com

www.burmeseclassic.com



"ပင်ရင်း ... မင်း တော်တော်တုံးတာပဲ၊ ဘယ်လိုကြည့်ကြည့် ဒီသုံးယောက်မှာ မေဆီဆေးက အလှဆုံးပဲလေ ငတုံးရဲ့။ မေရွှေဆေးက ကလေးရုပ် မပျောက်သေးတဲ့ ငယ်ဂုဏ်ပဲရှိတာ။ ပြီးတော့ မေရေဆေးက မျက်နှာထားတင်းတဲ့အထဲ ပါတယ်နော်၊ မေဆီဆေးကမှ ဆွဲဖြစ်တာ မျက်လုံးကို တောက်နေတာပဲ"

"မိုးခါး ... မင်း ကြွေသွားပြီလား"

"ဟာ ... ငါက သဘောပြောတာ"

"ရတယ် သယ်ရင်း၊ အတည်ဆိုလည်း ရတယ်၊ ငါတကယ် သူ့ကိုမကြိုက်တာကွ၊ သူ့ပုံစံက အရမ်းလှချင်တဲ့ မယ်သော် ကြော့ပုံစံကွ။ ဘာမှမဟုတ်တဲ့ လူကြီးချင်း စကားလေးပြော ဆိုရုံကိုတောင် ပြင်ဆင်ထားလိုက်တာ ညွတ်နေတာပဲ။ ကားဝပ်ရှော့ကို ဦးစီးတယ်သာဆိုတာ သူ့လက်သည်းတွေ



က ရှည်ကော့ပြီး ကြွေရောင်တောက်နေတာပဲကွ။ ပြီးတော့ ကော်ဖီခွက်လေး ကမ်းပေးတာကအစ အကဲရှင်နဲ့ကွ၊ ကြာတော့ကွာ၊ ငါ ကြည့်မရတော့ဘူး။ သူ တော်တော်လှ တာကလွဲရင် ဘာမှ ဝါသဘောမကျဘူး။ မင်းတို့သဘော ပေါက်လား ငါဆိုလိုတာက အလှတရားတွေကို အဲဒီပဲပေး တာကြီးက ဖုံးသွားတယ်၊ ငါ မမိုက်တော့ဘူး"

"ရပြီ ... ရပြီ၊ အဲလောက်မရှင်းပြနဲ့။ ကောင်းပြီ၊ မင်းသဘော မကျရင်တော့ ငါဝင်ပြီ၊ ငါက သူ့ကိုငြိတယ်ကွာ၊ ဘော် ... ကိုထွန်းမြရော ဆန္ဒရှိသေးလား၊ ရှိရင်တော့ မနိုက်ပါမယ်"

"မင်းခိုက်ရင်တော့ မင်းပဲလှုပ်ရှားလိုက်တော့။ ငါကတော့ ဓာတ်ပုံလောက်ကို မခံစားတတ်ဘူး"

"အိုခေ ... ပင်ရင်း၊ မင်းရဲ့လမ်းလွှဲက ငါပဲလို့ မှတ်လိုက်တော့"

"အေးပါ ... အဲဒီကိစ္စက မင်းရှင်းပေးတာ ဟုတ်တယ်။ ဒါပေမဲ့ ငါ့ပစ်မှတ်ကို ဘယ်လိုလမ်းခင်းရမလဲ"

"မကွေးဆိုတော့ လှုပ်ရှားရခက်တယ်။ တစ်ခုပဲ သူ့ဆီဝဲ ဆည်း၊ ဖုန်းနံပါတ်သိရင်ဆက်၊ မေးလ်သိရင် ပို့ထားလိုက်

www.burmeseclassic.com

www.burmeseclassic.com



လို့ရတယ်၊ မင်းက အဝေးကွင်းကို လှမ်းပစ်ရမှာကွ၊ ထိဖို့ကလည်း လက်ဖြောင့်ဦးမှ"

"အေး ... ငါ့ပြဿနာက အကြီးကြီးကွ"

"ဒီထက်ပိုဆိုးတာက သူက မင်းရဲ့မယ်မလောင်း"

"ကဲပါကွာ၊ ဗိုင်းစဉ်းစားကြတာပေါ့"

"ဟုတ်တယ်၊ လောလောဆယ်က မေဆီဆေးဆီ မိုးခါးကို ရောက်အောင်ပို့ရဦးမယ်။ မိုးခါး ... မင်းက ငါတို့သုံးကောင်ထဲက ရုပ်ကအဖြောင့်ဆုံး၊ စတိုင်လ်ကလည်းအမိုက်ဆုံးဆိုတော့ မင်းကို သူ မီးစိမ်းလောက်တယ်ကွာ"

"ငါ မျက်နှာပေါင်းတင်ဖို့ လိုသေးလား"

"ပိုက်ဆံကုန်ခံနိုင်ရင် လုပ်ပေါ့ကွာ"

"ဟား ဟား"

ထိုသို့သဘောတူညီချက် ရပြီးချိန်မှာ မိုးခါးက သူမအကြောင်းတွေ လိုက်စုံစမ်းပါ၏။

"တစ်ခုရှိတယ် ပင်ရင်း၊ မင်းနဲ့ငါက သူငယ်ချင်းဆိုတာ သိရင် သူလည်း ဟိုတွေး ဒီတွေးနဲ့ လမ်းရှပ်သွားနိုင်တယ်"

"အဲဒီတော့ ... အိုခေ ငါပေါက်ပြီ"



ထွန့်မြကတော့ ပီကေအဝါးမပျက်ပဲ ...

"မင်းတို့ လိုရင်ပြောနော်၊ ငါ့အခန်း ရှိရင်တော့ မနွဲ့ဘူး"

"အေးပါ ... လိုရင်လိုသလို သုံးရမှာပဲ"

မေဆီဆေး အကြောင်း စုံစမ်းရတာက လွယ်ပါသည်။ ပင်ရင်းမာမီဆီကတစ်ဆင့် အကုန်နီးပါး သိရသည်။

သူမ၏နေ့စဉ်အပြုအမူတွေက အစပေါ့။

ဥပမာ တစ်နေ့ တစ်ခါ ခေါင်းလျှော်တာတို့။

တစ်ပတ်တစ်ခါ တစ်ကိုယ်လုံးပေါင်းတင်တာတို့။

မိတ်ကပ်ဆို Kancbo တစ်မျိုးတည်းသုံးပြီး Skin care ဆို Healthy shop ပဲ သုံးတတ်တာအဆုံး အကုန်သိရ၏။

သူမ အားရက်တွေမှာ တစ်ပတ်တစ်ခါ ရေသွားကူးပြီး ညနေဆို သူငယ်ချင်းတွေနဲ့ ဈေးပင့်ထွက်သတဲ့။

သူမကြိုက်တဲ့ အစားအစာက ဆန်စီးကို တို့ဟူးနွေးဆမ်းပြီး ကြာညိုပေါက်ထားတဲ့ ရှမ်းဆန်စီးသုပ်ဆိုပဲ။

လက်ဖက်ရည်သောက်ရင် ရင်တုန်တတ်သည့် သူမက ကော်ဖီကို ကျကျနန နှပ်သောက်သတဲ့။

ဘြော် ... ကျန်သေးသည်။

www.burmeseclassic.com



သူမက စိတ်တက်မှာစိုးပြီး ညစာမစားဘူးဆိုဝဲ။

ပင်ရင်းက ထိုအကြောင်းကို ဤသို့ ရယ်မွဲမွဲ့ခဲ့သေးသည်။

"မေဆီဆေးက နေ့တိုင်း ဥပုပ်စောင့်တဲ့အကွ၊ ဟား ဟား" ဤသို့ ဤနှယ် ဤခရီးနီးခဲ့တယ် ဆိုပါစို့။

✧ ♥ ✧

ဝေယန်အား အကြံပေးအနှင့် မိတ်ဆက်စာများပေးပို့လိုပါလျှင်
အမှတ်–၉/၁၁၊ ၈–လွှာ(ဂ)၊ ဓမ္မဝတီလမ်း(ဗဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ သို့
ပေးပို့နိုင်ပါသည်။





"ဆီဆေး ... မြေးလတ်"

မိုးလင်းတာနှင့် အိပ်ရေးမက်သော မေဆီဆေးကို ဘိုးဘိုး နိူးခဲ့ရတာ မွေးကတည်းကလို့ ပြောရမလိုပင်။

"ဆီဆေး ... မြေးလတ်ရေ"

ဒုတိယနိူးသံမှာ "ရေ"သံရှည်ဆွဲလာပြီ။ သူမ အခန်းထဲက နိူးစက်နာရီမှ တီးလုံးသံလေးကလည်း နားဝင်ပီယံဖြစ်ဖွယ် ကြားလိုက်ရသည်။ သို့သော် ထုံးစံအတိုင်း တစ်ဝက်တစ်ပျက်နဲ့ပဲ ရပ်သွားရ၏။

"ဆီဆေး ထတော့ဆို၊ ဒီကလေးမတော့"

"ဒုန်း ... ဒုန်း"

"အာ ... နိုးပြီ ဘိုးဘိုးရေ"

"အေး ... နိုးရင် ခု တံခါးလာဖွင့်၊ အဲဒါမှ ယုံကြည်ကျယ်မှာ"



www.burmeseclassic.com

www.burmeseclassic.com



အသံမကြားရတော့ပြန်။ သိတယ်။ ပြန်နှပ်နေပြီ ဆိုတာ ...

"ဒုန်း ... ဒုန်း ... ဒုန်း"

"အား ... လာပါပြီ"

"ကလစ်"ဆိုသည့် တံခါးဖွင့်သံနှင့်အတူ မျက်လုံး မှိတ်ရက်နှင့် သူမမျက်နှာကို တွေ့ရသည်။

ထုံးစံအတိုင်း ဘိုးဘိုးက လက်ထဲက စပရေးဘူးလေး နှင့် သူမမျက်နှာကို ဖျန်းလိုက်မှ မျက်လုံးပွင့်လာသည်။

"ကဲ ... ရေချိုး၊ မျက်နှာသစ်၊ ဘိုးဘိုးတောင် breakfast ပြီးပြီ"

"ဟုတ်ကဲ့ပါ"

အဲဒါက သူမရဲ့ပုံမှန်မနက်ခင်း။ နာရီကြည့်လိုက် တော့ ခုနစ်နာရီခွဲ။

Right Time ပဲ။ သူမ ရေချိုးခေါင်းလျှော် အလှ ပြင်ဖို့က တစ်နာရီဆိုတော့ ရှစ်နာရီခွဲမယ်။ ပြီးရင် ပေါင်မုန့်ကြက်ဥ ကြော်ကို နှုတ်ခမ်းနီမပျက်အောင် စားမယ်။ ကော်ဖီကို နှစ်ကျိုက် လောက်နဲ့ ကုန်အောင်သောက်မယ်။





ပြီးရင် ကားလေးကို စတိုင်လ်ကျကျမောင်းပြီး ရုံး သွားမယ်၊ သူမရဲ့ကားပစ္စည်းဆိုင်က ကားဝပ်ရှော့နဲ့ တွဲဖွင့်ထား တာမို့ ကားတစ်ခုခုဖြစ်တာနှင့် ဆိုင်မှပစ္စည်းဝယ်ပြီး ဝပ်ရှော့မှာ တန်းပြင်ရုံပင်။

ပုရိသတော်တော်များများက သူမရဲ့ ကားပစ္စည်းဆိုင် မှာ မူလီလေးတစ်ချောင်းကအစ လာဝယ်တတ်သည်။

ကားပြင်စရာ မလိုရင်တောင် ကားကို လာစစ်ရ တာနှင့် စစ်ပြီးသားကားကို နှစ်ရက်မကြာ ရေလာဆေးရတာ နှင့်။

လေလာထိုးလိုက်၊ ကားဘီးကို ကျွက်လာဖာလိုက်၊ အားရင်အားသလို အကြောင်းပြပြီး ရောက်လာတတ်ကြသဖြင့် မဆီဆေးရဲ့လုပ်ငန်းဟာ တော်တော်လေးကို စည်ကားအောင်မြင် ပါသည်။

ဒီနေ့ ဆီဆေးစောပြီး ရောက်သည်မို့ ကားသော့ဒီ ရှိုထဲကို လိုက်စစ်လိုက်သည်။

ထိုစဉ်မှာပဲ ဝင်းထဲကို ဂျစ်ကားခပ်စုတ်စုတ်တစ်စီး ဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆီဆေးကလည်း သောဒီရုံထဲ ရောက်နေတာမို့ ဘာရယ်မဟုတ် ပထမဆုံးဝင်လာသောကားကို လှမ်းကြည့်လိုက်မိသည်။

ဂျစ်ကားကတော့ တော်တော်ကို ပြင်ရသည့် ခပ်စုတ်စုတ်ရယ်ပါ။

"ဝိုး"

ဆီဆေးနှုတ်ခမ်းက ဝိုင်းသွားကာ ခပ်တိုးတိုးလေးသံလေး အလိုလျှောက်ထွက်သွားသည်။

အကြောင်းရင်းကတော့ ကားစုတ်လေးပေါ်က ဆင်းလာတဲ့ ကောင်လေးဟာ ကားနဲ့မလိုက်အောင်ပင် စတိုင်လ်မိုက်လွန်းလှသည်။

အသားက တော်တော်ဖြူသည့် ကောင်လေး။

ဆံပင်တွေက ခုခေတ် ခေတ်စားနေသော ကိုရီးယားမင်းသားတွေရဲ့ ပုံစံမျိုး။ ခပ်ဖွာဖွာနှင့် အကြောသား ဖြစ်နေသော ဆံပင်ဖွာဖွာတွေကို လိမ္မော်ရောင် ဆိုးထားတော့ သူ့အသားဖြူဖြူနဲ့က အမိုက်စားပေါ့။

နှုတ်ခမ်းရဲရဲစိုစိုက အရက်ဆေးလိပ်ကင်းကြောင်း သက်သေပြနေသည်။





အရပ်ကလည်းမြင့်ပြီး သူ့ပုံစံက မော်ဒယ်လ်ဘွိုင်းလို စမတ်ကျကျလေး။

ဆီဆေး သဘောကျသော ပုံစံမျိုးပေါ့။

သူက မန်နေဂျာနဲ့ စကားပြောနေသည်။ ကြည့်စမ်း ခုချိန်ထိ ဆီဆေး သူ့ကို ငေးကြည့်နေမိပါလား။

သူကတော့ ဆီဆေးကို တွေ့ပုံမရသေး။ ဒီတော့ တွေ့အောင်လုပ်ရမှာပေါ့။

ဆီဆေး သူနဲ့မန်နေဂျာ ကိုဇော်ဝင်း စကားပြောနေရာသို့ လှလှပပ လျှောက်သွားပြီး ...

"ကိုဇော်ဝင်း ဆီးဆေး ဒီနေ့ စာရင်းစာအုပ်တွေ ယူကြည့်ချင်တယ်။ ညနေ ဆီဆေးဆီ လာပို့ပေးနော်"

"ဟုတ်ကဲ့ ... မမလတ်"

"ဒီက မေဆီဆေး ထင်တယ်"

"ဗြော် ... ဟုတ်ကဲ့"

"ကျွန်တော် ကြားဖူးတာထက် မေဆီဆေးက ပိုလှတာပဲ"

"ရှင်"

"ဗြော် ... ကျွန်တော့်ကားက တော်တော်ပြင်ရမှာလေး နည်းနည်းလျှော့ပေးပါလို့ Discount တောင်းတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... ဒီလိုလား၊ ရပါတယ်ရှင်၊ တတ်နိုင်သလောက် လျှော့ပေးမှာပါ"

"ကျေးဇူးပါ မဆီဆေး၊ ကျွန်တော့်နာမည် မိုးခါးပါ"

"ဪ ... ဟုတ်ကဲ့ ကိုမိုးခါး၊ မှတ်ထားပြီ၊ ကိုမိုးခါး ကားပြင်ခကို လျှော့ပေးလိုက်ပါမယ်"

"ကျေးဇူး ... ကဲ ... ကျွန်တော် ထားခဲ့ပြီနော်၊ အင်း ... ကျွန်တော်ကတော့ တက္ကစီနဲ့ပဲ လိမ့်ရတော့မယ်၊ သွားပြီဗျာ"

လက်ချောင်းလေးတွေ လှုပ်ခတ်ကာ နှုတ်ဆက်သွားတာကို ခေါင်းပဲညိတ်ပြလိုက်မိတယ်။

"မိုးခါး"တဲ့။

အဲဒီနာမည် သူမရင်ထဲမှာ မှတ်ကျောက်တင်သွားတာ သေချာတယ်။

အဲဒီနေ့က တစ်နေ့လုံး သူမ အလုပ်ကို စိတ်မဝင်စားတာ သူမဘာသာပဲ ရိပ်မိရင်း ...။

✧♥✧





"ဒေါက် ... ဒေါက်"

"ဘယ်သူလဲ"

"ဆီဆေးပါ မကြီး"

"ဝင်ခဲ့လေ၊ လော့ခ်မချထားဘူး"

ဆီဆေးဝင်လာတော့ မကြီးက ညဝတ်အင်္ကျီအားမား ပန်းနုရောင်လေးနဲ့ ခုတင်ပေါ်မှာ စာအုပ်ဖတ်နေတယ်။

"ဘာတွေ ဖတ်နေတာလဲ"

"ပရိတ်ကြီးကို စိတ်နဲ့ရွတ်နေတာပါ"

"ဪ"

"ဆို ... ဘာကိစ္စ"

"ဆီဆေး စိတ်ညစ်တယ်ဗျာ၊ ဆီဆေးနဲ့ စေ့စပ်တဲ့ကောင်ကို ဆီဆေး မကြိုက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘိုးဘိုးက ကောင်းမယ်ထင်လို့ ဖိစဉ်ပေးတာ ဖျက်လို့ တော့ မဖြစ်ဘူးနော်။ ပြီးတော့ ဘိုးဘိုးက အမြော်အမြင် ရှိရှိတဲ့ လူကြီးလေ၊ ဘိုးဘိုး စီစဉ်ပေးတာ မမှားလောက်ပါဘူး အလတ်ရယ်၊ ငါနဲ့ ကိုသူ့ကိုကြည့်လေ၊ အဆင်ပြေတာပဲ"

"အဲဒါပေါ့၊ မကြီးတို့ အဆင်ပြေတော့ ဘိုးဘိုးက စွတ်တင်တော့တာပေါ့၊ မကြီးက မကြီးအကြိုက်တွေ့သွားလို့ အဆင်ပြေပေမယ့် ဆီဆေးကတော့ ဆီဆေးနဲ့ စီစဉ်တဲ့တစ်ယောက်ကို လုံးဝသဘောမကျဘူးလေ၊ မကြီး သိသားနဲ့ ဆီဆေးက ဗရုတ်သုတ်ခနေတတ်တဲ့ သူမျိုးကို သဘောမကျဘူးဆိုတာ"

"အဲလောက်လည်း ဗရုတ်မကျပါဘူးဟယ်၊ နင့်လို အသေးစိတ် ပဲမများတာပဲ ရှိတာပါ"

"အသေးစိတ် ဂရုစိုက်တာပါ မကြီးရဲ့။ မကြီး စဉ်းစားကြည့်လေ လူဆိုတာ ကိုယ့်ရဲ့တစ်ကိုယ်ရေ ပြင်ဆင်မှုလေးကိုတောင် ဂရုမစိုက်နိုင်ရင် ..."

"ကဲ ... တော်တော့၊ အားလုံး ပြောဆိုပြီးပြီ၊ ပြန်ဖျက်လို့လည်း မရတော့ဘူး"



"ရပါတယ်ဗျာ၊ ယူရသေးတာမှ မဟုတ်တာ"

"ဟဲ့ ... ဒီကိစ္စမျိုးဆိုတာ မိန်းကလေးဘက်က ဖျက်ကောင်းတဲ့အရာ မဟုတ်သလို မိန်းကလေးတစ်ယောက်အတွက် မပျက်သင့်တဲ့ကိစ္စမျိုးလေ။ နစ်နာစရာရှိရင် မိန်းကလေးဘက်ကပဲ နစ်နာတာ၊ နာမည်ပျက်အောင် မလုပ်ချင်ပါနဲ့အေ"

"ဒါဆို ဆီဆေးက ကိုယ်မချစ်နိုင်တဲ့သူကို ယူရမယ်ပေါ့"

"အလတ်မရယ် နောက်တော့လည်း သံယောဇဉ်ဖြစ်ပြီး ချစ်သွားမှာပေါ့ဟယ်"

"မချစ်နိုင်တော့ဘူး"

"ဘာလဲ ... ညည်းမှာ ရည်းစားရှိနေပြီလား"

"မရှိသေးဘူး၊ ဒါပေမဲ့ ဆီဆေးသဘောကျတဲ့သူကို တွေ့ထားပြီ မကြီးရဲ့"

ဆီဆေးက ဒီနေ့ကားလာအပ်သော မိုးခါးအကြောင်း ပြောပြလိုက်သည်။

"သူကမှ ဆီဆေး စိတ်ကြိုက် ဒီဇိုင်းမျိုး"

www.burmeseclassic.com

www.burmeseclassic.com



"လူတစ်ယောက်ကို အပေါ်ယံမြင်နဲ့ ဆုံးဖြတ်လို့မရဘူး အလတ်မရဲ့။ သူဟာ ဘယ်လိုလူလဲ။ သူ့စိတ်သဘောထားက ဘယ်လိုရှိလဲ၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးအားလုံး ကြည့်ရမယ်၊ လူတစ်ယောက်အကြောင်း ဘာမှမသိပဲ အပေါ်ယံကြည့်ပြီး ဆုံးဖြတ်ရင် မှန်ပါ့မလား၊ ငါ့ညီမလည်း တွေးတတ်မှာပါ၊ သေချာစဉ်းစားပါ အလတ်မရယ်၊ ဘိုးဘိုး ရွေးပေးတဲ့သူက အပေါ်ယံလေး ညည်းစိတ်တိုင်းမကျဖြစ်တာကလွဲရင် အကုန်ကောင်းပါတယ် ...

ဘွဲ့လည်း ကွန်ပျူတာနဲ့ ရထားတာ၊ မိဘမျိုးရိုးကလည်းမြင့်တယ်၊ ကိုယ်ပိုင်လုပ်ငန်းလည်း ရှိတယ်၊ တစ်ဦးတည်းသောသား။ သားရှင်ကိုယ်တိုင်က လိုလိုလားလား အခန်းကျမ်းခံရတယ်ဆိုတာ ဂုဏ်ရှိပါတယ်လေ"

"သားရှင်တွေကကြိုက်ပြီး သူ့သားက မကြိုက်တော့ ဘယ်လိုလုပ်မလဲ မကြီးရဲ့၊ အဲဒီနေ့က သူ့ပုံစံကလည်း သူ့အဖေကိုကြောက်ပြီး လိုက်လာရတဲ့ပုံကြီးက အထင်းသားပဲ"

ထိုစဉ်မှာပဲ မကြီးဖုန်းက မြည်လာသည်။

"ကိုသူ ဆက်ပြီ"





မကြီးမျက်နှာက ချက်ချင်းဝင်းပ ကြည်လင်သွားခဲ့တာ။ အဲဒါ အချစ်ရဲ့တန်ခိုးပေါ့ကွယ်။ ဒါပေမဲ့ မကြီးဟာ ညီးနည်းလေးမှ ကိုယ်ချင်းမစာဘူး။

သူနဲ့ ကိုသူဟာ ဘိုးဘိုး ရွေးချယ်ပေးတာ ဆိုပေမယ့် နှစ်ဦးစလုံး မြင်မြင်ချင်း love at first sight ဖြစ်သွားကြတာလေ။ ဒီကဖြင့် hate at first sight ဖြစ်လိုက်ရတာကြီးကို ... ရွှန်း။

✧ ♥ ✧

ပေပန်ချာ၊ အကြံပေးစာနှင့် မိတ်ဆက်စာများပေးပို့လိုပါလျှင်
အမှတ်–၉/၁၁၊ ၈–လွှာ(ဂ)၊ ဓမ္မဝတီလမ်း(ဗဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ သို့
ပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ ဆီဆေး အလုပ်နားရက်။

ရှော့ပင်ထွက်ချင်စိတ် မရှိအောင် ညစ်နေတာ
အိပ်ရာထဲ ခွေအိပ်နေမိသည်။

"မြေးလတ် မထသေးဘူးလား၊ ဘိုးဘိုးတောင် ဂေါ့ဖ်ကွင်း
က ပြန်လာပြီ"

"အာ ... ဘိုးကလည်း ဒီနေ့ ဆီဆေးနားတယ်လေ"

"ဘိုး သိပါတယ်၊ ဒါပေမဲ့ မြေးအပြင်မသွားလို့ လာခေါ်
တာ"

ဘိုးဘိုးက အခန်းတံခါး ထဖွင့်ပေးလိုက်တော့ ...

"ရေချိုးပြီး လှလှလေးပြင် ငါ့မြေး၊ အောက်မှာ မောင်ထ
ရင်း ရောက်နေတယ်"

"သူက ဘာလို့ရောက်နေတာတုန်း"

"ဘိုး ဝင်ခေါ်ခဲ့တာလေ"



"အား ... ဘိုးက ကျိုင်ရှာပြီ"

"အောင်မယ် ... အဲဒါ ကျိုင်မဟုတ်ဘူး ငါ့မြေးရဲ့၊ အဲဒါ
ဘဝလို့ခေါ်တယ်၊ ကဲ ... မြန်မြန်လုပ်"

ပြောပြီး ဆင်းသွားပြီ။ ဝါး ... စိတ်ညစ်လိုက်တာ
ကွာ၊ ဒီဘိုးတော်က ဘာလိုက်လုပ်တာလဲ မသိဘူး၊ စိတ်ညစ်တယ်၊
ဒီလိုမှန်းသိရင် စောစောကတည်းက အပြင်ထွက်ပါတယ်ကွာ။

ရေကိုအချိန်ဆွဲပြီး ချိုးသည်။ အလှကို ဖိမ်ဆွဲပြီး
ပြင်သည်။ ပြီးတော့ အပြင်ထွက်ဖို့ အဝတ်အစားပါ တစ်ခါတည်း
လဲထားသည်။

ပထမ ထွက်ဖို့အစီအစဉ် မရှိသေးပေမယ့် ဒီဘိုး
တော်နဲ့အတူ ရှိရမှာထက်စာရင် အပြင်သွားရတာမှ သာယာဦး
မည်။

အနီရဲရဲ တီရှပ်အကျပ်လေးကို စတိုင်လ်ပင်ပုံစံ
ခါးပွပွ ချည်သားဘောင်းဘီ အဖြူလေးနှင့် တွဲဝတ်ပြီး နားကွင်း
အဖြူရောင်ခပ်ကြီးကြီး ပန်လိုက်သည်။

နှုတ်ခမ်းနီက ရဲတွတ်နေပြီး ခေါက်ဖိနပ်ကလည်း
အနီရဲရဲ စမတ်ခေါက်ကို ရွေးချယ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လက်ကိုင်အိတ်ကတော့ အဖြူပဲ ဖြစ်ရမှာပေါ့။ ဆံပင်ကို အပြောင်သိမ်းပြီး သိုးမွေးကွင်းအနီရောင်နှင့် ပိုနီတေးလ် စည်းလိုက်သည်။ ပြီးပြီ။ YSL ရေမွှေးလေးပဲ တစ်ချက် နှစ်ချက် ရှုတ်လိုက်ပြီး အောက်ထပ်ကို ဆင်းလာသည်။

ဘိုးဘိုးက သူမကို မျက်လွှာပင့်ကြည့်ပြီး ...

"မောင်ပင်ရင်းရေ ... ဒီကောင်မလေးက အရမ်းလှနေတာကွ"

ဘိုးက မတော်ရသေးတဲ့ စရန်သတ်မြေးသမက်ကို အရွှန်းဖောက်နေသည်။ သူကတော့ ပြုံးရုံသာ။

"ကဲ ... မြေးတို့ စကားပြောကြဦး။ ဘိုးသွားနားဦးမယ်။ ဒီနေ့ ဂေါ့ဖ်ကစားရတာ တော်တော်ကောင်းလာတယ်"

ဘိုးဘိုးက ရှောင်စဉ်ကို အကြောင်းပြကောင်းပြီး ထွက်သွားသည်။

ဘိုးဘိုး ဝင်သွားပြီး တစ်မိနစ်လောက်ထိ ပင်ရင်းက စကားမစသဖြင့် သူမကပဲ အိမ်ရှင်နှလုံးသွင်းလိုက်ရသည်။

"ကိုပင်ရင်း ပြောစရာ မရှိဘူး ထင်တယ်"

"ဗျာ ... ဟို ... အဲလိုတော့ မဟုတ်ပါဘူး"





"ဒါဆို ရှိတယ်ပေါ့"

"မေဆီဆေး ကြိုက်တဲ့ခေါင်းစဉ် ရွေးလေ"

အမယ် ...။ သူကလည်း အလာကြီးပါလား။

"ဆီဆေးကို ရွေးခိုင်းရင်တော့ အလှအပနဲ့ အလှပြင်ပစ္စည်းတွေအကြောင်းပဲ ရွေးဖြစ်မှာ"

"ကျွန်တော် အဲဒါတွေမသိဘူး။ ဒီလိုလုပ်ပါလား။ ဆီဆေးရဲ့ကားဝပ်ရှော့အကြောင်း ပြောပြပါလား"

"အလုပ်နားရက်မှာ ဘာအလုပ်နဲ့ပတ်သက်တဲ့ကိစ္စ မှန်သမျှ ခေါင်းထဲထည့်မထားတတ်ဘူး ကိုပင်ရင်းရဲ့၊ မပြောချင်ဘူး"

"ကောင်းပြီလေ၊ ဒါဆို ကျွန်တော် ပြန်တော့မယ်"

"ကောင်းသားပဲ။ ကျွန်မလည်း ရှော့ပင်ထွက်မလို့၊ အပတ်စဉ် ထွက်လာတတ်တဲ့ အသစ်အဆန်းတွေကိုမှ မဝယ်ရရင် ကျွန်မ အသက်ရှူမဝတတ်ဘူး"

"တော်သေးတာပေါ့၊ အသက်ရှူဝလောက်တဲ့ ဝင်ငွေမျိုးရှိနေလို့။ မဟုတ်ရင် မေဆီဆေးဘဝက မလွယ်ဘူးနော်"

သူက ခနဲ့ပြော ပြောရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ကျွန်တော် သွားပြီနော်"

အနိုင်ပိုင်း လှည့်ထွက်သွားတဲ့ သူ့လိုလူကို ဆီဆေး ဘယ်လိုလက်တွဲရမလဲ။

ထိုခဏမှာ အသေချာကြီး သေချာသွားတာကတော့ သူသည်လည်း ဆီဆေးကို စိတ်မဝင်စားဘူး ဆိုတာပဲ။ ခံရခက်ပါသည်။ ဆီဆေးလို ပြစ်မျိုးမဲ့မထင် လှပနေသော မိန်းကလေး တစ်ယောက်ကို စိတ်မဝင်စားတဲ့ ယောကျ်ားကို ဆီဆေးကလည်း လှလှပပ ဝိညာပြန်ပြချင်ပါသေးသည်။

✧ ♥ ✧



ထွန်းမြ၊ ပင်ရင်းနဲ့ မိုးခါးတို့ နယ်က ထွန်းမြညီမ လေးအတွက် ဆယ်တန်းအောင်စာရင်းကြည့်ရန် စိန်ပျွန်းကို ရောက်လာကြသည်။

သူတို့မြို့နယ်ကလေးက အောင်စာရင်းလာကြည့်သူ တွေနှင့် တွေ့သဖြင့် ထွန်းမြက အသိတွေကို နှုတ်ဆက်မဆုံး။

မိုးခါးနှင့် ပင်ရင်းက အောင်စာရင်းကို တိုးကြည့် ဆေးရ၏။

"ဟာ ... တွေ့ပြီကွ မဒီမြ နာမည်၊ ဟာ ... ဂုဏ်ထူးတွေ ပါသေးတယ်ကွ၊ မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဇီဝ၊ ဓာတု တဲ့။ ငါးဘာသာကွ"

"ဟေ ... တွေ့ပြီလား"

အသံကြားမှ ထွန်းမြ လာကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆော်လိုက်တဲ့ ငါ့ညီမ၊ ငါ့အတိုင်းပဲ"

ထို့နောက် မိုးခါးနှင့် ပင်ရင်းက အောင်စာရင်းလာကြည့်သော ကျောင်းသူလေးတွေကို လိုက်ငမ်းနေသေးသည်။ ထွန်းမြက အိမ်ကိုဖုန်းလှမ်းဆက်လိုက်သည်။ သူတို့မြို့မှာက မနက်မိုးလင်းရင် သိရမှာပေမယ့် စိန့်ဂျွန်းမှာက ညဘက်ဆယ့်နှစ်နာရီကတည်းက ကပ်တာမို့လို့ ညီမတော်က သွားကြည့်နိုင်းပြီး အိမ်ကဖုန်းဘေးမှာ ရင်ထိုင်ခုန်နေမှာလေ။

ဖုန်းက မမိတမိ ဖြစ်နေတာမို့ မိုးခါးတို့ကို လက်ပြပြီး ဖုန်းလိုင်းမိရာသို့ လိုက်ရွှေ့ပြီး ပြောရသည်။

"ညီမလေး ... နင် ဒီငါးခု"

"တကယ်လား၊ အား ... ဖေဖေရေ မေမေ"

အိမ်မှာ ဆူညံသွားသည်။ ဆယ်တန်းဆိုတာ ဘဝတစ်ဆစ်ချိုးပဲလေ။ အားလုံး ညီမလေးအတွက် ပျော်ကြသည်။

"ကိုကို ... ကိုကို မဒီကို ဆေးကျောင်းထားပေးရမှာနော်"

"အေးပါ၊ ထားပေးမှာပေါ့ဟ"

"ရေ့စ် ... ကဲ ... ကိုကိုရေ၊ ပြန်တော့၊ ပြန်တော့၊ ညဉ့်နက်နေပြီ"





"အေး ... အေး ... ဒါပဲနော်"

နာရီကြည့်လိုက်တော့ တစ်နာရီ။ မိုးခါးတို့ ခြေဦးအလှည့် ကြည်အေးသော အသံတစ်ခုက သူ့ကိုဆွဲခေါ်သွားသည်။

"ငါ တကယ်စိတ်ညစ်တယ် မိုမိုရယ်"

"ဟယ် ... နင်ကလည်း ကလေးစာမေးပွဲ အောင်တာကို စိတ်ညစ်တာလား၊ နင့်သားက All D မို့လို့ ငါတောင် တော်တော်ပျော်သွားတာ. မိဂျမ်းရယ်"

"ဟုတ်တယ်၊ All D ပါလို့ ငါသေချင်လောက်အောင် စိတ်ညစ်တာပဲ မိုမို။ နင် စဉ်းစားကြည့်လေ၊ မိဂျမ်းဆိုတဲ့ ငါက မုန့်ဟင်းခါးရောင်းတာ။ ဘယ်လိုလုပ်ပြီး ဆေးကျောင်းထားနိုင်မလဲ၊ ငါ့သားကလည်း ဆရာဝန်သိပ်ဖြစ်ချင်တာလေ၊ ကဲ ... ငါ ဘယ်လိုလုပ်ရမလဲ"

"နင်ကလည်းဟယ်"

"ငါလေ ငါ့သား စာမေးပွဲမကျပါစေနဲ့၊ ဒါပေမဲ့ ဆေးအမှတ်တော့ မမီပါစေနဲ့လို့တောင် ဆုတောင်းဖူးတယ်၊ ငါ့အားကို ငါထားချင်တာပေါ့ မိုမိုရယ်၊ ဒါပေမဲ့ ..."

မိဂျမ်း ဆိုတဲ့မိန်းမရဲ့ မျက်ဝန်းက မျက်ရည်တွေ လက်သွားသလိုပဲ။



www.burmeseclassic.com

www.burmeseclassic.com



"မိဂျမ်းရယ်၊ ငါတောင် ညစ်လာပြီ၊ ငါလည်း ထားပေးချင်ပါတယ်ဟယ်၊ ဒါပေမဲ့ နင်သိတဲ့အတိုင်း ငါ့ဘဝက လည်း ယောက္ခမနဲ့ကပ်နေပြီး ယောက်ျားလုပ်စာ စားနေရတဲ့ ဘဝဆိုတော့"

"ငါ သိပါတယ် မိုမိုရယ်၊ သားကိုဖျောင်းဖျဖို့စကားလုံး ရှာရတော့မှာပေါ့"

အဲ့ဒီမိန်းမရဲ့ဟန်က ထွန်းမြရဲ့နှလုံးသားထဲထိ တိုးဝင်သွားတယ်။ သူမ တော်တော်ခံစားရမှာပဲလို့၊ သံနားကရုဏာ ဆိုတာ ကြောက်စရာအကောင်းဆုံး အရှုံးပဲလေ။

"ဒီမှာ ခင်ဗျာ"

ဘာမှ မဆုံးဖြတ်ရသေးခင် သူမကို ခေါ်လိုက်မိသည်။

လှည့်ကြည့်တဲ့ မျက်ဝန်းက နားမလည်ရိပ်တွေက လည်း လှတာပဲ။

ဖုန်းပြောရင်းတန်းလန်းမို့ ဖုန်းကိုင်ထားရင်းနဲ့ သူ့ကို ခြေဆုံးခေါင်းဆုံး အကဲခတ်ပြီးမှ ခပ်ကြမ်းကြမ်းထူးသည်။

"ဘာလဲ"





"ဟိုလေ ... ခုန အစ်မတို့ပြောတဲ့ စကားကို ကျွန်တော် အမှတ်တမဲ့ ကြားလိုက်လို့ပါ ခင်ဗျ၊ အဲဒါ အစ်မတို့အခက် အခဲကို ကျွန်တော် ကူညီပါရစေ၊ ကလေးကို ကျွန်တော် ကျောင်းထားပေးပါရစေ၊ သြော် ... ကျွန်တော့်ကိုတစ်မျိုး တော့ မထင်နဲ့နော်၊ ကျွန်တော်က ပညာဒါနလုပ်ချင်တာ သက်သက်ပါ"

"ဟယ် ... အဆင်ပြေတာပေါ့ မိဂျမ်းရဲ့၊ နင်တော့ ဘုရား မ,တာပဲ၊ မြန်မြန်ကျေးဇူးတင်လိုက်လေ"

မိုမို အပို့ကောင်းတာနဲ့ သူမမှာ တရုတ်ကားတွေထဲ ကလို ဒူးရှထောက်ကျေးဇူးတင်ရမလို မှယောင်ကန်းကန်း ဖြစ်သွားသည်။ သား မျက်နှာကို မြင်ယောင်ရင်း ...

"ဒါပေမဲ့ ... မင်းကို ငါမသိဘူး"

"ဟုတ်ပါတယ်၊ ကျွန်တော်လည်း အစ်မကို မသိပါဘူး၊ ကျွန်တော်နာမည် ထွန်းမြပါ၊ ဒီမှာ ကျွန်တော့်ကတ်၊ ကျွန်တော် အစ်မတို့သားအမိဆီ လာခဲ့ပါ့မယ်။ ကျွန်တော့်ကို လိပ်စာပြောပါဦး"

"ဟို ... မလာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မိဂျမ်းကလည်း၊ ကဲပါ ... ငါပဲပြောလိုက်တော့မယ်"

မိုမို ဆိုသော အစ်မက ဝင်ပြောပြသည်။

"မိုမိုကလည်းဟာ ဟုတ်လား၊ မဟုတ်လား စွတ်တင်နေတယ်"

"ဟယ် ... နင် ဘယ်လို ပြောလိုက်တာလဲ မိဂျမ်းရယ်၊ အားနာစရာ"

"ကျွန်တော် တကယ်လာခဲ့မယ် မဂျမ်း"

"သွားရအောင် မိုမို"

"အေး ... အေး၊ အချိန် မပေါ့တော့ဘူး"

"ဪ ... အစ်မတို့ ဘာနဲ့လာတာလဲ။ ကျွန်တော် ပြန်ပို့ပေးရမလား၊ ကားပါတယ်"

"ရတယ် ... အစ်မတို့က အလုံတင်ပါ၊ အိမ်နားက ဆိုက်ကားငှားလာတယ်။ သွားပြီနော်"

သူမတို့ထွက်သွားမှ ငမ်းမဆုံးသော မိုးခါးနှင့်ပင်ရင်းကို သွားခေါ်ပြီး ပြန်လာရသည်။ ရင်ထဲမှာ သူမ ညည်းသံက စမ်းရေစီးသလို။

✧ ♥ ✧



"မမလတ်"

"ဪ ... ကိုဇော်ဝင်း ဘာကိစ္စရှိလို့လဲ"

"ဟို ... ဂျစ်ကား လာပြင်တဲ့ တစ်ယောက်လေ ကိုမိုးခါးဆိုတာ"

"ဪ ... မှတ်မိတယ်၊ ဘာလဲ ... သူ့ကား ပြီးပြီလား"

"ဟုတ်ကဲ့ ... Bill ထွက်လာပြီ မမလတ်။ အဲဒါ ဘယ်လောက်လျှော့ပေးလိုက်ရမလဲ"

"သူ ရောက်နေလို့လား"

"မလာသေးဘူး၊ ဒါပေမဲ့ ဒီနေ့ လာရွေးမယ်တဲ့ ဖုန်းဆက်ထားလို့ သူ မလာခင် လာမေးထားတာ"

"ဟုတ်ပြီ၊ Bill ထားခဲ့လိုက်ပေ။ သူလာမှ သူနဲ့ပြောလိုက်မယ်"

"ဟုတ်ကဲ့ မမလတ်၊ ဒီမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



စိတ်ပြတ်နေတဲ့ သူ့ဂျစ်ကားက အင်ဂျင်တော့တော် တော်ကောင်းပါသည်။ ကားကိုယ်ထည်ကို ဆေးမှုတ်၊ စတစ်ကာ တွေ ရှုပ်ယှက်ခတ်နေအောင် ပြင်ဆင်လိုက်တော့ ချစ်စရာကား လှလှလေး ဖြစ်သွားသည်။ မိုးခါး လာမယ်တဲ့။

တစ်နေ့လုံး ကိုယ့်ကိုယ်ကိုယ် သပ်သပ်ရပ်ရပ်ဖြစ် အောင် ပြင်ဆင်နေမိသည်။ မှန်ကြည့်မိတဲ့ အကြိမ်ရေက စံချိန် တင်လောက်သည်။

ဒီနေ့က သူမ အဖြူရောင်ဝတ်စုံနှင့် သိပ်ကိုစမတ် ကျနေသည်။ အပေါ်ပိုင်းမှာ လက်ဖောင်းလက်ရှည် ခါးတင်အကျီ လေးက လက်ကလွဲရင် ကိုယ်အတိုအကပ်အကျပ်လေးကို ထပ် တစ်ရာစကတ်အတွန့်လေးနှင့် တွဲဝတ်ထားတာမို့ သူမဟာ အဖြူ ရောင်နတ်သမီးလေးလို လှနေပါသည်။ သူမဆံပင်တွေကို ဒီအတိုင်း ဖြန့်ချထားပြီး ဖဲပွင့်လိပ်ပြာ ခပ်ကြီးကြီး တစ်ကောင်ကို ဘေးဘက် မှာ ပန်ထားသေးသည်။

မနက်က အိမ်ကထွက်လာတော့ ဘိုးဘိုးကတောင် စ,သည်။

“ငါ့မြေးလတ်ကလေး ရှူတင်လားဟေ့”





သူမကိုယ်သူမ မှန်အထပ်ထပ်ကြည့်ရင်း စိတ်တိုင်း ကျသွားချိန်မှာ သူ ရောက်လာသည်။

“မင်္ဂလာနေ့လယ်ခင်းပါ မေဆီဆေး”

“me too ! ”

“ဘယ်လောက်ကျလဲ”

သူမ ကမ်းပေးတဲ့ Bill ကိုကြည့်ပြီး ...

“50 % လျှော့မှာလား”

“အလကားပဲ ပြင်သွားပါတော့၊ အဲဒီလောက်မှ မတင်ထား တာ”

သူက ဈေးဆစ်ချင်လို့ ဆစ်နေတာထက် သူမနဲ့ စကားကြာကြာပြောချင်တဲ့ပုံမျိုး ပေါက်နေတာကို မိန်းမသဘာအရ သူမ သိပါသည်။

သူမကလည်း သူနဲ့သိပ်မပြောချင်ပါဘူး။ ကော်ဖီနဲ့ တောင် ဧည့်ခံလိုက်သေးသည်။

“ရှင် ကားစစ်ပြီးပြီလား”

“ဟင့်အင်း”



www.burmeseclassic.com

www.burmeseclassic.com



"အိုး ... ဘယ်လိုလူလဲ၊ ကားမစမ်းရသေးပဲ ငွေလာရှင်းနေတယ်"

"မရှင်းသေးပါဘူး၊ ဈေးအရင် လာစစ်တာ။ ကားစမ်းပြီးမှ ငွေတစ်ခါ လာရှင်းဦးမှာ"

မျက်စောင်းထိုးမိတော့မလို့။ အမြန်ဘရိတ်ခ်အုပ်လိုက်ရသည်။ သူမကို တွေ့ချင်လို့ ဈေးအရင်လာဆစ်တာလေး လူလည်။ /

"ကဲ ... ကျွန်တော် ကားသွားစမ်းကြည့်လိုက်ဦးမယ်၊ ရှိမယ်မို့လား။ ကားစမ်းပြီးရင် ပြန်လာခဲ့မယ်"

"မသေချာဘူး"

"မေဆီဆေး မရှိရင်တော့ ကျွန်တော် ပိုက်ဆံရှင်းဖြစ်မှာမဟုတ်ဘူး"

"ဟွန်း"

ဒီတစ်ခါတော့ မျက်စောင်းက ထိန်းမနိုင်သိမ်းမရတော့။ သူက သူ့ထုံးစံအတိုင်း လက်ချောင်းကလေးတွေ လှုပ်ခတ်နှုတ်ဆက်သွားသည်။ သူ ကားသွားစမ်းတဲ့ အချိန်တစ်နာရီလောက်ကို တစ်ကမ္ဘာလောက်လို့ ထင်နေမိသည်။





သူက ဒီနေ့ အဖြူရောင်ကွမ်းရိုးစင်း အဲရိုးရှပ်နှင့် အနက်ရောင် 501 ဂျင်းနိပ်ပင်နှင့် နားမှာ တစ်ရတီကိုက်လောက်ရှိသည့် စိန်တစ်လုံးထိုး နားကတ်ဝတ်ထားသေးသည်။

လက်မှာက 925 လက်ပတ်ကြိုးက တစ်လက်မလောက် အပြားကြီးကြီးနှင့်။

ဘယ်လိုပဲဖြစ်ဖြစ် သူ့ပုံစံက လန်းတော့လန်းသည်။

"ဟိတ် ... ဘာတွေ စဉ်းစားနေလဲ"

"အမေ့ ... ရှင်ကလည်း လန့်လိုက်တာ"

သူက ပြုံးစိစိနဲ့ ငွေထုတ်ရှင်းနေသည်။

"မေဆီဆေး ဒီညနေ ဘယ်အချိန်ပြန်မှာလဲ"

"အလုပ်ပြီးတဲ့အချိန်ပေါ့"

"ဩော် ... ဘယ်အချိန်ပြီးမှာလဲ၊ မေဆီဆေးက ကျွန်တော့်ကို 20% တောင် လျှော့ပေးတာဆိုတော့ ကျွန်တော်က ဒင်နာနဲ့ ကျေးဇူးတင်ချင်လို့ပါ"

"ကျေးဇူးပါပဲရှင်။ ဒင်နာကို အိမ်မှာမစားရင် အဆူခံရမှာမို့ ငြင်းပါရစေ"

"ဒါဆို မနက်ဖြန်နေ့လယ်စာရော"

"အဲဒါလည်း အိမ်ကလာပို့မှာ"



www.burmeseclassic.com

www.burmeseclassic.com



"လာမပို့နိုင်းနဲ့ပေါ့၊ ဒါမှမဟုတ်လည်း လာပို့တာကို ဒီက ဝန်ထမ်းတွေကို ကျွေးလိုက်ပေါ့၊ Lunch Time လေးတော့ အပြင်ထွက်လို့ ရတယ်မို့လား"

"မရဘူး။ ဆိုင်မှာ ကျွန်မရှိမှ ဖြစ်မှာ"

"ဒါဆိုလည်း ဝယ်ပြီးလာပို့မယ်ဗျာ။ စားလို့တော့ရတယ်မို့လား"

/ ညစ်ကျယ်ကျယ် ပြောနေတာကို သူက ပြုံးကြည့်ရင်း ခေါင်းညိတ်ကာ ...

"သဒ္ဒါတရား ဒီလောက် ထက်သန်နေမှတော့ မငြင်းရက်တော့ပါဘူးဗျာ"

"ဗျာ ... ဆိုတော့ မေဆီဆေးက ရွှေမန်းသူလား"

"မဟုတ်ဘူး၊ ရှမ်းမလေး ... ဟား ဟား"

"ဟာ ... နောက်တယ်ကွာ။ မေဆီဆေးက အရမ်းချစ်စရာကောင်းတယ်"

သူမ ဘာမှပြန်မပြောနိုင်ခင် လက်ချောင်းလေး… လှုပ်ခတ် နှုတ်ဆက်တာ ခံလိုက်ရ၏။

✧♥✧





"အစ်မ မုန့်ဟင်းခါးတစ်ပွဲ"

"ရမယ်၊ ဘာကြော်နဲ့ထည့် ... ဟင် ... မင်း"

"ကျွန်တော် ထွင့်မြပါ မဂျမ်း"

"ဘာကြော်နဲ့ စားမလဲ"

"ဘူးသီးကြော်"

ဘူးသီးကြော်ထည့်ထားသောမုန့်ပွဲ သူ့ရှေ့ရောက်လာ၏။

"မင်း ရောက်လာမယ်လို့ မထင်ထားဘူး။ ဒါပေမဲ့ လာခဲ့ရင်လည်း ပြောဖို့ဆိုပြီး စကားတွေ စီထားတယ်"

"ပြောပါ မဂျမ်း"

"မင်းက သားကို ထောက်ပံ့ချင်တာဟာ မင်းပြောသလို ပညာဒါနသက်သက်ကလွဲရင် ဘာမျှော်လင့်ချက်မှ မရှိလောက်ပါဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဖျာ ... ဘာဖြစ်လို့လဲ အစ်မ"

"မင်း ငါ့ကို ဘယ်တုန်းက သိတာလဲ"

"အဲဒါ အောင်စာရင်းကြည့်တဲ့ညကမှလေ"

"ဒါဆို မင်း ငါတို့အကြောင်း မသိဘူးပေါ့"

"မမိုမို ပေးသွားတဲ့ လိပ်စာကလွဲရင် ဘာမှမသိဘူး"

"အေး ... မသိရင် ပြောပြမယ်"

မိဂျမ်းက အမေတစ်ခု သားတစ်ခု ဘဝနှင့် ရှုန်းကန်ခဲ့ရတာပါ၊ သားကို ဆယ်တန်းအောင်အောင် ကျားကုတ်ကျားခဲ ကြိုးစားခဲ့ရတာပါ။ သားကလေးက ဆယ်တန်းကို ဘာကျူရှင်မှ မထားပဲ ခုလို ဘာသာစုံဂုဏ်ထူးနှင့် အောင်ခဲ့သည်။

မိဂျမ်းဘဝက သားကို ဆေးကျောင်းထားနိုင်သည့် အနေအထားမဟုတ်။

သားဆယ်တန်းအောင်ရင် အလုပ်ကလေးတစ်ခုခု ဝင်လုပ်ပြီး အဝေးသင်ဘွဲ့လေး ယူစေချင်ခဲ့တာ။

မိဂျမ်းဘဝက မုဆိုးမ၊ ရောင်းစားနေရတာက မုန့်ဟင်းခါး။ ရပ်ရည်ကလေးကရှိ၊ အသက်ကလေးက နုပျိုသေးတော့ မိဂျမ်းကို ထိကပါး ရိကပါး လုပ်တတ်သော မဟာပုရိသတွေက အများသား။





ထိုဒဏ်တွေကို ကြံ့ကြံ့ခံ ကာကွယ်ရင်း သားကို လူတစ်လုံး သူတစ်လုံး ဖြစ်စေချင်ခဲ့တာ။

အကျိုးလိုလို့ ညောင်ရေသွန်းချင်ကြသော ပုရိသ တချို့ကလည်း သားကို ကျောင်းထားပေးဖို့ ကမ်းလှမ်းကြသည်။ သို့သော် သားကို သူများလောင်းရိပ်အောက် မပိစေချင်သလို မိမိ ကိုယ်တိုင်လည်း မုန့်ဟင်းခါးသည်ဘဝကိုသာ မြတ်နိုးလိုက်မည်။ သူတစ်ပါး၏ စေတနာမစစ်သော စွန့်ကြဲမှုကို မတပ်မက်။

ထို့ကြောင့် သားကို ဖျောင်းဖျောင်းဖျဖျနှင့် အဝေးသင် ယူနိုင်းဖို့သာ စဉ်းစားထားသည်။

"အဲဒါ အစ်မဆုံးဖြတ်ချက်ပဲ မောင်ထွန်းမြ"

"ဟုတ်ကဲ့ ... အစ်မ ငြင်းတာက အကျိုးလိုလို့ ညောင်ရေသွန်းတဲ့ စေတနာမျိုး မဟုတ်လား။ ကျွန်တော့် ပညာဒါနက စိတ်သန့်ပါတယ် အစ်မ၊ စိတ်သန့်စွာ လက်ခံပါ။ အစ်မ သားလေးက သူ့ ဆရာဝန်ဖြစ်ချင်လို့ ဒီလောက်ကြိုးစား ထားတာလေ၊ အစ်မက မာနနဲ့ လက်မခံတာဆိုရင်လည်း သားအတွက် မာနတစ်ထစ်လျှော့ပြီး လက်ခံပေးပါ"

"မင်းမှာ ဘာရည်ရွယ်ချက်နဲ့ ကမ်းလှမ်းတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အစ်မသားကို ဆရာဝန်ဖြစ်စေချင်တဲ့ ရည်ရွယ်ချက်ပဲရှိတယ်၊ ဘာလို့လဲဆိုတော့ သူ ဖြစ်ချင်လို့ ကြိုးစားခဲ့တယ်။ ဖြစ်ခွင့်ရကာမှ ပိုက်ဆံမရှိလို့ မဖြစ်လိုက်ရဘူးဆိုတဲ့ အဖြစ်အပျက်မျိုး မရှိစေချင်လို့ပဲ အစ်မ။ အစ်မ မယုံသက်ဘဖြစ်မယ်ဆိုလည်း ဖြစ်စရာပေါ့။ အစ်မပြောသလို အစ်မပတ်ဝန်းကျင်မှာက မရိုးသားတဲ့လူတွေပဲ ရှိနေတာကိုး။ ကျွန်တော်ကလည်း ဘလိုင်းကြီး လာကူညီသလို ဖြစ်နေတာကိုး။ ကျွန်တော် တစ်ခုပြောမယ် အစ်မ။ ကျွန်တော်တို့မှာမောင်နှမနှစ်ယောက်ပဲရှိတယ်။ ကျွန်တော့်ညီမလေးက ဆရာဝန်အရမ်းဖြစ်ချင်တာ။ ဒီနှစ် ဆယ်တန်းကို ဂုဏ်ထူးငါးခုနဲ့အောင်တယ်၊ အဲဒီလိုအောင်ဖို့ သူ ဘယ်လောက်ကြိုးစားခဲ့ရတယ်ဆိုတာ ကျွန်တော် အသိဆုံးပဲ ...

ကျွန်တော့်ညီမလေးကိုလည်း ကျွန်တော်ထားပေးမှာပဲ။ သူကြိုးစားတဲ့အတွက် ကျွန်တော် ဝမ်းသာအားရပံ့ပိုးမှာ။ မဂျမ်းရဲ့သားကို ကျွန်တော့်ညီမနဲ့ ယှဉ်တွဲကိုယ်ချင်းစာပေးပြီး ကျွန်တော် ထားပေးတာပဲ"



သူ စကားအရှည်ကြီး ပြောလိုက်ရ၍ အာခြောက်သွားကာ ရေနွေးကြမ်းတစ်ခွက် ငှဲ့သောက်လိုက်ရသည်။ မဂျမ်းက သူစားပြီးသား ပန်းကန်ကို ယူသိမ်းကာ ...

"ကျေးဇူးတင်ပါတယ် မောင်ထွန်းမြရယ်။ အစ်မ စိတ်သန့်သန့်နဲ့ လက်ခံပါ့မယ်။ သားသိရင်လည်း အရမ်းဝမ်းသာမှာပဲ။ မောင်ထွန်းမြကို တကယ်ကျေးဇူးတင်ပါတယ်။ အစ်မ ဆိုင်သိမ်းပြီးတာနဲ့ သားကို ဒီကိစ္စပြောပြရမယ်"

မျှော်လင့်ချက်လို့ အမည်တပ်လို့ရတဲ့ မဂျမ်းမျက်ဝန်းတွေထဲမှာ သားကို ဆရာဝန်ဂျူတီကုတ်နဲ့ မြင်ယောင်ရင်း။

✧ ♥ ✧

www.burmeseclassic.com

www.burmeseclassic.com



"မိဂျမ်း ... ဒါဆို နင့်သားကို ဆေးကျောင်းတက်နိုင်းတော့မှာပေါ့"

"အေး ... လောလောဆယ် မောင်ထွန်းမြက သားအတွက် ဘဏ်စာရင်း ဖွင့်ပေးတယ်၊ သားအတွက် ဆိုပေမယ့် ငါ့နာမည်နဲ့ပေါ့ဟယ်၊ ကလေးနာမည်နဲ့ဆိုရင် ထုတ်ချင်သလို ထုတ်ပစ်မှာစိုးလို့တဲ့"

"အင်း ... ကောင်းသားပဲ"

"အေး ... ငါ့သားလေးလည်း ဆရာဝန်ဖြစ်ဖို့ ကံကလေး ပါရှာသားဟဲ့။ မောင်ထွန်းမြ ရှိးသားပါစေလို့ ဆုတောင်းရင်း ငါ မျက်စိစုံမှိတ်လိုက်တာပဲ မိုမိုရေ"

"ရိုးသားပါတယ်၊ နင် ပြောသလိုဆို သူ့ညီမလေးနဲ့ ကိုယ်ချင်းစာပြီး ထားပေးတာပဲကို"





"ဟုတ်တယ်၊ သားကလည်း သူ့ကိုကျေးဇူးတင်လို့"

"နင်က သိပ်ခေါင်းမာတာပဲ။ နင့်ယောကျ်ားဘက်က အမျိုးတွေက ဒီလောက်ချမ်းသာတာ။ နင်သွားတွေ့ရင် နင့်သားအတွက် ကျောင်းစရိတ်တော့ ရမှာပဲ"

"မသဒ္ဓါလို့ စွန့်ပစ်ထားတာကို ငါက မျက်ရည်ခံသွားတိုး ရမှာလား မိုမို၊ သူစိမ်းဆီမှာ မျက်နှာငယ်ခံလိုက်မယ်၊ သူ တို့ဆီမှာ ဘယ်တော့မှ ဒူးမထောက်ဘူး"

"နင့်မာနကို ငါ သိတယ်၊ ဒါပေမဲ့ နင့်သားအတွက် ကြည့်ဦးလေ"

"ငါ့သားက ငါ့လက်ထဲမှာ လှပတဲ့ ပန်းကလေးဖြစ်နေပြီ လေ။ ငါ့သားအတွက် ငါ ဘယ်တော့မှ သူတို့ဆီမှာလက် မဖြန့်ဘူး"

"အေးပါ၊ ဘာပဲဖြစ်ဖြစ် ခုလည်း အဆင်ပြေနေပြီပဲ။ နင် ကတော့ ဆရာဝန်မေမေကြီး ဖြစ်တော့မယ်"

"အေး ... ငါ့သား ဆရာဝန်ဖြစ်ရင်တော့ ငါလည်း မုန့် ဟင်းခါးသည်ဘဝက ကျွတ်ပြီပေါ့ဟယ် ... ဟား ဟား"

ထိုစဉ်မှာပဲ ကွန်ပျူတာသင်တန်းမှ ပြန်လာသော သားက ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေကျွတ်နေတာလဲ မာမီ"

သားက တစ်ခါတစ်ရံ မာမီလို့ ခေါ်တတ်တယ်။ အဆင့်အတန်းမြင့်မြင့် နေချင်တဲ့သားက ဘဝနာရလို့ အောက်သက်တော့ ကျေရှာပါတယ်။

"သြော် ... သား ဆရာဝန်ဖြစ်ရင် မေမေ မုန့်ဟင်းခါးသည်ဘဝက ကျွတ်ပြီလို့ ပြောတာပါ"

"ကျွတ်ရမှာပေါ့ မေမေရဲ့၊ သားက မေမေ့ကို လုပ်ကျွေးမှာပါ"

"ဘာလဲ သား၊ အချိန်တန်ရင် အလိမ္မာအိမ်ပါချွေးမခေါ်လာပြီး မြေးထိန်းခိုင်းမှာလား"

မိုမို ဝင်ဖောက်တော့ သားက သူမကိုဖက်ကာ ...

"မေမေ့ကို သားက အိမ်ဦးခန်းမှာပဲ ထားမှာပါဗျ၊ အန်တီမိုကြီးရ"

"စောင့်ကြည့်ရသေးတာပေါ့ ကိုချမ်းမြကောင်းလေးရေ"

"ကဲ ... သား၊ မေမေ့ကို ကြက်သွန်ဖြူ ခွာပေးဦး"

"ဟုတ်ကဲ့ မေမေ"





မေမေက ငါးအရိုးနွှင်ကာ ငါးအရိုးတွေကိုထောင်းပြီး ရေစစ်ယူနေသည်။ ပြီးတော့ ပဲပြုတ်ပါသည်။ အခုခေတ် ရန်ကုန်မုန့်ဟင်းခါးတွေက ကုလားပဲ မပါသလောက်ဖြစ်နေပေမယ့် မေမေကတော့ ဘာမှမခိုပဲ အရသာအပြည့် ထည့်ပေးတာမို့ မေမေ့မုန့်ဟင်းခါးက နာမည်တော့ရသည်။

"မေမေ ကြက်သွန်ဖြူခွာပြီးရင် ဘာလုပ်ရမလဲ၊ ပြီးတော့မယ်"

"ရတယ် သား၊ ကြက်သွန်နီလှမ်းထားတာလေး ရုပ်ရုံပဲ၊ သား သင်တန်းက စာကျက်စရာရှိရင် ကျက်လေ"

"သင်တန်းက ကျက်စရာသိပ်မရှိဘူး မေမေ၊ သူတို့သင်တန်းက လက်တွေ့သင်တန်းလေ၊ ခေါင်းထဲမှာ မှတ်ထားရုံပဲ ရပြီ"

"အေး ... ဒါဆိုလည်း ကြက်သွန်နီရုပ်လိုက် သားရေ"

"စပါးလင်လည်း မခွာရသေးဘူးမို့လား မေမေ၊ သား ခွာထားလိုက်မယ်"

"အေး ... အေး"



www.burmeseclassic.com

www.burmeseclassic.com



မုန့်ဟင်းခါးက အလုပ်တော့ နည်းနည်းရှုပ်ပါသည်။ သားအမိနှစ်ယောက် ဇယ်ဆက်သလို ဆက်တိုက် မနားတမ်းလုပ်ပြီးမှ မနက်ချက်ဖို့ အဆင်သင့်သည်။

"ကဲ ... သားရေချိုးတော့။ မေမေက ဟင်းနွှေးထားလိုက်မယ်။ ပြီးရင် သားအမိနှစ်ယောက် ထမင်းစားမယ်"

"ဟုတ်ကဲ့"

/သား အခု ဆယ်တန်းစာမေးပွဲပြီးမှ ခုလိုကူနိုင်တာပါ။ ဘာပဲဖြစ်ဖြစ် သူတို့သားအမိကတော့ ဘဝကို မုန့်ဟင်းခါးနှင့် တည်ဆောက်နေတာမို့ ...

တစ်ခါတလေတော့လည်း ပုထုဇဉ်ပီပီ သွားလေသူ သားဖခင်ကို သတိရတာပေါ့။

✧ ♥ ✧





ထွန်းမြ တစ်ယောက် မဂျမ်းတို့ သားအမိအတွက် အလုပ်ရှုပ်ရင်း ပျောက်ပျောက်သွားတာကို အတွေ့နေသော မိုးခါးက အရင်သတိထားမိလာသည်။

ခုလည်း ...

"ငါ နေ့လယ် အပြင်ခဏသွားဦးမယ်"

"မဟုတ်သေးဘူး။ မင်း ခုတလော/အပြင်တွေ ဒိုးလှချည်လား ထွန်းမြ။ တစ်ခုခုကို လှုပ်ရှားနေတာမှန်း သိတယ်နော်။ လျှို့ဝှက်တွေတော့ လာမလုပ်နဲ့"

"ဟော ... ထွန်းမြက ဒီလိုလား။ သယ်ရင်း ငါ သတင်းတွေ အောက်နေပြီလား"

မင်ရင်းကပါ ဝင်လာတော့ ထွန်းမြ ခေါင်းကုတ်သည်။

"ငါက ရိုးရိုးသားသားပါ"

"ဘယ်သူက မရိုးသားဘူးလို့ စွပ်စွဲနေလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ပင်ရင်းက မျက်လုံးပြူးကြည့်ပြီး ...

"မင်း အိုးမလုံ အုံပွင့်နေတာ ထွန်းမြ၊ မင်းရိုးသားတာကြီး ကို ဆက်လျှိုထားဦးမှာလား"

"ဒီလိုပါကွာ"

ထွန်းမြက မဂျမ်းတို့သားအမိပေါ် ပညာဒါနပြုသော ကိစ္စကို ပြောပြလိုက်သည်။

"အံ့ဒီကိစ္စ မင်း ဘာလို့ ငါတို့ကို မပြောတာလဲ။ မင်း ပြောရင် ငါတို့ပါ ပါမှာပေါ့ကွ။ ဆိုင်က ရှယ်ယာထဲက အတူလှူမှာပေါ့"

"အေးလေ၊ ခွဲခြား ခွဲခြားနဲ့"

"ထားပါ၊ အခု မင်း သူတို့ဆီသွားမှာမို့လား၊ ပင်ရင်း ... မင်း လိုက်သွားပေးလိုက်၊ ငါက မေဆီဆေးဆီ ဖုန်းဆက်စရာရှိလို့"

"အေးပါ"

ထွန်းမြကတော့ လိုက်ပါလည်း မပျူငှာပါ။ သူ ခေါ်လို့ ပင်ရင်းကလိုက်တာ။ မဟုတ်လို့ကတော့ ဒီလိုပျင်းစရာ အစီအစဉ်ထဲ ဝင်မပါ။ ထွန်းမြ ဆိုသော သကောင့်သားဟာ သူ

တကယ်ရိုးသားလို့ကတော့ အားပါးတရကို ချောဆွဲမှာပါ။ ခုတော့ လိုက်မှာကို ကြောက်နေပုံကြီးက အသိသာကြီး။

ပင်ရင်းကိုခေါ်ပြီး မဂျမ်းရဲ့ မုန့်ဟင်းခါးဆိုင်လေး ဆီ ရောက်သွားကြသည်။ မဂျမ်းလက်ရာ မုန့်ဟင်းခါးကို ပင်ရင်း အားသည်း တော်တော်ကြိုက်သွားကာ မိုးခါးအတွက်ပါ ပါဆယ် ဆွဲလိုက်ေးသည်။

အားပါးတရ စားသောက်ပြီး ပါဆယ်တွေပါထုပ် ပြီးမှ မဂျမ်းက ပိုက်ဆံမယူသဖြင့် ဒုက္ခရောက်ရသေးသည်။

"ကိုယ့်ကျေးဇူးရှင်ပဲ ဒီလောက်တော့ အစ်မ ညှော်ခံပါရစေ မောင်ထွန်းမြရယ်"

ထွန်းမြက ကောင်းချမ်းမြ အတွက် ဝယ်ထားသော စာအုပ်တွေပေးပြီး ပြန်လာကြသည်။

ဆိုင်ပြန်ရောက်တာနှင့် မိုးခါးက ...

"ဘယ်လိုလဲ ပင်ရင်း"

"သူထောက်ပံ့နေတဲ့ မုဆိုးမက တော်တော်ချောတာကွ၊ ကလေးအမေသာဆိုတာ ငါတို့နဲ့ မတိမ်းမယိမ်းလား ထင် ရတယ်၊ လုံးကြီးပေါက်လှကွ"

www.burmeseclassic.com

www.burmeseclassic.com



"မောင်ထွဋ်မြကလေး တကယ်ကို ရိုးသားပါရဲ့လား"

"ရိုးသားပါတယ်ဆိုကွာ"

"အေးကွာ၊ မရိုးသားရင်တော့ ငါတို့ တားရမယ် သယ်ရင်း မင်းကို မုဆိုးမနဲ့တော့ သဘောမတူဘူးကွာ၊ ပြီးတော့ အဲဒီမုဆိုးမမှာ မင်းနဲ့သိပ်မကွာတဲ့ သားတစ်ယောက်ရှိနေတယ်"

"မဟုတ်ပါဘူးဆိုကွာ။ မင်းတို့ကလည်း"

"အေးပါကွာ။ မင်းလည်း ဒီလောက်မိုက်မှာ မဟုတ်ပါဘူး ကဲပါ မင်းက ပညာဒါနပြုတယ်ဆိုတော့ ငါတို့ပါ ဝင်ဝိုင်းလိုက်မယ်ကွာ။ ဘယ်လိုလဲ မိုးခါး"

"လုပ်ပေါ့၊ မင်းတို့ပါတော့လည်း ကောင်းတာပေါ့ကွာ ပန်းကောင်းတစ်ပွင့်ကို ရွှေတာလပ်ပေါ် ဝိုင်းတင်ကြတာပေါ့"

သူတို့သုံးယောက် လက်ဖဝါးချင်း ရိုက်လိုက်ကြသည်။

"ဪ ... မိုးခါး၊ မင်း ဖုန်းဆက်တာ ဘယ်လိုလဲ Good လား"





"အေး ... ဒီတစ်ပတ်ဆန်းဒေး ကော်ဖီအဖော်သောက်ခွင့်တော့ ရပြီကွ"

"ရမှာပဲကွာ၊ မဟုတ်ရင် သူ့အဘိုးက ငါ့ကို ဝင်ဝင်မ,နေတာ"

"ဟား ဟား ... မထူးပါဘူး ပင်ရင်းရာ၊ အဘိုးကြီးကိုသာ ယူလိုက်ပါတော့"

"မင်း ယူပါလား"

"ဟား ဟား ဟား"

✧ ♥ ✧



www.burmeseclassic.com

www.burmeseclassic.com



လှပသောတနင်္ဂနွေ ...

signature ရဲ့ နေ့လယ်ခင်းကလည်း အေးချမ်းလှပနေတာပဲလေ။

ဒါပေမဲ့ အဲဒီအေးချမ်းလှပမှုက ဆီဆေးအလှကိုတော့ မမီနိုင်ပါ။ ခရမ်းရောင်တောက်တောက် အခံမှာ ခရမ်းဖျော့အပွင့်ကြီးတွေပါသော ဝတ်စုံကို ရွှေရောင်စီးကွင်းတွေဖြင့် အနားသတ်ထားသဖြင့် တော်တော်လှပပါသည်။

"လှလိုက်တာ မေဆီဆေးရယ်"

"ဒါပေမဲ့ ကော်ဖီက ရှင်ပဲတိုက်ရမှာပေါ့"

"အင်းပါ၊ ကိုယ်ပဲတိုက်မှာပါ"

မိုးခါးက ညှို့ရီသော အကြည့်တွေနှင့် သူမကို စိုက်ကြည့်နေလိုက်သည်။ သူမက ရင်ဆိုင်မကြည့်ဘဲ မျက်လွှာချကာ ကော်ဖီခွက်ကို မွှေနေသည်။





လက်သည်းတွေကို လေးထောင့်စပ်စပ် ပုံဖော်ညှပ်ထားပြီး ခရမ်းရောင် ကနုတ်ခက်လေး ဖော်ထားတာကလည်း သူမ လက်ချောင်းဝါဝါဝင်းဝင်းလေးနှင့် လိုက်ဖက်ပြန်တာပါပဲ။

ရွှေရောင်နှုတ်ခမ်းကလည်း လေးကိုင်းသဏ္ဍာန်ကွေးညွတ်ကော့ကော့နှင့် သူ့ကို ဖမ်းစားနေသလိုပဲ။

ကြည့်လေလေ ပိုချစ်လေပဲ။

"ဘာလို့ အဲလောက်ကြည့်နေတာလဲ"

"လှလို့ပေါ့"

"လှတိုင်း ကြည့်တယ်ပေါ့"

"လှရင်တော့ ကြည့်မှာ ပေါ့တာပဲပေါ့၊ ဒါပေမဲ့ အကြည့်မှာ နက်ရှိုင်းမှုပမာဏတော့ ကွာလိမ့်မယ်၊ ဥပမာ ကိုယ်နဲ့ မဆိုင်တဲ့သူရဲ့ အလှကိုကြည့်တာက သာမန်ကာလျှံကာ ကြည့်တာမျိုး၊ ဘယ်လိုပြောရမလဲ ရင်ဘတ်မပါတဲ့အကြည့်ပေါ့။ ကိုယ်နဲ့ဆိုင်တဲ့သူကို ကြည့်တာကျတော့ ရင်ဘတ်နဲ့ ကြည့်တာပေါ့"

"ရှင်က သာလီကာပဲ"

"စကားဆိုတာလည်း ရင်ထဲက တကယ်လာမှ ပြောလို့ရတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"လျှာဖျားက လာတဲ့ စကားတွေလည်း တစ်ပုံကြီးပါ နော်"

"မေဆီဆေးနဲ့ ပတ်သက်ရင်တော့ ကိုယ့်ဘဝမှာ အပေါ်ယံ ဆိုတာ မရှိဘူး။ ဖြစ်နိုင်ရင် ပါးပါးလေးပဲ ခံစားလိုက်ချင် တာ။ ဒါပေမဲ့ မရဘူး၊ စားလည်းဒီစိတ် သွားလည်းဒီစိတ် ဖြစ်နေတယ်၊ ဘာလုပ်လုပ် မြင်ယောင်နေတယ်၊ ညအိပ် ရာဝင်လည်း မေဆီဆေးက အိပ်မပျော်အောင် နှောင့်ယှက် တယ်။ အဲဒီအတွက် ကိုယ့်အပေါ် ဘယ်လိုတာဝန်ယူပေး မှာလဲ"

"ဘာလဲ၊ ရည်းစားစကား ပြောနေတာလား"

"ကိုယ့်ရဲ့လေးနက်မှုကို ရည်းစားစကားလို့ ခပ်ပေါ့ပေါ့ မပြောလိုက်ပါနဲ့လား။ ကိုယ် တောင်းဆိုနေတာ တစ်သက် တာ လက်တွဲခွင့်ပါ"

"ဘာလို့ လက်တွဲချင်တာလဲ"

သူမ သက်ပြင်းခပ်နက်နက် ရှိုက်လိုက်သည်။

"ချစ်တာက ချစ်လို့ရတယ်။ လက်တွဲတာက တွဲချင်တိုင်း တွဲလို့မရဘူး။ နှလုံးသားထဲက အချစ်ကို လွတ်လပ်စွာ





ချစ်လို့ရတယ်။ နှလုံးသားမှာ ဗတ်ဝန်းကျင်ဆိုတဲ့ ပေတံ မရှိဘူး၊ အရည်အချင်း၊ သတ်မှတ်ချက်စကေးတွေ မလိုဘူး၊ ဝဏ်ပကာသန တံတိုင်းတွေ မကာဆီးထားဘူး၊ အဲဒါ ကြောင့် ချစ်တာက လွတ်လပ်စွာ ချစ်လို့ရတယ်"

"လူတစ်ယောက်နဲ့လူတစ်ယောက် လက်တွဲဖို့က အဲလောက် မလွယ်ဘူး။ ခုန သတ်မှတ်ချက်တွေ ပြည့်စုံမှ လက်တွဲဖို့ အဆင်ပြေမှာ"

"မေဆီဆေး ဘာကိုဆိုလိုတာလဲ"

"ရှင့်ကို ကျွန်မ ချစ်နိုင်ရင်တောင် လက်တွဲနိုင်မှာမဟုတ် ဘူး။ ဘာလို့လဲဆိုတော့ ကျွန်မက တခြားတစ်ယောက်နဲ့ စေ့စပ်ပြီးသားမို့ပဲ။ စေ့စပ်ပြီးသားနဲ့ ဘာလို့မချစ်နိုင်ရတာ လဲဆိုတော့ ကျွန်မနဲ့ စေ့စပ်ထားတဲ့သူကို ကျွန်မ လုံးဝ ခံစားလို့မရဘူး။ လူကြီးတွေ သဘောကျ မလွန်ဆန်နိုင်လို့ ခေါင်းညိတ်ထားရတယ်"

"ဒါဆို ကိုယ်လက်ကမ်းပါတယ်။ ကိုယ့်အချစ်ကို လက်ခံ ပေးပါ၊ ပြီးတော့ ကိုယ်တို့နှစ်ယောက် အတူလက်တွဲပြေး ရှင်းကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် ကျွန်မရဲ့ဂုဏ်သိက္ခာက စုတ်ပြတ်သွားမှာပေါ့၊ ပြီးတော့ အသက်ခုနစ်ဆယ်ကျော်နေပြီဖြစ်တဲ့ ကျွန်မအဘိုးရဲ့စိတ်ချမ်းသာမှုကို ကျွန်မနှလုံးသားနဲ့ မလဲရက်ဘူး"

"ဒါဆို မေဆီဆေး ကိုယ့်ကိုမချစ်ဘူးပေါ့"

"ကျွန်မဘဝက အချစ်ကို ခံစားခွင့် မရှိတော့ဘူးလေ၊ ကျွန်မက ကိုယ့်ကိုယ်ကိုယ် စရန်သတ်ခံထားရတဲ့ အရုပ်တစ်ရုပ်လို ခံစားရတယ်"

"စရန်သတ်ပြီး ပျက်သွားတတ်တဲ့ အရောင်းအဝယ်တွေ အများကြီး ရှိတာပဲ၊ အကြောင်းအမျိုးမျိုးရဲ့အတားအဆီးကြောင့် ပျက်စီးသွားတဲ့ သေချာခြင်းတွေ အများကြီးရှိပါသေးတယ် ဆီဆေးရယ်"

"ပျက်စီးသွားမှ ပြောင်းလဲနိုင်မယ့် အခြေအနေဟာ မသေချာပါဘူး ကိုမိုးခါးရယ်။ မစောင့်နိုင်းရက်ဘူး"

"ချစ်နေရင်းနဲ့ စောင့်ပါရစေ မေဆီဆေးရယ်။ ဘယ်လိုမှ မပျက်စီးခဲ့ရင် မေဆီဆေး သူ့ကိုလက်ထပ်ပါ။ ဒီကြားထဲမှာ ကိုယ်နဲ့ ချစ်သူဖြစ်ခွင့်ပေးပါလား"





"အဲဒါ မိန်းမကောင်းအလုပ်မှ မဟုတ်တာ ကိုမိုးခါးရယ်။ သူ့ကို ဆီဆေး လက်ထပ်ရမယ်ဆိုရင်လည်း ဆီဆေး စိတ်အသန့်ဆုံး လက်ထပ်ပါရစေ။ သူနဲ့လွဲခဲ့ရင်လည်း ကိုမိုးခါး လက်ခံရင် ကိုမိုးခါးဆီ အသန့်စင်ဆုံးနှလုံးသားနဲ့လှမ်းပါရစေ၊ ဒါပေမဲ့ ဆီဆေးကို မစောင့်ပါနဲ့ ကိုမိုးခါးရယ်"

ကော်ဖီခွက်ကိုင်ထားတဲ့ ခရမ်းရောင် ကနုတ်ခက်လေးတွေ တဆတ်ဆတ် တုန်နေသည်။ ကြည်လင်ရွှန်းတင့်တဲ့ မျက်ဝန်းရိပ်တွေမှာလည်း ကြေကွဲရိပ်ဆင်သည်။ အသည်းသည် မချစ်ရသေးခင် ကွဲနှင့်၏။

✧♥✧



www.burmeseclassic.com

www.burmeseclassic.com



"မင်းပြောသလို့ဆို မေဆီဆေးက မိန်းမမြတ်ကလေးပဲ"

"သူ ငါ့ကို ချစ်တယ်ကွာ"

"အေးကွာ၊ ဇာတ်လမ်းကို ဘယ်လိုဆက်ရှင်းရမှန်းတောင် မသိတော့ဘူး၊ သူကလည်း ပင်ရင်းကို မတတ်သာလို့ နေ စပ်လိုက်ရတာ။ သူ့အဘိုး ဩဇာညောင်းပုံရတယ်ကွ"

"မင်းနဲ့ ဆီဆေး ညှိလိုက်ရင်ရော ပင်ရင်း"

"ငါက ယောက်ျားလေးကွ၊ စပြောဖို့က အဆင်မပြေဘူး"

"မင်းတို့ကိစ္စကလည်း ပြဿနာပဲကွာ"

ထွန်းမြက ခပ်တိုးတိုးညည်းရင်း ပြောသည်။

"ဘဝမှာ အချစ်နဲ့ဘဝနဲ့ ဘာလို့ထပ်တူမညီကြပါလိမ့်ကွာ။ တစ်ခါတလေကျရင် အချစ်ဆိုတာ သတ်မှတ်ချက်တွေ အောက်မှာ ရှန်းမထွက်နိုင်ဘူး"



ထွန်းမြကိုကြည့်ပြီး မိုးခါးနဲ့ ပင်ရင်းတို့ နားခွက်က စီးတောက်သွားသည်။

"ထွန်းမြ ... မင်း မဂျမ်းကို ချစ်နေတယ်မို့လား"

"မဟုတ်ပါဘူး၊ ငါက မင်းတို့ကိစ္စကို ပြောတာပါ"

"ငါတို့ကိစ္စက ဒုံရင်း ဒုံရင်းပဲလေ။ မင်းတို့ကိစ္စကသာ မလွယ်တာလေ။ ထွန်းမြ ... မင်းနဲ့ မဂျမ်းကတော့ လုံးဝ မလိုက်ဖက်ဘူး သူငယ်ချင်း"

"ငါ သိပါတယ်ကွာ"

"တော်ပြီ ထွန်းမြ။ နောက်ကို မဂျမ်းတို့ဆီ သွားစရာရှိရင် ငါတို့နှစ်ကောင်ပဲ သွားတော့မယ်။ မင်း မလိုက်ရဘူး"

"မင်းတို့ အဲသလိုလုပ်မှ ပိုဆိုးတာ။ ငါ့ရင်ထဲမှာ ကြိတ်မှိတ် မျိုသိပ်ထားတဲ့ပိုးကို ဘာလို့လာဆွနေကြတာလဲကွာ"

"ဘာ ... ထွန်းမြ၊ မင်း ... တကယ်"

"အေး ... ဟုတ်တယ်၊ ငါ မဂျမ်းကို သနားတာကစပြီး ချစ်တာပဲ"

"ဒါဆို မင်း ချစ်လို့ထောက်ခံတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"တစ်သိတ်တစ်ခေသာတော့ပါတယ်၊ ဒါပေမဲ့ ငါ့အမိက ရည်ရွယ်ချက်က ကောင်းချမ်းမြကို သူဖြစ်ချင်တဲ့ ဆရာဝန် ဖြစ်အောင်လို့ပါ"

"အေးပါ ... ငါတို့ ယုံပါတယ်၊ ဒါပေမဲ့ မင်းနဲ့ မဂ္ဂျမ်းဟာ အသက်က ဆယ်နှစ်လောက် ကွာနေတယ်၊ ပိုဆိုးတာက သူက ကလေးအမေ မုဆိုးမ၊ ဘယ်လိုမှ မဖြစ်သင့်ဘူး သူငယ်ချင်း"

"ငါ သိပါတယ်၊ ငါ့ရဲ့ ပထမဆုံး အချစ်က အဲလိုဖြစ်နေတဲ့ အတွက် ငါ ကံမကောင်းဘူးပေါ့ကွာ။ ဒါပေမဲ့ ငါ မဂ္ဂျမ်းကို လက်ထပ်ယူရဲတဲ့အထိ သတ္တိမရှိဘူး။ ပြီးတော့ အရမ်းလည်း ချစ်နေတယ်။ အဲဒီ အားပြိုင်မှုကို ငါ ကြိတ်ပြီးခံစားနေရတာ သူနဲ့စတွေ့ကတည်းကပဲ"

"သူငယ်ချင်းရာ"

"ထွဋ်မြရာ ... မင်းလည်း ဝဋ်တစ်မျိုးပဲ"

"ဟုတ်တယ်၊ ငါတို့သုံးကောင် တစ်ယောက်မှကို အဆင်မပြေသေးဘူး။ မင်းတို့နှစ်ယောက် ပြဿနာက ဖြေရှင်းရလွယ်ပါသေးတယ်ကွာ။ မိုးခါးက မေဆီဆေးကို သိပ်ချစ်





နေရင် ကားသာတင်ပြေးလိုက်။ အဲဒါဆို မင်းတို့ပြဿနာက ရှင်းရော။ ပြီးမှ ပင်ရင်းလည်း မေရေဆေးကိစ္စ ကြိုးစားကြည့်ပေါ့။ ငါ့မှာသာ မရှုနိုင် မကယ်နိုင်ကွ"

"Right ... မင်းပြောတာ နှစ်တယ် ထွဋ်မြ၊ ငါဆီဆေးကို ပြောမရရင် ခိုးပြေးမှာ"

"အေး ... အဲဒါကောင်းတယ်"

လောကကြီးက ရယ်စရာတော့ အကောင်းသားပင်။ ပင်ရင်းမှာ ကိုယ်နဲ့စေ့စပ်ထားတဲ့ ဇနီးလောင်းကို သူများက ကားတင်ပြေးမှာကို အားပါးတရ ထောက်ခံမိတဲ့အဖြစ်။

သူတို့သူငယ်ချင်းတွေကြားက အိမ်ထောင်ရေးနဲ့ ချစ်ခြင်းမေတ္တာဟာ ဒီလောက် ကသောင်းကနင်း နိုင်လိမ့်မယ်လို့ သူတို့ ဘယ်တုန်းကမှ တွေးမိခဲ့တာမဟုတ်။

ထွဋ်မြကလည်း မရှုမရှိက်သာသော အချစ်နဲ့ကြုံရ၏။ သူတို့နှစ်ယောက်ကရော လွဲနေတဲ့ နှလုံးသားနှင့် ကြုံရသည်။

တစ်ခါတစ်ရံ ကံတရားရဲ့ နေရာချထားချက်တွေက ကြောက်ခမန်းလိလိပင်။



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ငါရှောင်မယ်ကွာ၊ နောက်တစ်ခါ မဂျမ်းဆီ သွားစရာရှိရင် မင်းတို့ပဲ သွားတော့"

"မင်း မှန်တယ် သူငယ်ချင်း၊ ပြီးတော့ မင်း ပိုပြီးဖြေသာသွားအောင် ရည်းစားတစ်ယောက် ထားကြည့်ပါလား"

"တစ်ပူပေါ် နှစ်ပူမဆင့်ပါရစေနဲ့ကွာ"

ဘာလဲ ... အချစ်ဆိုတာ ? ။

✧ ♥ ✧





ညကိုးနာရီဆိုတာ သူမ မအိပ်လောက်သေးပါဘူးနော်။ မိုးခါး သူမကို သိပ်သတိရလာသဖြင့် သူမဖုန်းကို လှမ်းခေါ်မိသည်။

စက်ပိတ်ထား၍ ခေါ်မရ။

တစ်ခါ ...

နှစ်ခါ ...

သုံးခါ ...

ဖုန်းခေါ်ရင်း ကိုးနာရီခွဲပြီ။

အိမ်ဖုန်းကို အရဲစွန့်ခေါ်မိသည်။

"ဟဲလို"

တည်ငြိမ်သော ဖုန်းထူးသံသည် ဆီဆေးအသံတော့မဟုတ်။ ဆီဆေးကအမြဲမြူးဖျူရွှင်သွက်သော အသံမျိုးလေ။

"ဟဲလို"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ကျွန်တော် မေဆီဆေးနဲ့ ပြောချင်လို့ပါ"

"ဩော် ... ကိုပင်ရင်းလား"

"ဗျာ ... မဟုတ်ပါဘူး ခင်ဗျာ၊ သူ့သူငယ်ချင်းပါ"

"ခဏနော် ... အလတ်ရေ ... နင့်ဖုန်း"

ခဏနေတော့ မေဆီဆေး အသံ မြူးဖျဖျကို ကြားရသည်။

"ဟဲလို ... မေဆီဆေးပါ"

"ဆီဆေး ... ကိုယ်ပါ"

"ဩော် ... ဘာလို့ ဆီဆေးဖုန်းကို မဆက်၊ ဩော် ... ဖုန်းက Chargen သွင်းထားမိတာကိုး။ ဆီဆေးဖုန်းကို ပြန်ခေါ်လိုက်လေ"

"အိုခေ"

သူမဖုန်းကို ပြောင်းခေါ်ရသေးသည်။

"ဟဲလို ... ပြောပါ ကိုမိုးခါး"

"ဆီဆေးကို သတိရလို့ ဆက်လိုက်တာ။ မနက်ဖြန် ဆီဆေး ဘယ်သွားမှာလဲ"

"ထုံးစံအတိုင်းပေါ့၊ ဖြူတီပါလာ သွားမယ်၊ ပြီးရင် ရွှေပင်ပေါ့"





"ကိုယ်လိုက်ခဲ့ရမလား"

"ဆီဆေးက တစ်နေကုန် သွားမှာ ကိုမိုးခါးရဲ့"

"သွားလေ၊ ကိုယ် စိတ်ရှည်တတ်ပါတယ်"

"ဟာဟ ... ဟုတ်ပါပြီ၊ အင်း ... ဒါပေမဲ့ စေ့စပ်ပြီးသား မိန်းမတစ်ယောက်က တခြားသူစိမ်းယောက်ျားတစ်ယောက်နဲ့ တွဲသွားတွဲလာ လုပ်သင့်ရဲ့လား ကိုမိုးခါး"

"သူငယ်ချင်းအနေနဲ့ သွားတာပဲ ဆီဆေးရဲ့။ အာပတ်လွတ်ပါတယ်"

"အင်း ... ဟုတ်တယ်၊ ကိုမိုးခါးနဲ့ ဆီဆေးက သူငယ်ချင်းတွေပဲ၊ ဘာဖြစ်လဲ ... နော်၊ ဒါဆိုရင် မနက်ဖြန်မနက်ကို ကိုမိုးခါး ဆရာစံလမ်းက ကိုကိုညီညီကို လာခဲ့လေ၊ အဲဒီမှာ ဆီဆေး ဆံပင်ပေါင်းတင်မလို့"

"အိုခေ ... လာခဲ့မယ်၊ အတော်ပဲ မနက်စာကို မောနင်းစတားမှာ ဝင်ဖြည့်ရမယ်၊ ဩော် ... ကြာချင်သလောက်ကြာနော်၊ ကိုယ်လည်း အဲဒီမှာ ဆံပင်ညှပ်ဦးမယ်"

"အင်းပါ ... ကိုမိုးခါးက ထူးဆန်းတယ်နော်။ တချို့ယောက်ျားတွေကလေ ဖြူတီပါလာ လိုက်စောင့်ပေးရတာ



www.burmeseclassic.com

www.burmeseclassic.com



လောက် စိတ်မရှည်တာ မရှိဘူး၊ ရှောပင်ထွက်ရင် လိုက်ပေးရမှာကြောက်လို့ စီဓာအမျိုးမျိုး ကြောင်တတ်သေးတာ။ ကိုမိုးခါးကတော့ လိုက်မယ်ဆိုတာကြီးပဲ၊ အဟင်း ... တော်တော်စိတ်ရှည်တတ်တာပဲ"

"ပြော် ... ဒါက ဒီလိုရှိတယ်လေ။ လိုက်စောင့်ပေးရမှာက သူစိမ်းမှ မဟုတ်တာ။ လိုက်စောင့်ပေးချင်စရာလေးဆိုတော့လည်း"

"ကိုမိုးခါးနော် ... ဆင်ဆာဖြတ်လိုက်ရမလား"

"ဗျာ ... ဘယ်နေရာကို ဖြတ်မှာလဲ၊ သက်သက်ညှာညှာတော့ ချမ်းသာပေးပါကွာ"

"အာ ... ဘာတွေ လျှောက်ပြောနေတာလဲ၊ တော်ပြီ ... ဖုန်းချလိုက်တော့မယ်၊ ဒါပဲ"

"နေပါဦး ... ကဲ ... ကိုယ်မနက် ကိုကိုညီညီကို လာခဲ့မယ်နော်၊ ဟုတ်ပြီလား"

"အင်း ... ဒါပဲ"

"နေဦး"

"ဘာလဲ"





"ကိုယ် ဆိုဆေးကို ချစ်တယ်၊ ဒါပဲနော်၊ Good Night ၊ အိပ်မက်လှလှ မက်ပါစေနော်"

"သွား"

ခုမှ ဖုန်းကို တကယ်ချသွားတာ။ အဟိ။

✧ ♥ ✧



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... အစ်ကိုကြီးတို့လာတယ်"

"အေး ... ကောင်းချမ်းမြ၊ မင်း ကျောင်းတက်ရ[illegible] အဆင်ပြေရဲ့လား"

"ဟုတ် ... ပြေပါတယ်"

"အေး ... ကဲ ... ရော့၊ ဒီမှာ မင်းအတွက် အဝတ်အ[illegible] တချို့ရယ်၊ မင်းလိုမယ်ထင်တဲ့ စာအုပ်တွေရယ်"

"အဝတ်အစားကတော့ မလိုပါဘူး အစ်ကိုကြီးမိုးခါး[illegible]"

"လိုတာပေါ့၊ မင်း ကျောင်းသွားရင် ဒါဝတ်တွေချည်[illegible] ဖြစ်နေတာ။ ဝတ်စရာ စားစရာ နည်းနည်းတော့ အ[illegible] အလှယ် ရှိဦးမှပေါ့။ မဂျမ်းရော ဆိုင်မသိမ်းလာသေ[illegible] လား"

"ဟုတ်ကဲ့၊ ဒီနေ့ မေမေ နောက်ကျတယ်၊ ရောင်းမကော[illegible] ဘူးလား မသိပါဘူး၊ သြော် ... ဒါနဲ့ အစ်ကိုထွန်းမြဲ[illegible]



မလာတာ ကြာပြီနော်၊ နေမှကောင်းရဲ့လား၊ ဒါမှမဟုတ် အလုပ်များ သိပ်ရှုပ်နေလို့လား"

"သြော် ... အေး၊ သူ အလုပ်ရှုပ်နေလို့ကွ။ လာတော့လာမှာပါ"

"ဟုတ်ကဲ့"

"ဘာမှ မစဉ်းစားနဲ့၊ မင်း စာတွေပဲ ခေါင်းထဲထည့်၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ ကိုမိုးခါး။ သြော် ... ဟိုမှာ မေမေတောင်လာပြီ"

"ဟော ... မောင်ပင်ရင်းနဲ့ မောင်မိုးခါးပါလား၊ သားဆီလာကြတာလား"

"ဟုတ် ... သူ့အတွက် လိုတာလေးတွေ လာပို့တာပါ"

"အင်း ... မောင်ရင်တို့လည်း တို့သားအမိပေါ် ကျေးဇူးကြီးပါတယ်၊ ဒါပေမဲ့ သားအတွက် အဝတ်အစားတော့ မလိုပါဘူး။ ကျောင်းစာနဲ့ ပတ်သက်တာကလွဲရင် ကျန်တာတွေတော့ မပို့ပိုးပါနဲ့ကွယ်။ အစ်မလည်း အစ်မဝင်ငွေနဲ့ သားကို ဆင်ချင်လို့ပါ။ ခုတောင် သားအတွက် ပုဆိုးလေး ဝင်ဖယ်လာသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ အစ်မ၊ ကျွန်တော်တို့ကလည်း သုံးယော
ပေါင်းပြီး ဒါနလုပ်တာ ဆိုတော့ အပန်းလည်းမကြီး
ပါ"

"အေးပါကွယ်၊ မင်းတို့အတွက် မပင်ပန်းပေမယ့် အစ်
သားမှာကတော့ ကျေးဇူးစားတွေမို့လား၊ တစ်လုပ်စာ
သူ့ကျေးဇူး၊ နှစ်လုပ်စားတော့ နှစ်ထပ်ကျေးဇူးစား
အဲဒါကြောင့်ပါ"

"ဟုတ်ကဲ့ပါ"

"သြော် ... ဒါနဲ့ မောင်ထွဋ်မြ တစ်ယောက်လည်း အ
ရှုပ်နေတယ် ထင်တယ်၊ အင်း ... လုပ်စရာမရှိတဲ့
တွေမှာတော့ တစ်ဝမ်းစာဖူလုံဖို့တောင် အလုပ်ကို မ
ရှာရမ ယ့် သူဌေးတွေအတွက်တော့ လုပ်စရာများလွန်
အချိန်တောင် ငွေနဲ့ဝယ်ရမလိုတဲ့"

"ဟာ ... အဲလို မဟုတ်ပါဘူး အစ်မရဲ့"

"သြော် ... အစ်မကလည်း အစ်မကြားဖူးတဲ့စကာ
ပြန်ပြောပြတာပါ၊ သားရေ ... မင်းအစ်ကိုတွေလာရင်
ဖို့ ဝယ်ထားတဲ့ အုန်းထန်းလျက်တွေ ယူခဲ့ပါဦး။ မင်





တော့ မသိဘူး။ မောင်ထွဋ်မြကတော့ အုန်းထန်းလျက်
ကြိုက်တယ်ဆိုလို့"

"ဟုတ်ကဲ့၊ ကြိုက်ပါတယ် အစ်မ"

"ကဲ ... မင်းတို့ညီနဲ့ စကားပြောရစ်ဦး၊ အစ်မ မုန့်တောင်း
တွေ သိမ်းလိုက်ဦးမယ်"

ပြောပြောဆိုဆိုနှင့် မုန့်ဟင်းခါးအိုးတွေ ထည့်ထား
သောတောင်းကိုမ,ပြီး အထဲဝင်သွားသည်။ သူတို့လည်း ကောင်း
ချမ်းမြနှင့် စကားစမြည်ပြောပြီးတာနှင့် ပြန်လာကြသည်။

အပြန်လမ်းတစ်လျှောက် ကားပေါ်မှာ ...

"သူတို့အားအမိက ရိုးသားပါတယ်"

"ရှင်းရှင်းပြောကွာ၊ မချမ်းက ရိုးတယ်လို့"

"အေး ... မချမ်းက ရိုးပါတယ်၊ ငါတို့ကောင်ကြီးက
မိုးကျိုးတုတ်နေလို့ ငါတို့က ကြားဝင်နေရတာ"

"မချမ်းကလည်း တော်တော်ကို အရွယ်တင်နေပုံရတာပဲလေ။
ဒါပေမဲ့ ငါတို့ကောင်ကြီးနဲ့တော့ သဘောမတူနိုင်ဘူးကွာ"

"အေး ... ငါလည်း မကြည်ပါဘူး။ ထွဋ်မြကလည်း ဗွေ
ပဲကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ထားလိုက်ပါကွာ၊ ဝင်ငွေကြေးဆပ်ပြီးရင် အချိန်တန် နွားဝိန်ကန်သွားလိမ့်မယ်၊ အဓိက ဒီကောင်နဲ့ မဂျမ်း မနီးစပ်ရင် ပြီးတာပဲ"

"အေး"





မိုးခါးနှင့် မေဆီအေးတို့ ဒုက္ခကလည်း မသေးပါ။ အချစ်ဆိုတာကြီးကို အတင်းကာရော နှလုံးသားရှုထဲထည့်သင်ကြပြီ။ ရူမလုံ့တလုံက ပေါက်ကွဲချင်ချင် ဖုံးမရ ဖိမရ ဘဝကြီး။ ဦးဘညွှန့်ရဲ့ ချစ်ဒုက္ခတောင် သူတို့ဒုက္ခကို မမီမယ်မထင်။

အချစ်ကို မျိုသိပ်ပြီး ဟန်ဆောင်သူငယ်ချင်းနေရင်းနဲ့ အချစ်က လူကိုလိုက်စားစ ပြုလာခဲ့ပြီ။

ခုဆို သူတို့ ညတိုင်းဖုန်းပြောဖြစ်ကြသည်။ ညကိုးနာရီမှ စပြောဖြစ်တာ၊ ညဆယ့်နှစ်နာရီလောက်ထိ ပြောဖြစ်သည်။ ဘာတွေမှန်းမသိ စကားတွေက ပြောလို့ကို မကုန်နိုင်ဘူး။

မိုးခါးက နေ့လယ်တိုင်း သူမအတွက် ကော်ဖီဖြစ်စေ၊ ဒိုမိနိုဖြစ်စေ တစ်ခုခု အမြဲသွားပို့ရင်း သူမနှင့် နေ့စဉ်တွေ့ရအောင် ကြိုးစားတာကိုလည်း ဆီဆေးက မတားပါ။



www.burmeseclassic.com

www.burmeseclassic.com



ဆီဆေး အလုပ်နားရက်တွေမှာ နှစ်ယောက်အတူ မြို့တိုးစလွှန်းသွား၊ နှစ်ယောက်အတူ ရှော့ပင်ထွက်၊ နှစ်ယောက်အတူ ကော်ဖီဆိုင်ထိုင်နှင့် သူတို့မခွဲကြ။

ဆီဆေးဆီမှာ မသိမသာ စုံစမ်းရင်း မေရေဆေးရဲ့ ဖုန်းနံပါတ်ကို သိလိုက်ရသည်။

ဆီဆေးနှင့်အတူ အင်တာနက်သုံးရင်း မေရေဆေးရဲ့ mail/ ကို သိလိုက်ရသည်။

အီးမေးလ်တွေ၊ ဖုန်းတွေနှင့် ဟိုကောင် ပင်ရင်းလည်း တိတ်တဆိတ် လှုပ်ရှားနေပြီ။

သူတို့အဖြစ်က ရယ်တော့ ရယ်စရာပင်။

ဒီတစ်ပတ်တော့ ဆီဆေးက သန်လျင်မှာရှိသည့် သူမ သူငယ်ချင်းဆီ သွားချင်သည်ဆို၍ လိုက်ခဲ့ရသည်။

သန်လျင်တံတားပေါ်မှာ လေတဖြူးဖြူးနှင့် ကားမောင်းလို့ တော်တော်ကောင်းသည်။

ပြီးတော့ ဆီဆေးရဲ့ ရွှေအိုရောင်ဆံခွေလိပ်ကလေးတွေကလည်း တလွင့်လွင့် ဝဲနေသေးသည်။

"ပန်းချီကားတစ်ချပ်ပဲကွာ"





"ဟမ် ... ဘာကိုပြောတာလဲ ကိုမိုးခါး"

"ဩော် ... ဆံနွယ်တွေ လေထဲလွင့်နေတာကို ပြောတာပါ"

"ဟုတ်တယ်နော်၊ လေတဖြူးဖြူးနဲ့ မိုက်တယ်"

ဆီဆေးက စကားလမ်းကြောင်း လွှဲပြီး ...

"ဟိုဘက်ကမြင်နေရတာက ပင်လယ်ဝဘက်နော် ကိုမိုးခါး"

"သိဘူး"

"ကိုမိုးခါးကလေ ကလေးကျနေတာပဲ ... ဟင်း ဟင်း"

"ကျိုက်ခေါက်ဘုရား ဝင်ဖူးဦးမှာလား"

"အို ... မဖူးချင်ပါဘူး"

"ဘာလို့လဲ"

"မကြားဖူးဘူးလား ကိုမိုးခါးရယ်၊ ကျိုက်ခေါက်ဘုရားကို ချစ်သူနဲ့သွားရင် ရှင်မွေ့နွန်းနဲ့ မင်းနန္ဒာတို့လို ကွဲတတ်တယ်တဲ့"

"ဟုတ်လား။ ဒါပေမဲ့ ခု ကိုယ်တို့က ချစ်သူတွေမှ မဟုတ်တာ။ သူငယ်ချင်းတွေလေ"

"မသွားချင်ဘူး ကိုမိုးခါးရယ်။ မဆုံနိုင်မှန်း သိပေမယ့် မသွားချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဆီဆေး သဘောပါဗျာ"

သူမသူငယ်ချင်းဆီရောက်တော့ ...

"ကြည့်စမ်း ... မိဆီ စုံတွဲစုတ်လာတယ်ပေါ့လေ၊ ငါ့ကို လျှို့ထားတယ်ပေါ့ ... ဟွန်း။ နင် စေ့စပ်လိုက်တာ ကြားပါတယ်နော်"

"ကဲပါဟယ်၊ အလွဲနဲ့ မစပါနဲ့။ ဒါက ငါ့သူငယ်ချင်းပါဟဲ့၊ ကိုမိုးခါး/တဲ့။ ကိုမိုးခါး ... ဒါ ဆီဆေးနဲ့ အခုခင်ဆုံးသူငယ်ချင်းလေ သီတာတဲ့"

"ဟုတ်ကဲ့ သီတာ"

"ကိုမိုးခါးတဲ့လား၊ နာမည်က ရှယ်ပဲနော်၊ ကဲ ... မိဆီ၊ နင့်ကို ဘာလို့ခေါ်ရတာလဲဆိုတော့ ငါတို့ဆီမှာ ကျိုက်ခေါက် ဘုရားပွဲ ရှိလို့ဟ။ ဘုရားလည်းဖူးရင်း နင် သနပ်ခါးတုံး ဝယ်ချင်တယ် ပြောထားလို့ လှမ်းခေါ်လိုက်တာ။ သနပ်ခါးတုံးတွေများ ကောင်းမှကောင်းပဲ။ အညာက သနပ်ခါးခြံတွေက လာရောင်းတာ ဆရာ၊ ရွှေဘိုသနပ်ခါးရော ပခုက္ကူ သနပ်ခါးရော"

"ဟာ ... ငါ ဘုရားမသွားချင်ဘူး"



"ဟဲ့ ... မိဆီ၊ ဘာဖြစ်တာလဲ"

"ငါ သနပ်ခါးတုံးပဲ သွားဝယ်မယ်။ ဘုရားပေါ် မတက်တော့ဘူး"

"ဆီဆေးနဲ့ သီတာ ဘုရားတက်ဖူးလိုက်လေ။ ကိုယ် ကားစောင့်ရင်း ကားပေါ်ကပဲ စောင့်တော့မယ်"

"သူ့ကားကို စိတ်မချလို့လား မိဆီ။ ဘာမှမဖြစ်ပါဘူးဟယ်"

"ကဲပါ၊ အဲဒါဆိုလည်း နင်နဲ့ငါပဲ ဘုရားတက်ဖူးကြတာပေါ့ သီတာရယ်"

"မဟုတ်သေးပါဘူး။ ကိုမိုးခါးပါ လိုက်ဖူးပါ"

"ရတယ် သီတာ၊ မလိုက်တော့ဘူး"

"ကဲ ... အဲဒါဆိုလည်း မပြောတော့ဘူး။ အခု နင်တို့အတွက် ငါ့ရှယ်လက်ရာ ထမင်းဝိုင်းနဲ့ ဧည့်ခံမယ်"

"ဒေါ်လေးလက်ရာ လုပ်စမ်းပါဟာ"

"သေပါလားဟဲ့၊ ငါ့ဘာသာ ချက်ထားတာ၊ စေတနာပျက်အောင် မလုပ်နဲ့နော်"

သီတာ့လက်ရာက စားကောင်းပါသည်။

"ဆီဆေးရော ချက်တတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"လက်ဆေးပြီး စားတတ်တယ်လေ"

"တော်သေးတာပေါ့၊ ရွှန်းနဲ့စားတတ်တယ် မပြောလို့"

ထမင်းဝိုင်းကို ရယ်မောခြင်းဖြင့် အဆုံးသတ်ရသည်။

"ကိုမိုးခါး လက်ဖက်ရည်ကြိုက်လား၊ ဆီဆေးနဲ့ ကျွန်မက လက်ဖက်ရည်ပေါ့ကျ ကြမ်းပိုးတွေလေ"

"ဟာ ... ကြိုက်တာပေါ့၊ ကျွန်တော်လည်း ပေါ့ကျပဲ",

"ဟုတ်ပြီ၊ ဒါဆို ဘုရားက ပြန်လာရင် ရိုးရာမှာ လက်ဖက်ရည် လိုက်တိုက်မယ်"

အဲလိုနဲ့ ဘုရားရောက်လာကြသည်။ သူမနှင့်သီတာ ဘုရားသွားဖူးတာကို သူ ကားပေါ်ကပဲ စောင့်ဖြစ်သည်။

ဘုရားပေါ်မှာလည်း ဆီဆေးတစ်ယောက် သီတာရဲ့ မေးခွန်းမုန်တိုင်းက လွတ်လမ်းမမြင်ဖြစ်နေသည်။

"ကဲ ... မိဆိ၊ ငါ့ကိုညာဖို့ စိတ်မကူးနဲ့။ အဲဒီ ကိုမိုးခါးက နင်နဲ့ စေ့စပ်ထားတာမို့လား သယ်ရင်းရယ်၊ ငါ့ကိုရှက်မနေပါနဲ့"

"မဟုတ်ပါဘူး သီတာရယ်၊ ဟုတ်ရင် ဟုတ်တယ်ပြောမှာပေါ့"





"ဒါဆိုရင် နင်နဲ့စေ့စပ်ထားတဲ့သူကရော၊ ဘာလို့စေ့စပ်ထားတဲ့သူကို ခေါ်မလာတာလဲဟ"

"ငါမကြိုက်လို့ပေါ့။ ဘိုးဘိုးသဘောကျ စေ့စပ်ထားတာလေ"

"သြော် ... ဂလိုကိုး။ ဒါဆို ကိုမိုးခါးက တကယ်သူငယ်ချင်း"

"အေးပါဆိုဟယ်"

"အဲဒါဆိုရင်တော့ ပိုင်တာပဲ။ ဟဲ့ ... ငါ့ကို ကိုမိုးခါးနဲ့ ဖျိုင်းပေးဟာ။ သူ့ဒိုင်းက မိုက်တယ် ဆရာ၊ ငါကြိုက်တယ်"

"မိန်းမ ... အကောင်းကြီးကနေ ထဖောက်ပြန်ပြီ။ အေးဆေးနေ"

"နင်နဲ့ပတ်သက်နေလို့ နင်တိုနေတာမို့လား"

"မပတ်သက်ပါဘူးဆိုဟာ၊ မသိတာနော်၊ ငါ့ကိုလာအစ်မနေနဲ့၊ ကဲ ... ဘုရားအေးဆေးဖူးပါရစေဟာ ... နော်"

ဘုရားအေးဆေးဖူးပြီးတာနဲ့ စောင်းတန်းပေါ်ကနေ ကုန်ရှုခင်းကို လှမ်းငေးရတာ လွမ်းစရာပါ။ တစ်ချိန်တုန်း ငြိမ့်နှန်းလည်း ဒီလိုလွမ်းချင် လွမ်းခဲ့မှာနော်။

www.burmeseclassic.com

www.burmeseclassic.com



အောက်မှာ သူ့ကားကို တွေ့ရသည်။ ကိုမိုးခါးရယ်။ ဆီဆေးတို့ ဘာလို့များ အတွေ့နောက်ကျရတာလဲရှင်။

အောက်ကို ပြန်ဆင်းလာပြီး ဘုရားပွဲဈေးမှာ သနပ်ခါးတုံး ဝယ်ကြသည်။

သနပ်ခါးတုံးတွေကို မပိုင်းမဖြတ်ပဲ အပင်လိုက် ရောင်းတာတွေလည်း ရှိသည်။

အတုံးလိုက်၊ အပိုင်းလိုက် ရောင်းတာတွေလည်းရှိသည်။ ဆီဆေးက အပင်လိုက်တွေ အားရပါးရကို ဝယ်နေသည်။

"ဆီဆေးက သနပ်ခါးကြိုက်လို့လား၊ လိမ်းတာလည်း တစ်ခါမှ မတွေ့ဘူး"

"ကြိုက်တာပေါ့ ကိုမိုးခါးရဲ့။ ဆီဆေးတို့ညီအစ်မသုံးယောက်လုံးကိုကြိုက်တာ။ အပြင်ထွက်ရင်သာ မလိမ်းတာ။ အိမ်မှာ ညဘက်ဆို သနပ်ခါး ခြေဆုံးခေါင်းဆုံးလိမ်းအိပ်မှ အိပ်ပျော်တာ"

"တောက် ... မွှေးအိနေမှာပဲကွာ"

"ဟာ ... ဘာတွေလျှောက်ပြောနေတာလဲ၊ သီတာ ကြားသွားဦးမယ်"





တော်ပါသေးရဲ့ သီတာ တစ်ယောက် သနပ်ခါးပုံ ခေါင်းစိုက်ပြီး သူတို့ဆီ အာရုံကရလို့။

"သနပ်ခါးတုံးတွေမြင်ရင် အိမ်က ကောင်မလေးတွေတော့ ငိုခမန်း ဖြစ်သွားမှာပဲ"

"ဘာလို့လဲ"

"ဆီဆေးက လိမ်းသာ လိမ်းချင်တာ။ သွေးရမှာ လုံးဝစိတ်မရှည်ဘူးလေ"

"ဒီလိုလည်း ရှိသေးတယ်လား"

ထို့နောက် မိုးခါးကလည်း သူ့အတွက်သနပ်ခါးတစ်ဝင် ရွေးခိုင်းသည်။

"ကိုမိုးခါးက ဘာလုပ်ဖို့လဲ"

"လက်ဆောင်ပေးစရာ ရှိလို့ပါ"

"ဪ"

ဆီဆေး မျက်နှာမကောင်းတော့။ သူ့မှာလက်ဆောင်ပေးစရာ မိန်းကလေး ရှိနေသေးတာဟာ သူမရင်ဝ မီးစနှင့်တော့သည့် အဖြစ်အပျက်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ရိုးရာဆိုသည့် လက်ဖက်ရည်ဆိုင်လေးက ချစ်စရာကောင်းပါသည်။ ကျယ်ဝန်းသော ခြံဝင်းထဲမှာ ရှေ့ခြမ်းကို ဆိုင်ခန်းကျယ်ယူထားပြီး နောက်ဘက်မှာတော့ စားပွဲတစ်ခုစီကို သီးသန့်ကန့်ပေးထားသော အခန်းငယ်လေးတွေ၊ ပုသိမ်ထီးပုံစံ ထီးအကြီးစားကြီးတွေ မိုးထားသော စားပွဲတွေနှင့် လင့်စင်ပုံစံ ခြေတံရှည်တဲလေးပေါ်မှာလည်း တက်သောက်လို့ရသေးသည်။

သန်လျင်မြို့ဟာ ရန်ကုန်တစ်ဖက်ကမ်းမှာ ရှိပြီး ရန်ကုန်နှင့် လုံးဝခြားနားသော မြင်ကွင်းတွေ လွှမ်းခြုံထားသည့် မြို့လေးပါ။

ထိုကဲ့သို့သော မြို့လေးက ရိုးရာလက်ဖက်ရည်ဆိုင်လေးဟာလည်း ရန်ကုန်က ကော်ဖီဆိုင်တွေနှင့် ခြားနားသလို ရန်ကုန်က ဝမ်းတီးတူးကော်ဆိုင်တွေလိုလည်း မကျဉ်းကျပ်ပါ။

ပြီးတော့ ရန်ကုန်က ကော်ဖီဆိုင်တွေမှာ ရခဲ့သည့် အင်တာနက်ဝန်ဆောင်မှုပါ ရှိနေသေးသဖြင့် တော်တော်လေးကို ထိုင်ချင်စရာကောင်းလှသည့် ဆိုင်လေးပါ။

မိုးခါးက ဆိုင်လေးကို သဘောကျနေသလောက် ဆီဆေးက မျက်နှာမရွှင်။

ဆ



"မိဆီ ... နင် မျက်နှာမကောင်းပါလား၊ ဘာဖြစ်နေတာလဲ"

"ဘာမှမဖြစ်ပါဘူးဟာ၊ နေရှိန်တော့ ပူလို့ပါ"

သူတို့ထိုင်နေသည့် လင့်စင်လေးပေါ်ကို ညနေ နေရောင်က ခပ်စောင်းစောင်းကျနေသဖြင့် တကယ်လည်း ပူရှိန်ရှိန်ဖြစ်နေပါသည်။

"ဟုတ်တယ်၊ ပူတော့ ပူတယ်၊ ဆိုင်ထဲက အေးမှာ၊ ဆိုင်ထဲပြောင်းထိုင်မယ်လေ"

"နေပါဟာ၊ ရပါတယ်"

မိုးခါးက လက်ဖက်ရည်တစ်ငုံ ငုံလိုက်ပြီး ...

"လက်ဖက်ရည်လည်း ကောင်းတယ်။ ညနေစောင်း သူငယ်ချင်းတွေခေါ်ပြီး လာသောက်ရရင် မိုက်မယ်",

ဆီဆေး စိတ်ထဲမှာတော့ သနပ်ခါးတုံးလက်ဆောင်ပေးမည့် သူငယ်ချင်းမနဲ့ လာချင်တာဟုထင်ကာ ပိုပြီး မျက်နှာပျက်သည်။

"ငါပြန်ချင်ပြီဟာ"

"အေး ... ဒါဆိုလည်း ပြန်မယ်လေ၊ မိဆီကတော့ [illegible]ပဲ၊ နည်းနည်းပူတာတောင် မခံနိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



သိတာ့ကို ပြန်ပို့ပြီး သိတာတို့ခြံက ထွက်တာနှင့် ဆီဆေးမျက်နှာက ရှုပုပ်သွားကာ တစ်ဖက်လှည့်ပြီး ပါလာသည်။

"ဆီဆေး ဘာဖြစ်တာလဲကွာ"

"အဲဒီသနပ်ခါးတုံးတွေက ဘယ်သူ့ဖို့လဲ"

"ဆီဆေးဖို့ပေါ့၊ ဆီဆေးပဲ သွေးရမှာ ပျင်းတယ်ဆိုလို့ ကိုယ် နေ့တိုင်းသွေးပေးပြီး ဆီဆေးကို လာပို့မလို့လေ"

"တကယ်"

✧ ♥ ✧



"မလတ်"

"ဟယ် … အငယ်လေး ပြန်ရောက်နေပါလား"

"အင်းပေါ့။ မလတ်က ရေဆေးကျောင်းပိတ်ရက်ကိုမှ မှတ်မထားပဲကိုး"

"ဟုတ်ပါပြီ။ မလတ် အမှားပါရှင့်"

"ကဲ … မလတ်ရေ၊ ခဏနေရင် ဘိုးဘိုးအခန်းကို ဆင်းလာခဲ့ဦး၊ ညီမသုံးယောက်ဆုံရင် ဘိုးဘိုးက သူ့ဆီလာခဲ့ပါတဲ့၊ မကြီးလည်း ရောက်နေပြီ"

"အေးပါ၊ ဪ … ငယ်လေး၊ နင့်မှန်တင်ခုံပေါ်မှာ ငါ သနပ်ခါးတုံးတွေ ထားပေးထားတယ်နော်"

"သနပ်ခါးတုံးလောက်နဲ့တင် ရမလား လုပ်ငန်းရှင်ရဲ့၊ တခြား အာဒကေ မလာတော့ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"အံမယ် ... နင့်ကို ဘိုးဘိုးပေးနေတာပဲ"

"ဘိုးဘိုးပေးတဲ့ မုန့်ဖိုးက စာအုပ်ဝယ်ရတာနဲ့ တစ်ဝက်လောက် ကုန်တော့မယ်၊ မရဘူး လာထား"

"အေးပါ ... ပေးပါ့မယ်၊ တကတဲ"

"ပြီးရော၊ ကဲ ... နားပြီးရင် ဆင်းခဲ့နော်"

"အေးပါ"

ဘိုးဘိုးက ညီမသုံးယောက်ကို တစ်ပြိုင်တည်းခေါ်ရင် ကီစွတစ်ခုခုရှိလို့ပဲ။ တော်ရုံကိစ္စလောက်ကိုတော့ မနက်[illegible] ကော်ဖီဝိုင်းမှာပဲ ပြောတတ်သည်။

ခဏတော့ နားလိုက်ဦးမယ်။ ဒီနေ့ပစ္စည်းတွေ [illegible] သဖြင့် အလုပ်ရှုပ်ကာ နည်းနည်းပင်ပန်းလာသည်။ နားပြီး [illegible] တစ်ခွက်လောက် အဝသောက်ကာ ရေချိုးလိုက်သည်။ ပြီးတော့ [illegible] မိုးခါး သွေးပေးလိုက်သော သနပ်ခါးကို ခြေဆုံးခေါင်း[illegible] တစ်ဝကြီး လိမ်းဝစ်လိုက်သည်။

ဂါဝန်အဖြူနဲ့ အနက်ကွက်စိပ်လေးလဲကာ ဘိုး[illegible] အခန်းဆီ ဆင်းခဲ့လိုက်တော့သည်။

"မကြီးနဲ့ အငယ်လေးရေ သွားစို့"



ဘောနစ်ခန်းကိုပါ သံချောင်းခေါက် သတိပေးလိုက်သေးသည်။

ဘိုးဘိုးအခန်းမှာ စုပြုမိတော့ ဘိုးဘိုးက ...

"ကဲ ... လာ မြေးတို့။ မြေးတို့ကို မင်္ဂလာသတင်းပြောစရာရှိလို့ကွ"

ဘိုးဘိုးက တစ်ယောက်ချင်း မျက်နှာကို စေ့စေ့ကြည့်ကာ ...

"ဒီလက မြေးငယ်လေးလည်း ကျောင်းပိတ်တယ်။ အဲဒီတော့ လူစုံတက်စုံရှိတုန်းမှာ မြေးကြီးမင်္ဂလာပွဲကို စီစဉ်မယ်"

"ရှင်"

ထို"ရှင်"က ပန်းချီဆီမှ ထွက်လာတာမဟုတ်။ ဆီဆေးဆီက ထွက်လာတာ။ ပန်းချီကတော့ သူ့ချစ်သူနှင့် စေ့စပ်ရပြီး လက်ထပ်ခွင့်ကျတာ မင်္ဂလာဖြစ်နိုင်ပေမယ့် ပန်းချီပြီးရင် သူမအလှည့် နီးလာတော့မှာလေ။

"ဟုတ်တယ်၊ မောင်ဖြိုးသူတို့ဘက်က ကမ်းလှမ်းတာကြာပြီ။ ဘိုးက လူမစုံမှာစိုးလို့ မြေးငယ်လေးကို စောင့်နေတာ။

www.burmeseclassic.com

www.burmeseclassic.com



အခု အကုန်စီစဉ်ပြီးပြီ။ ဟိုတယ်မှာလည်း ဒိတ်ယူပြီးပြီ
ဖိတ်စာလည်း ရယ်ဒီဝေရုံပဲ။ တစ်ခုပဲ ကျန်မယ်။ မြေးကြီး
ရဲ့ မင်္ဂလာဝတ်စုံရယ်၊ မြေးငယ်နှစ်ယောက်အတွက် အရံ
ဝတ်စုံတွေရယ်ပဲ ကျန်မယ်”

ပန်းချီကတော့ မျက်နှာက မြုံးရိပ်ဝင်းပကာ ဘာမှ
မပြော။

ဆီဆေးကပဲ ရင်ထိတ်သည်။ သူမအလှည့်ကျ အခု
မပြောမဆို စီစဉ်လိုက်ရင်တော့ ဂွမ်းပြီ။

“ဘိုးဘိုး”

“ပြော ... မြေးလတ်”

“ဟိုလေ ... သမီးအလှည့်ကျရင်တော့ အားလုံးကို သမီး
ခြေ သမီးလက်နဲ့ပဲ စီစဉ်ချင်တယ်၊ ခုလို Surprise
ဆို သမီး ရှော့ခ်ရသွားနိုင်တယ်”

“သိတယ်၊ မြေးလတ်က သစ်မှ ဆန်းမှ ထွင်လိုက်
ဆိုတာ သိတယ်။ စိတ်ချ ဘိုးက မြေးတွေကို ကျေနပ်
သား။ မြေးလတ် ကျရင်လည်း စိတ်ကြိုက်ဖြစ်စေမယ်

ထိုနောက် ဘိုးအကြည့်တွေက ရေဆေးဆီရှေ့သို့



“ငါ့မြေးငယ်လေးကတော့ ပညာကို အေးအေးဆေးဆေး
သင်ပါဦး၊ ဒါပေမဲ့ မြေးအတွက် ကြင်ရာဖက်ကိုလည်း
ဘိုး ရွေးပြီးသားနော်၊ နည်းနည်းစောသေးလို့ရယ်၊ ကောင်
လေးက လောလောဆယ် စင်ကာပူမှာ ကျောင်းသွားတက်
နေရတာကြောင့်ရယ် မလှုပ်ရှားသေးတာ။ မြေး စာကို
အေးဆေးသင်၊ စာကလွဲပြီး အထူးသဖြင့် လုံးဝခေါင်းထဲ
မထည့်ရမှာက ရည်းစားသနာကိစ္စပဲ”

ရေဆေးကတော့ ခေါင်းမညိတ် ခေါင်းမခါ။

✧♥✧

www.burmeseclassic.com

www.burmeseclassic.com



စုတလော ညီအစ်မသုံးယောက် မီးရထားတွဲကြီးလို ဘယ်သွားသွား တသီတတန်းကြီး ဖြစ်နေသည်။

ခေါင်းတွဲကတော့ သတို့သားလောင်း ကိုဖြိုးသူပေါ့။ ကိုဖြိုးသူနဲ့ မေပန်းချီတို့ ပျော်နေသလောက် စိတ်ညစ်ရတာက မေဆီဆေး။

"အလတ်မ မျက်နှာမကောင်းပါလား"

ကိုဖြိုးသူကတောင် သတိထားမိပြီး မေးရသည့် အဖြစ်။ ပန်းချီက ရှင်းပြရသည်။

"ကိုသူရေ ... သူနဲ့စေ့စပ်ပေးထားတဲ့သူကို မကြိုက်ဘူးတဲ့ လေ၊ အဲတော့ ပန်းချီပြီးရင် သူ့အလှည့် လာတော့မှာပဲ ဆိုပြီး အပူများနေတာ"

"မကြိုက်ရင်လည်း ဘိုးဘိုးကို ပြောလိုက်ပါလား အလတ် မရဲ့"



"ဘိုးဘိုးရဲ့ က,ကြိုးက ဘယ်တော့မှ ယပက်လက် ပြန်မ ဖြစ်ဘူး ကိုသူရဲ့"

မင်္ဂလာပွဲမှာ မေပန်းချီက ပန်းရောင်နုနုလေး ဝတ် ချင်သည်ဆို၍ ကိုသူရော အရံတွေပါ အကုန် ပန်းနုရောင်နှင့် လိုက်ဖက်အောင် ဝတ်ရတော့သည်။

ပန်းချီတို့ ညီအစ်မသုံးယောက်လုံး ပုလဲကို ပန်းရောင် နှစ်နေသော ပုလဲတွေ ဝတ်ကြမည်။ ဆံပင် ဆံထုံး ဆံမြိတ်က အစ ပန်းရောင်ပုလဲနဲ့ ဆင်ယင်မည်။

ဘိုးဘိုးကလည်း ပုလဲဝတ်တာကို အားပေးသည်။ မေပန်းချီကိုင်ဖို့ လက်ကိုင်ပန်းကို ပလက်တီနမ်နဲ့ ပန်းရောင်ပုလဲ တွေကို ပန်းခိုင်ပုံစံကြီး ပြုလုပ်ပြီး လက်ဖွဲ့သည်။ မေပန်းချီက တော့ သိပ်ကိုပျော်ရွှင်နေတာပါ။

ပြဿနာက သတို့သားအရံတွေမှာ စသည်။ ဆီဆေး နဲ့တွဲဖို့ သတို့သားအရံက ကိုပင်ရှင်းတဲ့။ ရေဆေးကတော့ ကိုဖြိုးသူရဲ့သူငယ်ချင်းတစ်ယောက်နှင့် တွဲရမတဲ့။

ပင်ရှင်းနှင့် အရံအဖြစ် တွဲလျှောက်ဖို့တောင် စိတ် မပါပါ။ ဆီဆေးမှာ စိတ်ညစ်လိုက်ရတာ။

www.burmeseclassic.com

www.burmeseclassic.com



ထိုကိစ္စကို တစ်ဖက်မှာ ပင်ရင်းနှင့် မိုးခါးက တိုင်ပင်ထားကြသည်။ ပင်ရင်းက ရုတ်တရက် ဝမ်းလျှောလိုက်ဖို့၊ မိုးခါးက ပင်ရင်းနေရာမှာ ဝင်ရောက်အစားထိုးဖို့။

အဲလိုနှင့် မင်္ဂလာပွဲနေ့ကို ရောက်လာကြသည်။

ပုံမှန်အားဖြင့် အလုပြင်လျှင် သတို့သမီးကို အစွမ်းကုန် လှပအောင် ပြင်ပေးပြီး အရံတွေကိုတော့ ချိုလှေ့ရှိကြ၏။ သို့သော် ပန်းချီ ကိုယ်တိုင်က ညီမနှစ်ယောက်ကိုပါ သူမနှင့်တန်းတူ အလှကုန် စစ်ထုတ်စေသည်။

ထို့ကြောင့် သတို့သမီးနှင့် အရံနှစ်ယောက်တို့မှာ ပန်းပုဆရာစိတ်ကြိုက် ထွင်းထုထားသည့် ပြစ်မျိုးမဲ့မထင် ယမင်းရုပ်သွင်တွေအလား။

အဲ ... သို့ပေမဲ့ သတို့သားအခန်းမှာတော့ ပြဿနာ တက်နေပြီ။ သတို့သားအရံလုပ်မည့် ပင်ရင်း ဗိုက်အရမ်းနာနေပြီ။ သန့်စင်ခန်းကို သုံးမိနစ်တစ်ခါလောက် ဝင်နေရသည်။

ပင်ရင်းက သတို့သားကိုရော မေဆီဆေးကိုပါ အကြောင်းကြားသည်။ ကိုဖြိုးသူက သူ့သူငယ်ချင်းတစ်ယောက်နှင့် အစားထိုးသည်။ သို့သော် ဆီဆေးက ပန်းချီကို ကပ်တိုးလေး ပူဆာလိုက်သည်။



"... ... ..."

ထို့နောက်မှာတော့ ...

"ခါတော်ပေးတာက ... နတ်ရေးငယ် ရွှေစာ ..."

ဘိသိက်ဆရာက လှုစီနေပြီ။ ဘိုးဘိုးက ပင်ရင်းနေရာက မိုးခါးကိုကြည့်ပြီး ...

"ဟော့ ... မင်းက ဘယ်သူတုန်း၊ မောင်ပင်ရင်းရော"

"ကိုပင်ရင်း ဝမ်းသွားပြီး ပွဲမထွက်နိုင်လို့ ကျွန်တော် အစားဝင်ရတာပါခင်ဗျာ"

ကိုဖြိုးသူကပါ ဝင်ပြောသည်။

"ဟုတ်တယ် ဘိုးဘိုး၊ ပင်ရင်း နေမကောင်းတာနဲ့ ကျွန်တော့်သူငယ်ချင်းကို အစားထိုးလိုက်ရတာ"

"မောင်ပင်ရင်း အစားမှားပြီထင်တယ်"

ဆီဆေးကတော့ သူမနှင့် မဆိုင်သလိုလို။ မိုးခါးနှင့် သူမတို့ဟာ နေနဲ့လလို လိုက်ဖက်ညီသော အရံတွဲလေးဆိုတာ ဘယ်သူမှ ငြင်းမရ။

မိုးခါးက ကပ်တိုးလေး ခြွေသွားသေးသည်။

"လုလိုက်တာ ဆီဆေးရယ်၊ ကိုယ်တို့ပွဲဆို သိပ်ကောင်းမှာပဲနော်"

www.burmeseclassic.com

www.burmeseclassic.com



ဆီဆေး ရင်ထဲမှာ လှိုက်ခနဲ ဝမ်းနည်းသွားကာ မျက်ရည်တောင် ဝဲရသည်။ ပြုံးရာမှ မဲ့မဲ့ကလေး ဖြစ်သွားသော ဆီဆေးကို ...

"ဆောရီး ဆီဆေးရယ်၊ ပြုံးပြုံးလေးနေကွာ၊ ကိုယ် ဆီဆေး ဝမ်းနည်းအောင် မပြောတော့ဘူးနော်"

"လှလိုက်တာ မေပန်းချီရယ်"

"ညီမတွေက အလှတွေချည်းပဲနော်"

"အလတ်မလေးက ပိုမိုက်တယ်"

"အငယ်လေးကလည်း ချစ်စရာ ကောင်းလိုက်တာ"

သူတို့ညီမတွေကို ချီးကျူးသံတွေ သောသောညံနေသည်။ ဘိုးဘိုးမှာလည်း အပေါင်းသင်းတွေကြား မျက်နှာပွင့်နေ၏။

"ကိုချမ်းသာရေ ... မြေးတွေကို ဖွက်ထားတယ်ပေါ့လေ"

"ဟုတ်တယ်၊ မြေးတွေက အချောအလှတွေချည်းပဲ"

ရွှေလမ်း ငွေလမ်း ဖောက်ချင်သော သားရှင်တွေက လည်း ဘိုးဘိုးကို စကားတွေ စကြသည်။

ဘိုးဘိုးက မိန့်မိန့်ကြီးပြုံးကာ ညင်ညင်သာသာ ငြင်းသည်။





"စိတ်တော့မရှိနဲ့ဗျ၊ မြေးသုံးယောက်လုံးက ပြောဆိုပြီး သားတွေ ရှိနေပြီခင်ဗျ"

ကိုဖြိုးသူတို့ဘက်ကလည်း အသိုင်းအဝိုင်းကြီးတာမို့ နှစ်ဖက်မိတ်သင်္ဂဟတွေ ပြည့်လျှံကာ ပွဲကစည်ကားလှသည်။ လက်ဖွဲ့ပစ္စည်းတွေကလည်း တောင်ပုံရာပုံပင်။

ဆီဆေးနှင့် ရေဆေးမှာလည်း ကိုယ့်အစ်မပွဲမို့ ဧည့်ခံ လိုက်ရတာ ဝက်ဝက်ကွဲနေသည်။

မိုးခါးကလည်း လက်ဖွဲ့ပစ္စည်းတွေ သယ်တဲ့အထိ သတို့သား သတို့သမီးတွေကို သူတို့အတွက် စီစဉ်ထားတဲ့အိမ်ကို လိုက်ပို့ပြီးတော့ ကြိုးပါထားတဲ့အထိ ဝိုင်းလုပ်ပေးခဲ့သည်။

ဘာပဲဖြစ်ဖြစ် ဘိုးဘိုးက မိုးခါးကို သတိပြုမိသွားပြီ။

✧ ♥ ✧



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာပွဲလည်းပြီး။ ကိစ္စဝိစ္စအားလုံး ရှင်းလင်းချိန်မှာဘိုးဘိုးက ဆီဆေးကို ခေါ်ယူသည်။

"မြေးထိတ် ... မင်္ဂလာပွဲမှာ ပင်ရင်း အစား မိုးခါးဆိုတဲ့ ကောင်လေးကို အစားထိုးတဲ့ကိစ္စကို မြေးလတ် ဘယ်လိုရှင်းမလဲ"

ဆီဆေး တော်တော်အံ့သြသွားသည်။ အရင်ဆုံးသတိရတာက ဘိုးဘိုးသည် ညာတာမကြိုက်။

"ကိုပင်ရင်းအစား ကိုမိုးခါးကို အစားထိုးရတာက ကိုပင်ရင်းဝမ်းသွားပြီး ပွဲမထွက်နိုင်လို့လေ ဘိုးဘိုး"

"ဟုတ်တယ်၊ ပင်ရင်း ပွဲမထွက်နိုင်တဲ့ အခြေအနေဟာ တကယ်ဖြစ်ချင် ဖြစ်မယ်။ လံကြုတ် ဖြစ်ချင်ဖြစ်မယ်။ ဒါပေမဲ့ အစားထိုးတဲ့သူက ဘာလို့ မိုးခါး ဖြစ်နေတာလဲ။ မောင်ဖြိုးသူကသူ လုံးဝမသိတဲ့ မိုးခါးကို သူ့သူငယ်ချင်း





ပါလို့ ညာရသလဲ၊ မြေးကရော မြေးသူငယ်ချင်း မိုးခါးကို ဘာလို့မသိချင်ယောင် ဆောင်နေသလဲ။ မိုးခါးနဲ့ မြေး တတွဲတွဲရှိနေတာ ဘိုး သိတာကြာပြီ"

"ရှင်"

"မြေးက ဘိုးကို အဘိုးကြီး ငါ့ကိုလိုက်မမီပါဘူးလို့ ထင်နေတာကိုး"

"ဘိုးဘိုး"

"မိုးခါးနဲ့ မြေး ဘယ်လိုပတ်သက်နေလဲ ဘိုးမသိချင်ဘူး။ တစ်ခုပဲပြောမယ်၊ ဘိုး မြေးတို့ကို အားလုံးလွတ်လပ်ခွင့်ပေးထားတယ်၊ မြေးတို့အိမ်ထောင်ရေးတစ်ခုပဲ ဘိုး စီစဉ်တာ၊ အဲလိုဘာကြောင့်စီစဉ်ရသလဲဆိုတာ မြေးတို့သိတယ်။ ဘိုးရင်ကို ထပ်မခွဲကြပါနဲ့"

ဆီဆေး မျက်ရည်ပေါက်ပေါက်ကျသည်။ ဘိုးပြောသည့် စကားတွေက နှလုံးသားအလယ်ဗဟိုတည့်တည့်ကို မှန်သွားတာကိုး။

"မြေးကို တစ်ခုထပ်ပြောမယ်၊ မြေး သိပ်ကိုတွယ်ငြိနေတဲ့ မိုးခါး ဆိုတာ ပင်ရင်းရဲ့အချစ်ဆုံးသူငယ်ချင်းပဲ၊ PMT



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ ကွန်ပျူတာအရောင်းပြခန်းက ပင်ရင်း၊ မိုးခါးနဲ့ ထွင့်မြ ဆိုတဲ့ သူငယ်ချင်းသုံးယောက် အတူဖွင့်ထားတာပဲ။ ထပ်ပြောဦးမယ်၊ သူတို့သုံးယောက်ဟာ စိမ်းပြာနားက မုန့်ဟင်းခါးရောင်းတဲ့ ကလေးတစ်ယောက်အမေ မုဆိုးမနဲ့လည်း ဘာလိုလိုဆိုပဲ"

ဆီဆေးမှာ ဘိုးဘိုး ပြောသမျှ ပါးစပ်အဟောင်းသားနှင့် ...

"အေး ... အဲလို အကုန်သိပြီးပြီမို့ မြေးကို ဘိုးဘိုး ပင်ရင်းနဲ့ သဘောမတူတော့ဘူး၊ ပင်ရင်းနဲ့ သူ့မိဘတွေကိုလည်း ဘိုးဘိုး ဖုန်းဆက်ပြောလိုက်ပြီးပြီ"

"ဒါဆို ဘိုးဘိုး"

"မြေးနဲ့ ပင်ရင်း စေ့စပ်တာပျက်ပြီ။ ဒါပေမဲ့ မိုးခါးနဲ့မြေး ကို ဘိုးဘိုး လုံးဝသဘောမတူဘူး။ မိုးခါးဟာ မြေးကို ပင်ရင်းသူငယ်ချင်းဆိုတဲ့ အဖြစ်ကိုဖုံးပြီး ဝင်လုံးတဲ့အတွက် ရယ်၊ မုန့်ဟင်းခါးသည် မုဆိုးမနဲ့ ဘာညာအသံထွက်တဲ့အတွက်ရယ် ဘိုးမြေးနဲ့ မိုးခါးဟာ မထိုက်တန်ဘူး"

"ဆီဆေး နားလည်ပြီ ဘိုး"





ဆီဆေးမျက်နှာမှာ လှည့်စားခံရခြင်း အတွက် နာကြည်းမှုအဟုန် မြင့်နေသည်။

ထိုနေ့မှစ၍ ဆီဆေးဖုန်းကို ဘိုးဘိုးကို အပ်လိုက်သည်။ ဆိုင်ကို ကိုဖြိုးသူက သွားကြည့်ပေးလိုက်၊ ဘိုးဘိုးက ကြည့်ပေးလိုက်၊ မေပန်းချီက ကြည့်ပေးလိုက်နှင့် ဆီဆေး အိမ်ထဲကအိမ်ပြင် မထွက်တော့။

စာရင်းတွေကို အိမ်မှာပဲ စစ်သည်။ လိုအပ်တာကို ဖုန်းနဲ့စီစဉ်သည်။ အိုးမေးလ်နှင့် ညွှန်ကြားသည်၊

စိတ်နာသည်။ ကိုပင်ရင်းကိုလည်း မမေး။ မိုးခါးကိုလည်း မပတ်သက်ချင်တော့။ သေချာတာက ပင်ရင်းနဲ့ မိုးခါး ပေါင်းပြီး သူမကို လှည့်စားလိုက်တာပဲ။

"ဟား ဟား ... မချစ်ပဲနဲ့မျှား ကိုမိုးခါးရယ်၊ ဘာတဲ့ လက်ထပ်ခွင့် မရရင်တောင် ချစ်ခွင့်ရရင် တော်ပါပြီတဲ့"

ဆီဆေးကို နှစ်သိမ့်သူက ရေဆေးပါ။

"မလတ် ဘာမှတွေးမနေနဲ့တော့၊ သူတို့နှစ်ယောက်လုံးကို မေ့လိုက်၊ အဓိက,က အဲဒီ မိုးခါးဆိုတဲ့လူပဲ။ သူ့ကိုလွမ်းရင် သူလှည့်စားတာကို တစိမ့်စိမ့် စိမ့်နေအောင်တွေးပြီး မေ့လိုက် မလတ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ ငယ်လေးရယ်"

အချစ်နဲ့ အမုန်းကို တစ်ပြိုင်တည်း ခံစားရတာဟာ တော်တော်ဆိုးပါသည်။ အချစ်ကချိုသည်။ တော်တော်အချိုကဲသည်က အချစ်။ အမုန်းကစပ်သည်။ အာတွေလျှာတွေ ပူထူပေါက်ထွက်မတတ် စပ်သည်။ ဒီချိုစပ်စပ် အရသာဆိုးကြီးကို တွေးမနိုင် အန်မရနှင့် သူမလေ။

✧♥✧





မိုးခါး ပူစပ်ပူလောင် ဖြစ်နေပြီ။ ပင်ရင်းလည်း သူ့မီဘတွေ အိမ်ကနှင်ချသဖြင့် မိုးခါးတို့တိုက်ခန်းပေါ် ရောက်နေပြီ။

"ပင်ရင်း ငါ ဘယ်လိုလုပ်ရမလဲ၊ ငါ့မှာ ရှင်းပြခွင့်တောင် မရဘူးကွာ"

ဆီဆေးကို ဘယ်လိုမှ ဆက်သွယ်လို့မရ။ ဆီဆေးသူ့ကို ချစ်တယ်ဆိုတာ သူ သိထားတာမို့ ခုချိန်မှာ ဆီဆေး သူ့အပေါ် အမုန်းတွေနှင့် ဘယ်လောက်ခံစားနေရမလဲ ဆိုတာ သူ တွေးကြည့်ရုံနှင့် သိနေပြီ။ ဆီဆေး မခံစားရအောင် သူ ရှင်းပြချင်သည်။

သူ တကယ်ချစ်ကြောင်း သက်သေပြချင်သည်။ မျှမ်းနှင့် သူတို့ ဘယ်လိုပတ်သက်တယ် ဆိုတာတွေကို ရှင်းပြချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ဆီဆေးကို ဘယ်လိုမှ မတွေ့ရ။ မပန်းချီနှင့် ကိုဖြိုးသူတို့ကတောင် သူတို့ကို ခပ်တင်းတင်း ခပ်ပြတ်ပြတ်ပဲ ဆက်ဆံကြသည်။

ဖုန်းဆက်ရင် ဘိုးဘိုးပဲ ကိုင်သလို အိမ်ဖုန်းကိုလည်း ဆက်မရ။

မီးခဲဖင်ခု ထိုင်ရသလို နေမထိ ထိုင်မသာ ပူစပ်ပူလောင် ဖြစ်ရလွန်းသည်။

မိုးခါးသည် ကိုယ်တိုင်ခံစားနေရတာထက် ဆီဆေး ပူဆွေးငိုကြွေးနေမှာကိုတွေးပြီး ရင်နာမဆုံး ဖြစ်နေသည်။

အခုလည်း ပင်ရင်းနဲ့ ရွှင်မြ အတင်းခေါ်လာလို့ ကောင်းချမ်းမြ ဆေးကျောင်းထဲကို ရောက်လာကြသည်။

ဆေးကျောင်းတွေ ပြန်ဖွင့်နေပြီမို့ ခုချိန်ဆို ရေဆေး မကွေးပြန်ရောက်ပြီလို့ ပင်ရင်းက သတိတရ ရေရွတ်ရှာသည်။

"ဟော ... ဟိုမှာ ရေဆေး"

ကင်တင်းမှာ ဆရာမတစ်ယောက်နှင့် စကားပြောနေသော ရေဆေးကို တွေ့ရသည်။





သူတို့အတွက် ရေဆေးကိုတွေ့ရတာဟာ ဘုရားပေးတဲ့ ဆုလာဘ်ပါ၊ မပန်းချီ တင်းမာပေမယ့် ကလေးဖြစ်တဲ့ ရေဆေးကို ချော့မော့ပြီးပြောရင် ရနိုင်သည်လေ။

"ငါ သူ့ကို သွားရှင်းပြမယ်"

"ခဏလေး မိုးခါး၊ သူ ဆရာမကို စာမေးနေတာထင်တယ်၊ ပြီးမှ သွားတာပေါ့"

အထင်နဲ့အမြင် လွဲသည်။ ဆရာမထံတော့ ရေဆေးကပါ ပြန်ဖို့ပြင်သည်။

"ညီမလေး ရေဆေး"

"ဟင် ... ရှင်တို့ ဘာနှောင့်ယှက်မှာလဲ"

"ခဏလေး ညီမလေး၊ ကိုမိုးခါး ..."

"ဒီမှာ ... ကျွန်မအတွက် အချိန်ကို ရွှေပေးဝယ်မရဘူး။ ရှင်တို့လို လူတွေအတွက် ကျွန်မ အချိန်မဖြုန်းနိုင်ဘူး။ သွားခွင့်ပြုပါ"

"ခဏလေးပါ ညီမလေးရယ်"

"ဒီမှာ လူလိုပြောနေတယ်နော်၊ လူလိုနားလည်သင့်တယ်"

"အိုခေ ... ဘာမှမပြောတော့ဘူး၊ ဒီစီဒီလေးပဲ ဆီဆေးဆီ ယူသွားပေးပါနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီးပဲ။ အသုံးမဝင်တဲ့ပစ္စည်းကို အလေးခံပြီး ကျွန်မ သယ်မသွားနိုင်ဘူး။ ထပ်ပြောမယ်၊ ဒီစီဒီကို မလတ်ဆီ ရောက်အောင်ပို့လည်း ရှင်တို့ ပင်ပန်းရုံပဲ ရှိလိမ့်မယ်။ မလတ်ကတော့ ဖွင့်ဖတ်မှာ ဖွင့်နားထောင်မှာ မဟုတ်ဘူး။ ဒီထက် နားလည်အောင် ပြောရရင် ရှင်တို့ကို မလတ် အီပ်မုန်းနေတယ်"

သူတို့ ဘာမှအသံမထွက်နိုင်ခင် အခွံမာစကားလုံးတွေနှင့် ပစ်ပေါက်ပြီး လှည့်ထွက်သွားသည်။

ထွန်းမြက ခေါင်းယမ်းကာ ...

"မိုးခါး ... မင်းလုပ်စရာတစ်ခုပဲ ကျန်တော့တယ်၊ သူ့ကို မေ့လိုက်တော့"

"ဟင့်အင်း ... သူ့ကို ငါမေ့လိုက်ရင် ငါတစ်ယောက်တည်း ခံစားရမှာ မဟုတ်ဘူး။ သူပါခံစားရမှာ။ ငါ အခုရှင်းပြ ချင်နေတာက' သူ့ကို ငါ ပိုင်ဆိုင်ကောင်းသည်ရယ်လို့ မဟုတ်ဘူး၊ သူအမှန်ကို မသိပဲ အရမ်းခံစားနေရမှာစိုးလို့၊ သူ အမှန်ကိုသိပြီး ဘယ်လိုပဲ ဆုံးဖြတ်ပါစေ ငါလက်ခံနိုင် ပါတယ်"





"ငါတို့သုံးကောင်လုံး အချစ်ကံခေလွန်းပါတယ်ကွာ"

"ငါတို့ ဗေဒင်သွားမေးပြီး ယတြာချေရင် ကောင်းမလား"

"စိတ်ညစ်ရပါတယ်ဆိုမှ စိတ်ညစ်စရာကောင်းတဲ့ ပြက်လုံး လာပြောနေပြန်ပြီ"

"ဟ ... ယတြာကောင်းရင် မင်းလောင်းတောင် ပျောက် တယ်တဲ့"

"မင်းပဲ မရှိမ်း ပျောက်သွားအောင် သွားတွက်"

"ဖွဟဲ့ ... လွဲပါစေ"

◆♥◆



www.burmeseclassic.com

www.burmeseclassic.com



နံနက်ခင်းက နွေးဖျဖျလေး တိုးထွက်လာသည်။ ငှက်ကလေးတွေ စိုးစီမြည်သံ ကျဲနေသည်။ မြူတွေက နှင်းမှုန်ကျ တကျ မရှိတရှိ ကျနေပေမယ့် ဒါဟာ ဆောင်းတွင်းတော့မဟုတ် တာ သေချာသည်။

နွေဦးရာသီ မြူမှုန်နှံ့နှံ့ ဆမ်းထားတဲ့ မနက်ခင်းမှာ ထွင့်မြကာ အရင်နီးလာသည်။ ပင်ရင်းနဲ့ မိုးခါးက ညကသောက် တာ များသွားသဖြင့် ပြိနေပြီ။ မထနိုင်တော့။ နောက်ဆုံး ခေါင်း မဓိုက်ခင်ကတော့ ပြောပါသည်။ အချစ်ကျွန်ဖြစ်ပြီး အသည်းကွဲ နေတာကို အရက်နှင့်မကုတော့တဲ့။

ဒါနောက်ဆုံးဆိုပဲ။

ဝရန်တာကို ထွက်ရပ်လိုက်တော့ နံနက်ခင်းလေ အေးလေးက သူ့မျက်နှာကို ထိခတ်ကျီစယ်လာသည်။





စိတ်ကို လန်းဆန်းစေသော လေအေးလေးပါ။ ဒီတော့ လက်နှစ်ဖက်ကို ဆန့်နေအောင်ဖြန့်ပြီး ပခုံးကို အစွမ်း ကုန်ဖွင့်၊ အသက်ကို အားပါးတရ ရှူပစ်လိုက်သည်။

အဲ ... အသက်ရှူရင်း မဂျမ်းကို သတိရသွားသည်။ ဘာမှလဲမဆိုင်။

မဂျမ်းကို သတိရတော့ မဂျမ်းဆီ မရောက်တာ ကြာသွားကြောင်း သတိရသည်။

ခုဆို ကောင်းချမ်းမြတောင် ဒုတိယနှစ်ရောက်ပြီ။ သူ မရောက်တာ တစ်နှစ်တိတိရှိကြောင်း သူ မှတ်မိနေသည်။ ဒီနေ့တော့ သူတို့သားအမိဆီသွားဖို့ ခုံးဖြတ်လိုက်သည်။

သူတွေ့ချင်ရှိသက်သက်ကြောင့် ထိုသို့ဆုံးဖြတ်ရတာ တော့မဟုတ်။ ဟိုနှစ်ကောင်က သူ့တို့ပြဿနာနှင့် သူတို့ဆိုတော့ ဒီဘက်ကို အာရုံမရ။

ရေချိုးပြီး ကိုယ့်ကိုယ်ကိုယ် ခါတိုင်းထက်ပိုပြီး သစ်ရပ်အောင် ပြင်ဆင်နေမိသည်။ ဆံပင်ကို ဂျယ်လ်အထပ်ထပ် တိုက်နေမိ။ အင်္ကျီတွေ တစ်ထည်ပြီးတစ်ထည် စိတ်တိုင်းမကျ ချောင်းလဲ။ ရေမွှေးလည်း နှစ်ခါပြန်ဆွတ်မိလားမသိ။



www.burmeseclassic.com

www.burmeseclassic.com



မိုက်ဆံအိတ်ထဲ မိုက်ဆံတစ်ထပ်ဖြည့်ကာ ဖုန်းယူ ကားသော့ဆွဲပြီး အောက်ဆင်းခဲ့လိုက်သည်။

လမ်းမှာ စိတ်ကူးရကာ မီနီမတ်တစ်ခုဝင်ပြီး မုန့်တွေ၊ စားစရာ သောက်စရာ ချိုချိုချဉ်ချဉ်တွေ ဝင်ဝယ်လိုက်သေးသည်။

အိမ်ကိုပဲ ဦးတည်သွားလိုက်သည်။ သူ အခိုက်တွေ့ဖို့ လိုတာက ကောင်းချမ်းမြကိုလေ။ မဂျမ်းကိုမှ မဟုတ်တာ။ ဒီ အချိန်ဆို မဂျမ်း ဆိုင်ရောင်းကောင်းတဲ့ အချိန်လေ။

အိမ်ရှေ့မှာ သူ ကားရပ်လိုက်တာနှင့် ကောင်းချမ်းမြ က ထွက်လာသည်။

"အစ်ကို"

ကောင်းချမ်းမြနှင့် သူကတော့ မကြာခဏ တွေ့ရ ပါသည်။ ကောင်းချမ်းမြရဲ့ကျောင်းကို မကြာခဏသွားတွေ့တာကိုး။ အိမ်ကိုသာ မရောက်တာ။ မရောက်တာထက် မရောက်ဖြစ်အောင် ထိန်းလိုက်တာလေ။

"လာ ... အစ်ကို၊ မေမေလည်း ရှိတယ်"

သူ အိမ်ပေါ်လှမ်းတက်တော့ မဂျမ်းကို အနွေးထည် နဲ့တွေ့ရသည်။



"မဂျမ်း နေမကောင်းဘူးလား"

"ဟုတ်တယ် မောင်ထွန်းမြရေ၊ အဖျားတက်"

"ဆေးခန်းမပြဘူးလား"

"ပြတယ်"

"မပြပါဘူး၊ ဆေးပဲဝယ်သောက်နေတာ၊ ဖျားနေတာ သုံး ရက်ရှိပြီ အစ်ကိုရဲ့၊ ဆေးခန်းပြဖို့ကို ပြောလို့မရဘူး၊ မေမေက ဆေးထိုးခံရမှာ အရမ်းကြောက်တာ"

"ဟဲ့ ကောင်လေး၊ ဘာတွေလျှောက်ပြောနေတာလဲ"

ရှက်ကိုးရှက်ကန်းနှင့် သူ့သားကို ဟန့်နေပုံက ချစ်စရာကောင်းလိုက်တာ၊ ဒါပေမဲ့ အသိကို သတိနှင့်ထိန်းပြီး ...

"ဆေးခန်းမပြလို့တော့ ဘယ်ဖြစ်မလဲ အစ်မရဲ့၊ ဆေးခန်း သွားရအောင်၊ ကျွန်တော် ကားပါတယ် လိုက်ပို့မယ်"

"မင်းကားနဲ့သွားလို့ မသင့်ပါဘူးကွယ်၊ အစ်မဘာသာ ဆိုက်ကားနဲ့ပဲ သွားပါ့မယ်"

"အဲဒါဆိုလည်း အခုသွားမြ။ ကောင်းချမ်းမြ ... မင်းအမေ ကို ဆေးခန်းလိုက်ပြလိုက်၊ အစ်ကို အိမ်စောင့်ပေးမယ်"

"ညနေမှပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ မဂျမ်းရယ်၊ အခုသွားပြလိုက်ပါ"

ကောင်းချမ်းမြလက်ထဲ ပိုက်ဆံတစ်ထပ်ထည့်တော့ ...

"သားကျောင်းစရိတ်လိုရင်တော့ ယူထား။ မေမေ့ဆေးခန်းပြဖို့က ရှိတယ်နော်။ ဩော် ... နောက်ကို စားစရာတွေ မဝယ်လာပါနဲ့ မောင်ထွဋ်မြရယ်"

"တစ်ခါတလေ ဝယ်လာတာပါ အစ်မရယ်၊ ကျွန်တော်က အလုပ်တစ်ဖက်နဲ့ဆိုတော့ တော်ရုံ အစ်မတို့ဘက် မရောက်ဖြစ်လို့ ရောက်တုန်းရောက်ခိုက် ဝယ်ရတာ။ ကဲပါ ... ဆေးခန်းကိုသွားဖြစ်အောင် သွားနော်၊ မဂျမ်း ဆေးခန်းသွားပြီးမှ ကျွန်တော်ပြန်မယ်"

"မောင်ထွဋ်မြရယ် ... မင်းတို့ သူငယ်ချင်းသုံးယောက်ဟာ အစ်မရဲ့မောင်ရင်းခြာတွေလိုပါပဲ၊ ကဲ ... ငါဆေးမတိုးချင်လို့ ပေနေတာ။ ခုတော့ သွားရတော့မယ်"

ပိုက်ဆံအိတ် ချိုင်းကြားညှပ်ပြီး ထွက်သွားသော မဂျမ်းကျောပြင်ကိုကြည့်ကာ နေမကောင်းလို့ ဆိုင်မထွက်နိုင်ရင် ဝင်ငွေရှိပါ့မလားဟု တွေးပူပေးမိသည်။





သူလာတာ မှန်သွားသည်။ မဟုတ်ရင် မဂျမ်း ဘယ်အချိန်ထိ ပေပေနေမလဲမသိ။

ကလေးအမေ မုဆိုးမဘဝဆိုတာ ပိုက်ဆံချမ်းချမ်းသာသာ မုဆိုးမဆိုလျှင် အနည်းငယ် ဖြေသာသည်။ ခုလိုကိုယ့်ဒူးကိုယ်ချွန် မုဆိုးမဘဝကတော့ ကြမ်းတမ်းပါသည်။

အဲဒီကလေးအမေ မုဆိုးမကို သနားကရုဏာသက်မှာ ချစ်နေမိသော်လည်း လက်ထပ်ယူဖို့အထိ သတ္တိမရှိနိုင်တာကိုတော့ ကိုယ့်ဘာသာပဲ သိသည်။

ထို့ကြောင့် ...

ချစ်ခြင်းကရုဏာနှင့် အတတ်နိုင်ဆုံး ထောက်ပံ့ပေါင်ရှောက်ဖို့ပဲ ဆုံးဖြတ်ထားပါသည်။ ထို့အတွက် အကျိုးတစ်စုံတစ်ရာ မျှော်လင့်ခြင်းကင်းတာ သေချာပါသည်။

✧ ♥ ✧



www.burmeseclassic.com

www.burmeseclassic.com



"မြေးလတ် သိပ်စိတ်ဆင်းရဲနေသလား"

နံနက်စာ ကော်ဖီဝိုင်းက မကြီးပန်းချီ မရှိတော့သည့်နောက်ပိုင်း ဘိုးဘိုးနှင့် ဆီဆေးပဲရှိတော့သည်။ ရေဆေးက ကျောင်းပြန်သွားပြီလေ။

"ဒီလိုပါပဲ ဘိုးဘိုး၊ ဆီဆေး ဖြေနိုင်ပါတယ်"

"ဒီတစ်ခါ ဘိုးဘိုး လူချွေးမှားလို့ မြေးလတ် ဒီအဖြစ်နဲ့ ကြုံရတာ ဘိုး စိတ်မကောင်းဘူး"

"ဒီလိုလည်း မပြောပါနဲ့ ဘိုးရယ်၊ ကံပဲပေါ့"

"မြေးကြီးမင်္ဂလာပွဲတုန်း ပုလဲတွေအပ်တဲ့ Gem ကို မြေးလတ် သိတယ်မို့လား။ အဲဒီ Gem ပိုင်ရှင်မှာက သားတစ်ယောက်ပဲရှိတာ မြေးလတ်ရဲ့။ အဲဒီသားနဲ့ မြေးလတ်ကို နေရာချထားပေးချင်တယ်တဲ့၊ အားလုံး ဘိုးတို့ဘက်က စိတ်တိုင်းကျ စီစဉ်ပေးမယ်ဆိုပဲ"





"ဘိုး ဘာပြန်ပြောလိုက်လဲဟင်"

"ဘိုးကတော့ မြေးကို ပြောလိုက်ဦးမယ်ပဲ ပြောထားတာပေါ့၊ ဒါပေမဲ့ ဘိုး သဘောတူတယ်။ ကောင်လေးအကြောင်းလည်း အားလုံးစုံစမ်းပြီးပြီ။ စိတ်တိုင်းကျတယ်၊ ကောင်လေးကိုယ်တိုင်က မြေးကို သဘောကျဆိုပဲ မြေးရဲ့"

"ဘိုး ရေရေရာရာ အကြောင်းမပြန်ရသေးဘူး ဆိုရင်တော့ ဆီဆေး လက်မခံပါရစေနဲ့ဦး ဘိုး။ ဘိုး ငြင်းပေးပါ။ ဆီဆေး အဲဒီကိစ္စတွေကို စိတ်မဝင်စားတော့ဘူး ဘိုး။ ပထမတစ်ခါ ဘိုးဆုံးဖြတ်တာ ဆီဆေးနာခံပြီးပြီ။ ဒီတစ်ခါ ဆီဆေးကို ဆုံးဖြတ်ခွင့်ပေးပါ"

"မြေး ... ကောင်လေးအကြောင်း စုံစမ်းကြည့်ပါဦးလား မြေး။ တွေ့ကြည့်ပြီးမှ မြေးမကြိုက်ရင် ငြင်းပါလား"

"ဆီဆေး သူ့ကို သိတယ် ဘိုး၊ သူတို့က ရှမ်းတရုတ်ထင်တယ်၊ ဆီဆေး သူနဲ့သိပါတယ်။ မကြီးမင်္ဂလာပွဲအတွက် ပစ္စည်းတွေ အပ်တုန်းက သူနဲ့စကားလည်း ပြောဖူးပါတယ်၊ ဒါပေမဲ့ ဆီဆေး လက်မခံပါရစေနဲ့ ဘိုး"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ။ မြေးလတ် သဘော။ ဘိုးစီစဉ်တာ အဆင်မပြေတော့လည်း မြေလတ်ကိုပဲ စိတ်ကြိုက်ရွေးခွင့် ပေးရတော့မှာပေါ့၊ မိုးခါးကလွဲရင် မြေးလတ် သဘောကျတဲ့လူခေါ်ခဲ့ ဘိုး အကဲခတ်ပေးမယ်"

မိုးခါးကလွဲရင်တဲ့။ မိုးခါးကလွဲရင် ဆီဆေးနှလုံးသားက ဘယ်သူ့ကိုမှ လက်ခံမှာ မဟုတ်ပါ။ ထို့ကြောင့် ဘိုးစကားကို /ယောင်လို့တောင် ခေါင်းမညိတ်မိ။

"ကြားလား မြေး"

"ဘိုးရယ် ,,, မိုးခါး ဆိုတဲ့အသံကို မကြားချင်တော့ပါဘူး"

"ကောင်းတယ် မြေး။ မြေး အိမ်ထဲအောင်းနေတာ တော်တော်ကြာပြီ။ ဘာမဟုတ်တဲ့ကိစ္စအတွက် အချိန်ကုန်အလုပ်ပျက်ခံမနေနဲ့။ ဒီနေ့ ဘိုးနဲ့ ဆိုင်ကိုပြန်လိုက်ခဲ့တော့။ သွားလှလှပပလေး ပြင်ခဲ့"

ဆီဆေးလည်း အိမ်မှာနေရတာ ပျင်းစပြုလာပြီ။ ဒီတော့ ဘိုး စကားအတိုင်း ဘိုးနဲ့ ဆိုင်လိုက်ခဲ့လိုက်တော့သည်။

"ဟေး ... မမလတ် လာတယ်"





ဆိုင်ကဝန်ထမ်းတွေရော၊ ဝပ်ရှော့က အလုပ်သမားတွေပါ ဆီဆေး ဆိုင်ပြန်ထိုင်သဖြင့် ပျော်ကြသည်။

ဆီဆေး မလာသည့်ရက်တွေအတွင်း ပြောင်းလဲကုန်သည့် ဆိုင်အခင်းအကျင်းတွေကို ပြန်ပြုပြင်ရသည်။ ဟိုပစ္စည်းဒီမ,၊ ဒီပစ္စည်းဟိုရွှေ့နှင့် ကိုယ်တိုင်မ,မရ၊ မသယ်ရပေမယ့် စိတ်မောရသည်။

ဘိုးကတော့ သူမကိုကြည့်ပြီး တပြုံးပြုံးနှင့် သားနှင့်ချွေးမဆုံးပြီးနောက်ပိုင်း ကျန်သည့် မြေးမကြီးငယ်လတ် သုံးဦးကို ဒီလိုဖြစ်အောင် ဘိုးဘွားလိုတစ်မျိုး၊ မိဘလိုတစ်သွယ် သူဘယ်လောက် အုပ်ထိန်းခဲ့ရသလဲ။

မြေးတွေ အရွယ်ရောက်ပြီး အိမ်ထောင်ရက်သားတကျ ဖြစ်ဖို့ပါ ကြိုးစားခဲ့ရသည်။ သို့သော် မြေးမကြီး ကံကောင်းသမယ့် မြေလတ်ကလေး ကံခေရှာသည်။

မြေးမကြီးနှင့် မောင်ဖြိုးသူကတော့ တစ်ဦးကိုတစ်ဦးချစ်ခင်စုံမက်ကြသည်။ သို့သော် မြေးလတ်နှင့် ပင်ရင်းကတော့တစ်ယောက်က တစ်ယောက်ကို မနှစ်သက်ခဲ့ကြ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ အိမ်ထောင်ရေးမှာ နှစ်ဦးနှစ်ဖက်လုံး မဟုတ်သည့်တိုင် တစ်ဦးတစ်ဖက်လောက်ကတော့ အချစ်ပါသင့်သည်ဟု သူ ထင်လာမိသည်။

မြေးလတ်ကိစ္စ ကမောက်ကမဖြစ်တော့ မြေးငယ်အတွက်တောင် စီစဉ်ဖို့ခက်သည်။

ကလေးတွေကို အရင်တွေ့ပေးပြီးမှ လူကြီးချင်း စကားပြောဖို့ ဆုံးဖြတ်လိုက်ပြီ။ ဒါဟာ အဘိုးတစ်ယောက်ရဲ့ ချစ်ခြင်းမေတ္တာဆိုတာ မြေးတွေ နားလည်နိုင်ပါစေ။

✧♥✧





မေဆီဆေး အပြင်ပြန်ထွက်၊ ဆိုင်ပြန်ထိုင်မှန်း သိကတည်းက ဆီဆေးနဲ့တွေ့ခွင့်ရဖို့ ကြိုးစားနေမိသည်။ သို့သော် သူမဘေးမှာ သူမအဘိုးက အမြဲလိုလိုပါသည်။

ဒီတော့ သူတစ်ပတ်လုံးလုံး အခွင့်မသာပဲ မျက်နှာလေး တိတ်တဆိတ်ငေးကာ တောက်ခေါက်ပြီး တပ်ခေါက်ပြန်ရသည်။

သူမ နားရက် တနင်္ဂနွေနေ့မှာ သူမ အပြင်ထွက်မထွက် စောင့်ကြည့်ရမည်။ ဆီဆေး ဆိုသည့် ကလေးမဟာ ကြာကြာ အိမ်တွင်းအောင်းတတ်သူတော့ မဟုတ်။

ဒီတော့ သူမတို့ခြံနှင့် မလှမ်းမကမ်းမှာ မိုးလင်းကတည်းက သုံးယောက်သား လာစောင့်နေမိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့စီးနေသော ကားတွေမယှပဲ ကားပြောင်းလာသည်။ ပင်ရင်းနှင့် မိုးခါးက စက်ရုံယူနီဖောင်းပုံစံ စက်ပြင်သမားဝတ်စုံတွေဝတ်ကာ ကားစက်ဖုံးဖွင့်ပြီး ဟိုစမ်းဒီနှိုက်နှင့် မရှိသည့်အပြစ်ကို ရှာချင်ယောင်ဆောင်သည်။

ထွန်းမြက ပါတိတ်ဆင် ဟာဝေယံရှပ်နှင့် ရှိုင်ပုဆိုးဝတ် ရုပ်ဖျက်ကာ ပိုက်ဆံအိတ် ချိုင်းကြားတညှပ်ညှပ်။ မျက်မှန်တပင့်ပင့်နှင့် မအူမလည် ကားပိုင်ရှင်ဟန်ဆောင်သည်။

ထိုသို့ ရုပ်မဖျက်ရင် သူတို့လာစောင့်တာ အဘိုးကြီးသိသွားနိုင်သည်။ အဘိုးကြီးက လျှော့တွက်လို့ မရသည့် အဘအဘိုးကြီး။ ခြေလှမ်းက ဘာကျဲသလဲ မမေးနှင့်။

ခဏနေတော့ အဘိုးကြီးကား ထွက်သွားသည်။ ဝတ်စုံပြည့်ဝတ်ထားပုံအရ ကော့ဖီ သွားရိုက်တာ ဖြစ်နိုင်သည်။

မျှော်လင့်သူကတော့ ထွက်မလာသေး။ စောင့်ပါသေးရဲ့။ သူတို့ ကားပြင်နေတာက လမ်းဘေးသစ်ပင်ရိပ်ကောင်းတစ်ခုမှာမို့။ မဟုတ်လို့ နေပူထဲမှသာဆို မလွယ်။

"ဟာ ... ဟိုမှာ ဆီဆေးကား ထွက်လာပြီကွ"

"ဆီဆေး တစ်ယောက်တည်းကွ"





"လိုက်နော်၊ မျက်ခြည်မပြတ်စေနဲ့"

သူမကားက တရိပ်ရိပ် ပြေးနေသည်။ တဖြည်းဖြည်းမှ မြို့ပြင်ဘက်ကို ဦးတည်နေမှန်း သိသာသည်။

သူမကားနောက်က ကပ်လည်းမလိုက်ရဲ၊ သိပ်လည်း ခွာရဲပဲ ပါလာကြသည်။ မိုးခါးက ...

"ထွန်းမြ ... ဖယ်၊ ငါ မောင်းမယ်၊ သူ ဘယ်သွားတာလဲ ငါ သိတယ်"

တဖြည်းဖြည်းနှင့် သူတို့ကားလေးက ရန်ကုန်-သန်လျင် တံတားပေါ် ရောက်သည်။ ရန်ကုန်မှာက ကားတစ္စပ်ရှုပ်မို့ သူတို့လိုက်လာတာ မသိနိုင်ပေမယ့် သန်လျင်လို ကားကျဲသည့်နေရာမှာ သူမနောက်ကို သိသာစွာလိုက်ရန် မဖြစ်တာမို့ သန်လျင်မြို့အဝင်မှာ ရုပ်ကျန်ခဲ့လိုက်သည်။

"ဟာ ... လိုက်လေ မိုးခါး၊ ဘာကြောင့်တာလဲ"

"ဒီလောက် ရှင်းနေတာ ဆက်လိုက်ရင် ရိပ်မိသွားမှာပေါ့ကွ။ သူ ဘယ်သွားလဲဆိုတာ ငါသိတယ်။ အဲဒီကိုရောက်လောက်ပြီထင်မှ လိုက်ကြတာပေါ့"

"ဘာလဲ ... မင်းပြောဖူးတဲ့ ရိုးရာလက်ဖက်ရည်ဆိုင်လား"

www.burmeseclassic.com



"သေချာတာပေါ့"

တကယ်ပဲ။ သူတို့ ရိုးရာလက်ဖက်ရည်ဆိုင်ကိုရောက်တော့ ဆိုင်အပြင်ဘက် လမ်းတစ်ဖက်ခြမ်းမှာ ရပ်ထားသော သူမကားကို တွေ့ရသည်။

"မိုးခါး အောင်မြင်ပါစေ"

သူငယ်ချင်းသုံး ရှိတာတိုက်ပြီး (လက်သီးချင်း တိုက်တာပါ) မိုးခါး ရိုးရာဆိုင်ထဲက လင့်စင်ပေါ်သို့ တက် လိုက်တယ်။ အဲဒီမှာ သူမရှိမှန်း သေချာတယ်လေ။

ဟိုနှစ်ကောင်ကတော့ ဆိုင်ခန်းမထဲမှာပဲ ကျန်ခဲ့ တယ်။

ဆိုင်အဝင်ဝကို ကျောပေးထိုင်နေတဲ့ သူမက သူ ရောက်လာမှန်း ဘယ်လိုလုပ်သိမှာလဲ။

လက်ဖက်ရည်ပေါ့ကျခွက်က အရာမယွင်းသေး အငေးကိုငေးနေတဲ့ သူမ လင့်စင်ပေါ်တက်လာတဲ့ သူ့ခြေသံ ကြောင့် လှည့်ကြည့်လာတယ်။

ပထမဆုံး ...





သူမမျက်လုံးရော နှုတ်ခမ်းပါ ဝိုင်းစက်သွားပြီး အံ့သြတယ်။

ပြီးတော့ ...

မျက်လုံးမှာ စိမ်းရိပ်ဆင်တယ်။ နှုတ်ခမ်းကိုတွန့်ပြီး မဲ့တယ်။ အမုန်းတွေဖုံးတဲ့ စကားလုံးမာမာတွေ သုံးတယ်။

"ရှင် ဘာလာနှောင့်ယှက်တာလဲ"

"ကိုယ် ရှင်းပြချင်လို့ လာတာပါ"

"အို ... မရှင်းပြနဲ့"

နားနှစ်ဖက်ကို လက်ဖဝါးနဲ့ဖိတယ်။ မျက်လုံးကို စုံမှိတ်တယ်။ ဒါပေမဲ့ မျက်ရည်စတွေက အတင်းတိုးထွက်ချင်နေ ကြတယ်။

"ဆီဆေး ... ကိုယ်ရှင်းပြတာ နားထောင်ဦးလေ။ ဆီဆေး သိတဲ့အသိနဲ့ တကယ်ဖြစ်တဲ့ အဖြစ်ကြားမှာ ကွာဟချက် တွေရှိသေးတယ်လေ"

"မသိချင်ဘူး၊ မှန်မှန်မှားမှား ဘာမှမသိချင်ဘူး"

သူမ လင့်စင်ပေါ်က ထရပ်တယ်။ လှည့်ထွက်သွားဖို့ ပြင်တယ်။ သူ ခွင့်မပြုနိုင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



သူမ ဘယ်လက်ကို လှမ်းဆွဲမိတော့ ညာဘက်လက်က အင်ပြည့် အားပြည့် အသံပေးတယ်။

"ဖြန်း ... ဖြန်း"

ဘယ်ပြန် ညာပြန် ခံစားချက်ဆိုတာ ဒါပဲ။ တစ်ဆိုင်လုံးက အကြည့်တွေ လင့်စင်ပေါ် ရောက်လာတယ်။ သူကတော့ ထူပူသွားတာပဲ သိတော့တယ်။ ဒါပေမဲ့ သူမလက်ကိုလွှတ်မပေးမိဘူး။ သူမလည်း ရုတ်တရက် ရုန်းဖို့မေ့သွားသည်။ သို့သော် ခဏပဲ။ သူမ ရုန်းတယ်။

သူ ဘယ်လိုမှ လွှတ်ပေးဖို့ မစဉ်းစားဘူး။ လက်ကို မလွှတ်ပေးဖြစ်ဘူး။ ဒါပေမဲ့ သူ့နှုတ်ဖျားကလည်း ဘာစကားမှ မဆိုဘူး။ နှုတ်ခမ်းတွေတော့ တုန်နေတယ်။ မျက်ရည်တွေလည်း ဝဲနေတယ်။

မတ်တတ်ရပ်နေတဲ့ ဆီဆေးကို အသနားခံ ကြည့်မိတော့ မျက်ဝန်းထောင့်က မျက်ရည်စက နိုးထွက်တယ်။ သူ့ပါးပြင် ဖြူနုနုမှာ လက်ငါးချောင်းရော အနီစင်းတွေ ထင်းနေတယ်။ ရိုက်သည့်အရှိန် ပြင်းတာရယ် သူ့အသားဖြူဖြူရယ်က သူ့ပါးကို ရုပ်ဆိုးသွားစေတယ်။





သူ့မျက်နှာကိုကြည့်ပြီး သူမ ပြန်ထိုင်တယ်။ သူ့ကိုတော့ မကြည့်တော့ပဲ မျက်နှာလွှဲသွားတယ်။ လက်ကိုလည်း ရုန်းသွားတယ်။ သူမ ပြန်ထိုင်နေပြီမို့ လွှတ်ပေးလိုက်ပါတယ်။

ထို့နောက် ပင်ရင်း မေရေဆေးကို သဘောကျတာ ထလွှဲပြီး စ,လယ်,ဆုံး ရှင်းပြလိုက်တယ်။ သူ့အသံတွေ တုန်နေတယ်။ ဒါဟာ စာမေးပွဲမှာ ဗိုက်ဗာဖြေရသလိုပဲ။

"ကိုယ် ဆီဆေးကို တကယ်ချစ်လို့ ဆီဆေးနားကို ရောက်လာခဲ့တာပါ"

အဲဒီတစ်ခွန်းနဲ့ အဆုံးသတ်လိုက်တယ်။ ဆီဆေးက ငေးငိုင်နေတယ်။ သူမ စဉ်းစားနေတာက တခြားမဟုတ်။ ဘိုးဘိုးရဲ့သတ်မှတ်ချက်ကြောင့် စဉ်းစားနေရတာ။ မိုးခါးကလွဲရင်တဲ့။

"နေဦး ... ရှင်တို့ မုဆိုးမသားအမိကို ထောက်ပံ့နေတယ်ဆိုတာကရော"

မဂျမ်းတို့သားအမိနှင့် သူတို့ရဲ့ပတ်သက်ပုံကိုပါ ရှင်းပြရသည်။ မဂျမ်းနှင့် ထွင့်မြ နီးစပ်မှာဆိုး၍ သူတို့နှစ်ယောက်ကြားဝင်နေကြောင်းပေါ့။

"ဒါကျတော့ သိတတ်ကြတယ်နော်။ ရှင်တို့အချစ်ကကလေးအံမေ မုဆိုးမကိုကျတော့ ယူရဲတဲ့သတ္တိ ရှိပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... ဒါက ဒီလိုရှိတယ်လေ။ ကလေးအမေ မုဆိုးမ ဆိုပေမယ့် ပါလာတဲ့ကလေးက ကိုယ့်သားအရွယ် မဟုတ်တဲ့ ကိုယ်နဲ့မတိမ်းမယိမ်း ဖြစ်နေတာရယ်။ ပြီးတော့ သူနဲ့ အဲဒီကလေးအမေက အသက်တော်တော်ကွာတယ်လေ။ ဒီတော့ ဒီသားနဲ့ ဒီအမေကြားမှာ သူ ဘယ်လိုလက်ထပ်မလဲ၊ ဒါကို တွက်တာပါ။ သက်တူရွယ်တူ ဆိုရင်တော့ သူ ယူဦးမှာတဲ့"

ဒီလိုဆိုတော့လည်း ဟုတ်သား။ သူက လူပျိုနုနု ထွတ်ထွတ်ပဲ။ ကိုယ်နဲ့မတိမ်းမယိမ်း အရွယ်ရှိတဲ့ သားတစ်ယောက်ပါတဲ့ ကလေးအမေ အသက်ကြီးကြီး မိန်းမကို ယူဖို့ဆိုတာ ဘယ်အဆင်ပြေပါ့မလဲနော်။

"ဒီကလေးကလည်း ဆရာဝန်အရမ်းဖြစ်ချင်တာဆိုတော့ သူချစ်တဲ့စိတ်ကို မျိုသိပ်ပြီး ဖြူဖြူစင်စင် ထောက်ပံ့တဲ့သဘောပါ"

"အင်းပါ ... ထားပါတော့"

"ဆီဆေး ကိုယ့်ကိုရော နားလည်ပြီလားဟင်"

"စဉ်းစားလိုက်ဦးမယ်"





"ဆီဆေး နားလည်မလည် ကိုယ်သိချင်တာပါ၊ ဆီဆေးဆီက ကိုယ့်အပေါ် နားလည်မှုကို လိုချင်တာထက် ဆီဆေး အထင်တွေလွဲပြီး စိတ်ပင်ပန်းနေမှာစိုးလို့၊ ကိုယ့်အပေါ် နားလည်မှုလွဲပြီး ဆီဆေး ခံစားနေရမှာ စိုးလို့ပါ။ ဖုန်းက ဆက်မရ။ လူချင်းတွေ့ဖို့ကလည်း ဆီဆေးက အပြင်မထွက်နဲ့။ ဆီဆေး အရမ်း အထင်လွဲသွားမှာပဲ၊ ခံစားရမှာပဲဆိုပြီး စိတ်မကောင်း ဖြစ်နေတာ၊ ဆီဆေး သိပ်ခံစားနေရလားဟင်"

"မခံစားရပါဘူး။ ဘာလို့ ခံစားရမှာလဲ"

ခုချိန်မှာ တိမ်စင်လ ဖြစ်နေသော သူမမျက်နှာက ဝင်းပနေသည်လေ။ သူမမျက်နှာကိုကြည့်ပြီး အပေါင်းလက္ခဏာဆိုတာ။

✧ ♥ ✧



www.burmeseclassic.com

www.burmeseclassic.com



"ရှိး ရှိး ရှိး ... ရှိ ရှိ ရှိ ... ရှိး ရှိ ... ကျလိ ကျိ ကျိ"

"နားညည်းလိုက်တာကွာ၊ သနပ်ခါးတုံး သွေးသံက နားငြီး တာတစ်မျိုး။ ပါးစပ်က တရှိးရှိး လေချွန်တာကတစ်မျိုး။ ဟင်း ... အဆင်မပြေတုန်းကတော့ မျောက်ဖင်နီ လင်းတ မှိုင် မှိုင်နေသလိုရုပ်နဲ့"

"မောင်ပင်ရင်း ပြောချင်တာပြော၊ ဟုတ်ပြီလား"

"ဟိတ်ကောင် ... မင်းရဲ့ဖူးစာရေးနတ်ကို မစော်ကားနဲ့ကွ ငါ၏ကောင်းမှု အကြောင်းပြုပြီး မင်းနဲ့ မေဆီဆေး ဆုံ ရတာနော်၊ ဒါပဲ"

"အေးပါကွာ အေးပါ၊ ဟဲ ဟဲ ... ဒါနဲ့ ငါလည်း ငါ့ကိစ္စ နဲ့ငါဆိုတော့ ထွန်းမြရဲ့ မဂျမ်းဘက်တောင် မရောက်ဖြစ် ဘူး။ မင်း ရောက်သေးလား ပင်ရင်း"





"ဘယ်လိုလုပ် ရောက်မှာလဲ။ ငါတောင် အိမ်ပေါ်ကနှင်ချ ခံရပြီး မင်းတို့ဆီ လာကပ်နေရတာကို။ ဒါပေမဲ့ မင်းမပူ ပါနဲ့။ ထွန်းမြ သွားနေပါတယ်"

"ဟာ ... ဒီလိုလွှတ်ထားလို့ မရဘူးလေ။ သူတို့ နီးစပ် သွားမှာပေါ့"

"ငါတော့ မပူတော့ဘူး၊ ထွန်းမြကလည်း စဉ်းစားတတ်တဲ့ အရွယ်ပဲကွာ။ ပြီးတော့ မဂျမ်းကလည်း ခပ်ပွဲပွဲမိန်းမ မဟုတ်ပါဘူး။ ထွန်းမြက ယူချင်ပါတယ် ဆိုတာတောင် မဂျမ်းက လက်ခံမှာ မဟုတ်ဘူး။ မဂျမ်းဘက်ကို စိတ်ချ ရပါတယ်ကွာ"

"အင်း ... ဟုတ်ပါတယ်၊ ငါလည်း သူများအကြောင်းသာ ပူနေတာကွ။ ငါ့ကိစ္စကလည်း မီးမစိမ်းသေးဘူး"

"ဟာ ... ဆီဆေးဆီက အဖြေရဖို့ပဲ ကျန်တာမို့လား"

"အဲဒီအဖြေရဖို့ ခဲယဉ်းနေလို့ ပြောတာပေါ့ကွ။ သူ့အဘိုး က ပြောထားတယ်တဲ့။ ငါကလွဲရင် ကြိုက်တဲ့သူ ခေါ်ခဲ့ တဲ့။ ငါ့ကိုတော့ မီးနီပဲကွာ။ အဲဒါ ဆီဆေးကလည်း သူ့ အဘိုး စိတ်ဆင်းရဲအောင် မလုပ်ချင်ဘူးတဲ့"



www.burmeseclassic.com

www.burmeseclassic.com



“ဟာကွာ … ဒါဆိုလည်း ဝထ္ထုအစီအစဉ်အတိုင်း ကားတင်ပြေးကွာ။ ဟော့ကောင် … မေဆီဆေး ကြည်စေအေးစေ ဖြစ်နေတုန်း လှုပ်ရှားနော်။ ဒါ သူ တွေဝေနေတာ။ တွေဝေမခံနဲ့။ ကိုယ့်ဘက်ပါအောင်ဆွဲ”

“သူက သူ့အဘိုးကို အရမ်းအလေးထားတာကွ။ သူ့အဘိုး စိတ်ဆင်းရဲမှာတော့ တော်တော်ကြောက်ပုံပဲ။ တစ်ခါတလေကျရင် ငါ့ကို ချက်ချင်းအဖြေပေးတော့မလိုနဲ့ အဲ … အဲဒီအချိန်မှာ သူ့အဘိုးကို ရုတ်တရက် သတိရသွားပြီဆိုရင် တော့ သွားပြီ”

“အေး … ဒီအဘိုးကပဲ အဖေ၊ ဒီအဘိုးကပဲ အမေ ဖြစ်နေလို့လား မသိဘူး။ ဒါပေမဲ့ အဘိုးကြီး ဩဇာတော့ တော်တော်ညောင်းတာကွ”

မိုးခါးက သွေးပြီးသား သနပ်ခါးတွေကို လက်ညှိုးနှင့် တယုတယ ခြစ်ယူကာ ဖန်ဘူးအဖြူလေးထဲ ထည့်နေသည်။ ထပ်သွေးလိုက်၊ ခြစ်ယူလိုက်နှင့် ဘူးအပြည့်ကို သွေးထည့်နေ၏။

“မိုးခါး … မင်း အဲဒီမိန်းကလေးတစ်ယောက်ကို သနပ်ခါး သွေးပေးရတာ ဘယ်လိုခံစားရသလဲ”





“ပျော်တယ်၊ ကျေနပ်တယ်၊ ကြည်နူးတယ်၊ ညရောက်ရင် သူတော့ ငါသွေးပေးထားတဲ့ သနပ်ခါးလေးလူးပြီး မွှေးအိ နေမှာပဲဆိုပြီး … ဂလု”

“ဘာလဲ အဲဒီဂလုက”

“တံတွေးမျိုချမိတာပါကွာ”

“ဟွန်း … ပြစ်မှားနေတာ မသိဘူးများ မှတ်နေလား။ အင်း … ပြောသာ ပြောရတာကွ။ ငါလည်း အဲလိုကြည်နူးချင်လိုက်တာ။ ဒါပေမဲ့ ဒီတစ်သက်တော့ မေရှေဆေးဆိုတာ အိပ်မက်တောင် မက်လို့မရတော့ပါဘူးကွာ”

“အေး … မင်းရောဂါကတော့ ကုစရာဆေးမရှိတော့ဘူးကွ၊ ဘာပဲဖြစ်ဖြစ် နှစ်ဖက်လူကြီးတွေ အဆင်မပြေနိုင်တော့တာကို နောက်ရွှေ့လိုက်ဦး။ မေရှေဆေးက လောလောဆယ်မှာတော့ သူ့အစ်မဆီဆေးနဲ့ ပိုးဆိုးပက်စက် ဇေစပ်ပွဲဖျက်ထားတဲ့ မင်းကို လုံးဝမကြည်လင်ဘူး။ မင်း လက်လျှော့လိုက်”

“မသာရယ် … သက်သက်ညှာညှာ ဝေဖန်ပါဟယ်”



www.burmeseclassic.com

www.burmeseclassic.com



တဟီးဟီးရယ်ရင်း မိုးခါး သနပ်ခါးသွေးလို့ ပြီးသွားသည်။ ဖန်ပုလင်းလေးကို လုံအောင်ပိတ်ပြီး ငွေရောင်အိတ်ကလေးထဲထည့်ပြီး ငွေရောင်ဖဲကြိုးလေးနှင့် စုချည်လိုက်သည်။ ချစ်သူဆီ ဆက်သဖို့ အားလုံး အိုကေ။

"ကဲ ... မောင်ပင်ရင်း၊ ငါ သနပ်ခါးတော် ဆက်သဖို့ သွားလိုက်ဦးမယ်၊ လိုက်မလား။ အိမ်မှာ မင်းတစ်ယောက်တည်း နေခဲ့မလား"

"အဲလို ညစ်တစ်တစ် မေးလို့ကို မလိုက်ဘူးကွာ"

✧♥✧





မိုးခါးနဲ့ ဆီဆေးမှာ တွေ့သာတွေ့ရတာ ပေါ်တင်[illegible]ခွင့်မရပါ။ ဘိုးဘိုးက ဆီဆေးကို ဒီတိုင်းလွှတ်ထားမှာမဟုတ်ဘူးလေ။ ထို့ကြောင့် ဘိုးဘိုး၏ထောက်လှမ်းမှုကလွတ်အောင်နည်းအမျိုးမျိုး ရှာကြံစဉ်းစားရသည်။

တစ်ခါတလေ ဆီဆေးက မနက်ရုံးလာရင်း လမ်း[illegible]တိုးဆိုင်ဖြစ်စေ၊ မိနီမာ့တ်ဖြစ်စေ အကြောင်းတစ်ခုခု ခေါင်းစဉ်ဆယ်ကာ ဝယ်စရာမရှိ ရှာကြံဝင်ဝယ်သည်။

မိုးခါးက ထိုဆိုင်ထဲမှ ဦးထုပ်လေး ငိုက်စိုက်ဆောင်းရှင်ချက်ကာ စောင့်ပြီး သနပ်ခါးဘူးလေး ပေးရသည်။

တစ်ခါတလေကျရင် ညနေဘက် ဆီဆေးက ကော်ဖီဆိုင်တစ်ဆိုင်ဆိုင် ဝင်ထိုင်တတ်ပြီး မိုးခါးက သွားစောင့်ရသည်။

တစ်ခါတစ်ရံလည်း မိုးခါးက ဆီဆေးတို့ဝပ်ရှော့မှာ ကားရေလာဆေးတတ်ပါသည်။ သို့သော် နှုတ်ခမ်းမွေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ပါးမြိုင်းမွေးတွေ အတုတပ်ပြီး မျက်မှန်မည်းကြီးတပ်လို့။ ကြို ဓာတ်တိုက်ထားသည်မို့ ထိုအချိန်မျိုးဆို ဆိီဆေးက ဝယ်ရှောထဲ ဆင်းလာတတ်သည်။

တစ်ခါတစ်ရံ ပိတ်ရက်တွေ ဆီဆေး ရှော့ပင်ထွက် ရင် မိုးခါးမှာ လိုက်ပါခွင့်မရ။ တွဲသွားခွင့်မရ။ ဆီဆေး ဘယ် ပလာဇာကိုလာမယ်၊ ဘယ်ရှော့ပင်းမောလ်မှာရှိမယ် စသဖြင့် ကြိုပြီးသွားစောင့်ရသည်။

ဝယ်သည့်နောက် တကောက်ကောက်လိုက်ပြီး ထို ရှော့ပင်းမောလ်က ထွက်ပြီဆိုရင်တော့ တစ်လမ်းဆီ တကွဲစီ ပြန်ပေတော့။ အဲဒီလိုနဲ့ပဲ ...။

✧♥✧



အဲဒီနေ့က သူ့မွေးနေ့တော့ မဟုတ်ဘူး။ ဒါပေမဲ့ သူ့မွေးနေ့ချင်ယောင် ဆောင်လိုက်တယ်။

"ဆီဆေး မနက်ဖြန် ကိုယ့်မွေးနေ့။ ပြီးတော့ ဆီဆေးလည်း အလုပ်နားတာပဲကွာ။ မနက်ဖြန်တစ်ရက်တော့ ကိုယ့်ကို အချိန်ပေး"

"အချိန်ကို ဘယ်လိုပေးရမလဲ။ ဘိုးဘိုး သိလို့တော့မဖြစ် ဘူးနော်"

"ကျွတ် ... ကိုယ့်မွေးနေ့ကိုတောင် စိတ်ချမ်းသာမှု မပေးနိုင် ဘူးလားကွာ"

"ရေရှည်စိတ်ချမ်းသာဖို့ ဒီတစ်မွေးနေ့နဲ့ မရင်းနိုင်ဘူးလား ကိုမိုးခါး"

www.burmeseclassic.com

www.burmeseclassic.com



သူ စိတ်မကောင်းစွာ ဖုန်းချလိုက်သည်။ သူမ မလိုက်တဲ့အတွက် သူ မျှော်လင့်ချက်ပျက်သည်။ သူမသည် သူ့ မွေးနေ့ကိုတောင် ဥပေက္ခာပြုရက်သည်။

ထိုညက သူ အိပ်မပျော်။ ဘယ်လူးညာလိမ့်ဖြစ်နေသောသူ့ကို ပင်ရင်းက လာခွသေးသည်။

ထွင့်မြ ခုတင်ပေါ်အိပ်လိုက်၊ သူ့ခုတင်ပေါ်အိပ်လိုက်ဖြင့် ပင်ရင်းမှာ အဆင်ပြေနေသည်။ အဆင်မပြေတာက သူနှင့်ထွင့်မြ။ ပင်ရင်း လာခွင်ရင်း လန့်နိုးရင်းနှင့် အိပ်ရေးပျက်လှသည်။

ခုလည်း ပင်ရင်းကို ဖယ်နေတုန်း ဖုန်းမြည်လာသည်။

"ကိုမီးခါး မနက်ဖြန် မနက်ခြောက်နာရီတီတီမှာ ဘုရားပေါ်ကစောင့်၊ ဆီဆေး ရုပ်ဖျက်ပြီး ထွက်ခဲ့မယ်"

ခုမှ သူ အိပ်ပျော်သည်။ Alarm ပေးထားသော နာရီနှစ်လုံးကိုယူကာ ဧည့်ခန်းထဲက ဒရင်းဘက်ခ်ပေါ်မှာပဲ အိပ်လိုက်တော့သည်။ အိပ်မက်ထဲမှာ သူနဲ့ မေဆီဆေး တရားဝင်ချစ်သူဖြစ်သွားပြီး ပြုံးပျော်နေရသတဲ့။ လပ်ကီးအိပ်မက်လေးပါပဲ။

"ကလင်း လင်း လင်း"





"တီး တင်း တင်း"

"ကလင်း လင်း လင်း"

"တီး တင်း တင်း"

အိပ်မက်က ရုတ်တရက် လန့်နိုးရပြီ။ ခြောက်နာရီထိုးဖို့ နာရီဝက်ဆိုတော့ ငါးနာရီခွဲပေါ့။

သူမက ဘုရားကိုလာမည်ဆိုတော့ ပိုးတွဲပုဆိုးနဲ့ လည်ကတုံးလက်ရှည်လေး ဝတ်လိုက်သည်။ ဘုရားကိုရောက်တော့ အရှေ့ဘက်မုခ်ဓာတ်လှေကားနားမှာ သူမကို တွေ့ရသည်။

ခရမ်းရောင်အခံမှာ ခရေပွင့်တွေ အစုလိုက်ပါသော တော်စုံလေးနှင့် ခေါင်းမှာ ပဝါပတ်ခြုံထားပြီး နေကာမျက်မှန်တပ်ထားတဲ့ သူမကို မြင်ရုံနှင့် မှတ်မိလိုက်တာ ရင်ထဲက အချစ်ကြောင့်လား။

သူ တန်းတန်းမတ်မတ် လျှောက်သွားပြီး ပြုံးပြလိုက်တော့ ...

"ကိုမီးခါးက မှတ်မိတယ်၊ ဆီဆေးရုပ်ဖျက်တာ မအောင်မြင်ဘူးပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အောင်မြင်ပါတယ်၊ ဒါပေမဲ့ ကိုယ်ကတော့ ဆီဆေးကို လက်သန်းလေးဖြစ်ဖြစ် မြင်ရင်တောင် မှတ်မိတာကိုး"

"သွား"

"သွားမယ်လေ ဘုရားပေါ် ... လာ"

ဓာတ်လှေကားနဲ့ တက်လာကာ အပေါ်ရောက်တော့ စံပယ်ပန်းတွေဝယ်ပြီး ဘုရားလှူသည်။

"ကိုမိုးခါး နှစ်ဆယ့်ငါးနှစ် ပြည့်တာမို့လား"

"ဟုတ်တယ်"

မိုးခါးမှာ မလုံမလဲမို့ တိုတုတ်တုတ်ပဲ ဖြေလိုက်သည်။ ဆီဆေးက ကြာသပတေးထောင့်မှာ ရေနှစ်ဆယ့်ငါးခွက် သပ္ပာယ်ပေးသည်။

ဘုရားကို အေးအေးဆေးဆေးဖူးပြီး စနေထောင့်မှာ ထိုင်ဖြစ်ကြသည်။

"ဆီဆေး ကိုယ့်ကိုမွေးနေ့လက်ဆောင် မပေးတော့ဘူးလား"

"ဟယ် ... ဘယ်လိုမွေးနေ့ရှင်လဲ"

"ဟုတ်တယ်၊ ချစ်တယ်ဆိုတဲ့ အဖြေကို မွေးနေ့လက်ဆောင် ပေးပါ ဆီဆေးရယ်"





"ဘိုးဘိုးက ကိုမိုးခါးကလွဲရင်တဲ့"

"ဆီဆေးကိုယ့်ကို မချစ်ဘူးလား"

"ဘုရားပေါ်မှာ ဘာတွေလာမေးနေတာလဲ"

"ဒါဆိုလာ၊ Orintal House မှာ ခင်းဆမ်းသွားစားရင်း ပြောမယ်"

သူတို့ ဘုရားပေါ်က ဆင်းလာသည်။ မိုးခါးက ကားပါခ်ကို ဝေ့ဝဲကြည့်ရင်း ဆီဆေးကားကို ရှာသည်။

"ဆီဆေး ကားမပါဘူးမို့လား"

"ဟင့်အင်း ... တက္ကစီနဲ့လာတာ"

"good"

မိုးခါးရဲ့ ရွှေရောင် Mark II ကားလေးထဲ ဝင်လိုက်ပြီး ပဝါကို ဖြေချလိုက်သည်။ မျက်မှန်တော့ မချွတ်။

Orintal House မှာ ခင်းဆမ်းမှာပြီး ...

"ကဲ ... ဖြေကွာ"

"အိုး ... သဘောမတူတာကို ဘယ်လိုလုပ်ရမလဲ"

"ကိုယ့်မိဘတွေနဲ့ မိသားဖသားဝိဝိ လာတောင်းကြည့်မယ် ကွာ။ လက်မခံရင်တော့ ခိုးပြေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒုတိယ'အစီအစဉ်က ဘယ်လိုမှ မဖြစ်နိုင်ဘူး ကိုမိုးခါး"

"ဆီဆေး ကိုယ့်ကိုချစ်လား"

"ချစ်တယ်"

"ဟာ ... တကယ်"

"ချစ်တယ်၊ တကယ်ချစ်တယ်၊ ဒါပေမဲ့ နိုးပြေးဖို့တော့ မစဉ်းစားပါနဲ့ ကိုမိုးခါးရယ်။ ဆီဆေး လင်နောက်လိုက်တာသိသိချင်း ဘိုး ခေါက်ခနဲ ဖြစ်သွားလိမ့်မယ်။ ဆီဆေးအတွက် ပြောတာမဟုတ်ပါဘူး။ ဘိုးအတွက်ပြောတာ။ ဆီဆေးက ချစ်သူနောက် လိုက်ရလို့လည်း ဘာမှမဖြစ်ပါဘူး။ အချစ်နဲ့ဂုဏ်သိက္ခာကို ယှဉ်မထိုးရက်အောင် ကိုမိုးခါးကို ဆီဆေး ချစ်ပါတယ်၊ ဒါပေမဲ့ ဆီဆေးတို့နှစ်ယောက် ပျော်ဖို့အတွက် ဘိုးရဲ့ခံစားချက်ကို မနင်းချေရက်ဘူး"

"အဲဒီတော့ ကိုယ်တို့အနာဂတ်က"

"ဘိုး သဘောတူအောင် ဆီဆေးတို့ ကြိုးစားကြမယ်လေ"

မိုးခါး ခေါင်းညိတ်လိုက်ရသည်။ ဘာပဲဖြစ်ဖြစ် ဆီဆေး အချစ်ကို ပိုင်ဆိုင်လိုက်ရပြီ။ ဒါဟာ ဆီဆေးနဲ့လက်ထပ်ခွင့်ရဖို့ တစ်ဝက်တိတိ သေချာခြင်းပဲလေ။





ပုစွန်ရှေ့သိုတစ်လိပ်ကို အသစ်စက်စက် ချစ်သူက နွှံ့ကျွေးလာသည်။ စားဖူးသမျှ ဒင်းဆမ်းတွေထဲ ဒီတစ်ခါစားရတာ အရသာအရှိဆုံးပဲ။

အဲဒီနေ့က သူတို့ Orintal House က ထွက်လာတော့ သူတို့လက်တွေဟာ ဖြုတ်မရအောင် ငြိတွယ်နိုင်မြဲခဲ့ကြပြီး အနာဂတ်ကို ရင်ဆိုင်ဖို့ ခွန်အားအပြည့်နဲ့ပေါ့။

✧ ♥ ✧



www.burmeseclassic.com

www.burmeseclassic.com



ထွန်းမြ မျက်စိမျက်နှာပျက်နှင့် ဆိုင်ထဲဝင်လာသည်။ မိုးခါးက ဆီဆေးဆီသွားတာမို့ ဆိုင်မှာ ပင်ရင်းတစ်ယောက်တည်း။

"ပင်ရှင်း ... မိုးခါးရော"

"ဆီဆေးဆီ သွားတယ်"

"အဲဒါဆို မင်း တစ်ယောက်တည်းပေါ့၊ ဖြစ်ရဲ့လား"

"မင်းက ဘယ်သွားမလို့လဲ"

"မဂျမ်း ဆေးရုံတင်ထားရတယ်တဲ့။ ကောင်းချမ်းမြက လည်း စာမေးပွဲရှိတော့ မစောင့်နိုင်လို့ Special Nurse ငှားပြီး ထားခဲ့ရသတဲ့။ အူအတက်ပေါက်တယ်တဲ့ကွာ။ ကိုးနာရီဆို ခွဲစိတ်ခန်း ဝင်ရမယ်တဲ့"

"ဟာ ... ဒါဆို သွားလေ။ ရတယ်။ ဆိုင်အတွက်မပူနဲ့။ မိုးခါး ပြန်လာရင် ငါဖြစ်ဖြစ် မိုးခါးဖြစ်ဖြစ် လိုက်ခဲ့မယ်"

"အေး ... အဲဒါဆို ငါ သွားမယ်"





ကားသော့ကို ချက်ချင်းကောက်ကိုင်သည်။

"ထွန်းမြ ကားကို ဖြည်းဖြည်းမောင်း။ အူအတက်ပေါက် တာက ခွဲစိတ်လိုက်ရင် ချက်ချင်းကောင်းသွားမှာ"

"အေး"

ထွန်းမြကားကို သတိထားမောင်းရင်း ဆေးရုံကို ရောက်လာသည်။ ကောင်းချမ်းမြ ပြောတဲ့ အခန်းကို စုံစမ်းပြီး အထဲရောက်တော့ ရှုံ့မဲ့အော်ဟစ်နေသော မဂျမ်းကို တွေ့ရသည်။ အေးမှာ သူနာပြုဆရာမက ခွဲစိတ်ခန်းဝင်ရန် စီစဉ်နေသည်။

"မဂျမ်း"

"မောင်ထွန်းမြရယ် ... ဟင့် ဟင့်"

မဂျမ်း မျက်နှာမှာ အားတက်သွားတာ တွေ့ရသည်။

"ရှင်က လူနာစောင့်လား"

"ဗျော် ... ဟုတ်ကဲ့"

"ဆေးဝယ်ရမယ်နော်၊ ရှင်သွားဝယ်ပေးမလား၊ ကျွန်မ ဒီမှာခွဲခန်းဝင်ဖို့ စာရွက်ဖြည့်စရာရှိလို့"

"ဗျော် ... ဟုတ်ကဲ့၊ ကျွန်တော် သွားဝယ်လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



မဂျမ်း ခွဲခန်းဝင်သည်။ ယိုအတွက် သူပဲလက်မှတ်ထိုးပေးလိုက်ရသည်။ ခွဲခန်းထဲက မထွက်ခင် ခွဲခန်းရှေ့ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း ပူပန်ခဲ့ရတာလည်း လူမဲ။ မဂျမ်းက ခွဲခန်းထဲ ဝင်ကာနီး သူ့လက်ကို ဖျစ်ညှစ်သွားသည်။ ခွဲခန်းဝင်ပြီး တစ်နာရီလောက်ကြာတော့ မိုးခါး ရောက်လာသည်။

"ဘယ်လိုလဲ ထွန်းမြ"

"ခုမှ/ ခွဲခန်းဝင်တုန်း"

"အူအတက်ပေါက်တာက ခွဲစိတ်ရင် ပျောက်ပါတယ်ကွာ။ သိပ်ပူစရာ မရှိပါဘူး"

မိုးခါးလက်က ထွန်းမြပခုံးကို ဆုပ်ကိုင်ကာ အားပေးနေသလို။

"ခုချိန်မှာ ငါ သူ့ကို လက်ထပ်ရဲသွားပြီ"

"ဘာ"

"ငါလာတော့ ခုတင်ပေါ် တစ်ယောက်တည်း ပက်လက်ကလေး။ ငိုလည်း ငိုနေတယ်။ ငါ အရမ်းသနားသွားတယ်"

"ဒါပေမဲ့ မဖြစ်နိုင်ဘူး။ မင်း သူ့ကိုသနားတာထက် မင်းကိုယ်မင်း ပိုသနားသင့်တယ်"





"ငါဆုံးဖြတ်ပြီးပြီ။ ကောင်းချမ်းမြကို အရင်ပြောမယ်။ ကောင်းချမ်းမြ သဘောမတူရင် ငါရှေ့ဆက်မတိုးဘူး"

"မဟုတ်သေးဘူး ထွန်းမြ။ မင်း စဉ်းစားရမှာ ကောင်းချမ်းမြ သဘောမတူရင် မင်းရှေ့ဆက် ကောင်းချမ်းမြကို ဘယ်လို ထောက်ပံ့မလဲ။ ကောင်းချမ်းမြကရော မင်းထောက်ပံ့တာကို ဆက်ပြီးလက်ခံရဲပါ့မလား ဆိုတာပဲ"

ထွန်းမြ ခေါင်းငိုက်စိုက်ကျသွားသည်။

"ငါ သူ့ကို သနားတယ်၊ ငါ့ကိုယ်ငါလည်း သနားလှပြီ"

"မင်း ဖွင့်ပြောချင်ရင်တောင် ကောင်းချမ်းမြ ကျောင်းပြီးချိန်မှ ဖြစ်နိုင်လိမ့်မယ်"

"ဒါပေမဲ့ အဲဒီအချိန်ကျရင် သားကို ကျောင်းပြီးအောင် ဆရာဝန်ဖြစ်အောင် ထားပေးပြီး မဂျမ်းကို ကျေးဇူးနဲ့သိမ်းသလို ဖြစ်မှာစိုးတယ်"

"ခုနေပြောလို့ ပျက်စီးသွားမှာတွေက ပိုဆိုးတယ်နော်"

"ငါ အသည်းကွဲပြီကွာ"

မဂျမ်း ခွဲခန်းထဲက ထွက်လာသည်။ သတိလစ်နေတဲ့ မဂျမ်း မျက်နှာလေးက ဖွေးဖတ်ဖတ် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထွင့်မြက မဂျမ်းမျက်နှာပေါ်က ဆံပင်စလေးတွေကို သပ်ပေးရင်း ...။

မိုးခါးလည်း လွဲနေသော သူငယ်ချင်းရဲ့နှလုံးသားကို မကြည့်ရက်စွာ မျက်နှာလွှဲလိုက်သည်။

✧ ♥ ✧

*ဝေဖန်စာ၊ အကြံပေးစာနှင့် မိတ်ဆက်စာများပေးပို့လိုပါလျှင်*
အမှတ်–၉/၁၁၊ စ–ဗျော(ဂ )၊ ဓေယျဝတီလမ်း(ဗဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ သို့
ပေးပို့နိုင်ပါသည်။





မဂျမ်း ဆေးရုံတက်စဉ် တစ်လျှောက်လုံး ကောင်းချမ်းမြ စာမေးပွဲနဲ့ တိုက်နေသဖြင့် ကောင်းချမ်းမြ ခမျာ စာမေးပွဲ ပြေးဖြေလိုက်၊ မအေဆီ ပြေးကြည့်လိုက်နှင့် ဗျာများနေရှာသည်။

ဒါတောင် ထွင့်မြတို့သုံးယောက်ရှိလို့ တော်တော့သည်။ ထွင့်မြ၊ မိုးခါးနှင့် ပင်ရင်းတို့မှာ မဂျမ်းကို အလှည့်ကျ စောင့်ကြရသည်။ ညဘက်ဆိုရင်တော့ စပယ်ရှယ်နှာ့စ်နှင့် ထား ခဲ့ရတာကလွဲရင် ထွင့်မြက ဒိုက္ခအခံဆုံးပင်။

မဂျမ်းစားဖို့ စွပ်ပြုတ်ကို ကိုယ်တိုင်ပြုတ်သည်။ ကောင်းကို ကိုယ်တိုင်ပေါင်းသည်။

မဂျမ်းကို ဖေးမသည်။ တွဲထူသည်။ တစ်ခါတစ်ရံ အားကိုပင် နွဲ့ကျွေးချင်ချင် ဖြစ်နေသောစိတ်ကို မနည်းထိန်းရသည်။



www.burmeseclassic.com

www.burmeseclassic.com



မဂျမ်းအတွက် ဆေးရုံတက်သည့် ကုန်ကျစရိတ်အားလုံး သူပဲ အကုန်ခံသည်။

မဂျမ်းက ...

"မောင်ထွဋ်မြရယ်။ မင်းက အစ်မထက် အသက်ငယ်လို့ မဟုတ်ရင် ထိုင်ထောင် ကန်တော့လိုက်ချင်ပါတယ်ကွယ်"

"မဟုတ်တာ အစ်မရယ်"

မဂျမ်း ဆေးရုံကဆင်းပြီး နောက်နေ့ ထွဋ်မြ မျှော်တော့သည်။ ဒါပေမဲ့ မဂျမ်းကို အသိမပေး။ မိုးခါးက ထွဋ်မြ မလာနိုင်တာ အလုပ်ရှုပ်နေလို့ဟု လိမ်သည်။

အမှန်အတိုင်းပြောရင် မဂျမ်း စိတ်မကောင်းဖြစ်မှာ စိုးရသည်လေ။ ဤသို့နှင့် ကောင်းချမ်းမြလည်း စာမေးပွဲကို ကောင်းကောင်းဖြေနိုင်ခဲ့သည်။

နောက်ပိုင်းတွင် ထွဋ်မြသည် ကောင်းချမ်းမြကို ဂရုစိုက်လာသည်။ တချို့ဆေးဘက်ဆိုင်ရာပညာရပ်များသည် စီဒီတွေ ဗီစီဒီတွေနှင့် လေ့လာရသည်များ ရှိလာသည်။ Internet မှ Download ဆွဲယူရသည်များ ရှိလာသည်။



ဒါတွေကို ညီမငယ် ပူဆာသဖြင့် ထွဋ်မြ ဝယ်ပေးရသည်။ ဒီတော့ ညီမငယ်အတွက်ဝယ်တိုင်း ကောင်းချမ်းမြအတွက်ပါသည်၊ ညီမငယ် Note Book ပူဆာတော့လည်း ကောင်းချမ်းမြအတွက်ပါ ဝယ်ပေးသည်။

ညီမလုပ်သူကတော့ အစ်ကိုမို့ ဘာမှအားမနာ။ သူလိုချင်တာ ပူဆာဖို့ပဲတတ်သည်။ ဒီတော့ လိုတာနှင့် စက္ကန့်မဆိုင်း ဖုန်းကောက်ဆက်ပြီ။

တစ်ခါတစ်ရံ ကောင်းချမ်းမြက အားနာပါသည်။ အထိ ထွဋ်မြရဲ့ဖိုးမှုက အစွန်းရောက်တတ်သည်။

"အစ်ကိုထွဋ်ရယ် ကျွန်မတော့အတွက် Note Book မလိုပါဘူး။ ဆိုင်မှာ သွားကြည့်ရင်လည်း ရပါတယ်။ ပြီးတော့ ဒီစာအုပ်တွေကလည်း သူငယ်ချင်းတွေဆီက မိတ္တူဆွဲပြီး ကျက်ရင်ရပါတယ်၊ ပိုက်ဆံတွေကုန်တာ များလှပြီ အစ်ကိုရယ်၊ နောက်ကို မဝယ်ပေးပါနဲ့"

ဘယ်လိုပြောပြော ထွဋ်မြက အလျှံဝယ် ထောက်ပံ့သည်သာ။

www.burmeseclassic.com

www.burmeseclassic.com



ထွန်းမြ ရှာသမျှ ပိုက်ဆံတွေသည် ညီမဖြစ်သူနှင့် ကောင်းချမ်းမြတို့ ကျောင်းစရိတ်ထဲသို့ ရှောခနဲ ရှောခနဲ ဝင်သွားသည်ချည်း။ သူ၏ ပံ့ပိုးအားကြောင့် နဂိုထက်သော ကောင်းချမ်းမြ ကျောင်းမှာစာတော်သည့် ဂုဏ်သတင်းဖြင့် ကျော်ကြားလာပါသည်။ ဆရာသမားတို့ကလည်း ကောင်းချမ်းမြကို ချစ်ကြသည်။

သူငယ်ချင်းတွေကလည်း စာတော်သော ကောင်းချမ်းမြကို အလိုလိုက် အကြိုက်ဆောင် ပေါင်းကြသည်။ မိန်းကလေးတွေက အကဲဆုံး။

ရုပ်ဖြောင့်သော ကောင်းချမ်းမြ၊ စာတော်သော ကောင်းချမ်းမြ၊ စိတ်ရင်းဖြူသော ကောင်းချမ်းမြ စသဖြင့် ဂုဏ်သတင်းမွှေးပါသည်။

မုန့်ဟင်းခါးသည်သား ဆိုသည့် ဂုဏ်ပုဒ်ကလည်း မွေးမိန်စပြုလာသည်။

ကားထည်လဲစီးသော ဆေးကျောင်းသူ သူဌေးသမီး တစ်ယောက်ရဲ့မိခင်ဆို ကြက်တူရွေးကတော်တော်၊ မယ်တော်ကဲကဲ ဖြစ်နေသည်။ သူမသမီးနှင့် ကောင်းချမ်းမြ နီးစပ်နေသည်။ ကောင်းချမ်းမြသည် အသွေးပြည့် အရည်မှန် ကျောက်မျက်တစ်ပွင့်ဖြစ်သည်။





သူတို့ပိုင်ဆိုင်သမျှ ဥစ္စာစည်းစိမ်နှင့်သွေးပြီး နိုင်ငံခြားပြန် ပါရဂူကြီး၊ အထူးကုသမားတော်ကြီးဖြစ်အောင် လုပ်နိုင်ရင် သူ့သမီးအတွက် စိတ်အေးရပြီ။

ဤသို့နှင့် မုန့်ဟင်းခါးသည်မ မဂျမ်းလည်း မျက်နှာပွင့်ရပြီ။ သို့သော် သူတို့သားအမိသည် ဒီအခြေအနေဟာ ထွန်းမြ ကျေးဇူးကြောင့်ဟုသာ မှတ်ယူကြသည်။

သမီးပေး၍ ပညာသင်ပေးချင်တာသည် မျောက်ပြဆန်တောင်းတာနှင့်တူသည်။ ထိုသင်ခဲ့သော ပညာသည် လူထုမှီထက် သူ့သမီးဖို့ သင်ရမလို ဖြစ်နေ၏။

ထို့ကြောင့် ကောင်းချမ်းမြက အလိမ္မာနှင့်ရှောင်သည်။ ထိုအတောအတွင်း ထွန်းမြနှင့် ကောင်းချမ်းမြ ပို၍ရင်းနှီးလာကြသည်။

ထွန်းမြတို့ဆီကို ညီမငယ် လာလည်တော့ ထွန်းမြက ညီမလေးနှင့် ကောင်းချမ်းမြကို မိတ်ဆက်ပေးသည်။ ဒါသည် ထွန်းမြ၏ တစ်ခုတည်းသောအမှား ဖြစ်သွားခဲ့သည်။

ညီမလေးက မကွေးဆေးတက္ကသိုလ်မှာတက်ပြီး ကောင်းချမ်းမြက ရန်ကုန်ရှိ လမ်းမတော်ဆေးကျောင်းမှာတက်



www.burmeseclassic.com

www.burmeseclassic.com



တာ။ ဒါပေမဲ့ ညီမလေးနှင့် ကောင်းချမ်းမြကြားက ကွာဝေးမှုတို
ဖုန်းတွေ အီးမေးလ်တွေက ဆွဲဆစေပေးခဲ့သည်။

တစ်ချိန်မှာ ညီမငယ်နဲ့ ကောင်းချမ်းမြ နီးစပ်သွား
မည်ဆိုတာ သိခဲ့ရင် သူ မိတ်ဆက်ပေးမိမှာ မဟုတ်။ သို့သော်
ဖူးစာပါလာသော ကောင်းချမ်းမြနှင့် ညီမလေးတို့ကတော့ သူ
ကောင်းမှုအကြောင်းပြုပြီး ဆုံတွေ့သွားကြပြီ။

ကောင်းချမ်းမြနှင့် ညီမငယ် မဒီမြရယ်၊ ထွဋ်
မဂျမ်းရယ် ဘယ်လိုစခန်းသွားကြမလဲ ဆိုတာကတော့ လာမ
အဖြူရောင်စာရွက်တွေပေါ်မှာ မျှော်ရပေတော့မည်။ သေချာ
ကတော့ ကောင်းချမ်းမြနှင့် ညီမလေးသည်လည်းကောင်း၊ ထွဋ်
သည်လည်းကောင်း၊ နှလုံးသားရေးရာ မျှော်လင့်ချက်ကိုယ်စီနှ

✧♥✧





ညညကျမှ ချစ်သူနှစ်ယောက်မှာ လွတ်လွတ်လပ်လပ်
ချစ်ခွင့်ရသည်။ တနှစ်ကိုယ်တော့မဟုတ်။ လေလှိုင်းသံမှ ချစ်ရ
ခြင်းသာ။

Mobile နှင့် ဆက်ရခြင်းမို့ တစ်ခါတစ်ရံ ဖုန်းလိုင်း
ကြည်လင်တာကလွဲရင် ဘာအနှောင့်အယှက်မှ မရှိအောင် လွတ်
လပ်ရပါသည်။

"ဆီဆေး ကိုယ့်ကိုချစ်လား"

ဖုန်းထဲမှာ အဲလို လွတ်လွတ်လပ်လပ် မေးလို့ရသည်။
ချစ်ခြင်းနှင့် တဖွဲ့တနွဲ့ ခံစားခွင့်ရသည်။ သို့သော် အပြင်ပန်းမှာ
အမြဲခိုးကြောင်ခိုးဝှက်၊ တိတ်တဆိတ်ပဲ ချစ်ရသည်။ ထို့အတွက်
သူ၏မကျေနပ်မှုကို ဆီဆေးက ဖြေသိမ့်တတ်ပါသည်။

"ခါးရယ် ... ဆီဆေးတို့အကြောင်းကို ဘိုးသိအောင် ဆီဆေး
ဖွင့်ပြောပြီး ခွင့်တောင်းပါမယ်၊ ဒါပေမဲ့ အချိန်မကျသေးလို့

www.burmeseclassic.com

www.burmeseclassic.com



ပါ ခါးရယ်၊ ဆီဆေးဘက်က ပြင်ဆင်စရာရှိတာလေးတွေ ပြင်ဆင်ပြီးမှ ဘိုးကို ရင်ဆိုင်ရမှာလေ၊ ဆီဆေး ကြိုးစားနေပါတယ်၊ ခဏတော့ စောင့်ပါနော်"

"အဲဒီပြင်ဆင်စရာ ဆိုတာတွေကို ကိုယ်ပါ ဝိုင်းပြင်ဆင်ပေးလို့ မရဘူးလား"

"တစ်နေ့တော့ ခါးသိရမှာပါ"

မေဆီဆေးသည် တစ်ခါတစ်ရံ လျှို့ဝှက်သည်ဟု သူ မြင်နေမိသည်။ သူ့အပေါ် တစ်ခုခု ထိန်ချန်ထားသလို ခံစားရ၏။ ဒါပေမဲ့ ဘာကိုကွယ်မြှုပ်ချန်ရစ်ထားမှန်း မသိရ။

ပင်ရင်းနှင့် ထွင့်မြက မြှောက်ပေးသည်။

"မင်းကွာ ... မင်းရဲ့မေဆီဆေးက မင်းကို တကယ်ချစ်တယ်လို့ထင်ရင် ကားတင်ပြေးလိုက်တော့"

"ငါမလုပ်ရက်ဘူး၊ သူက အဲဒီကိစ္စကို ခါးသီးထားတာကွ"

"ဒါဆိုလည်း အဘိုးနဲ့မင်း ဘယ်သူ့ကိုပိုချစ်လဲ လုပ်လိုက်ပေါ့ကွာ"

"အဲဒါကလည်း ယှဉ်စရာကိစ္စမှ မဟုတ်တာကွာ။ ဆီဆေးမှာ အကြောင်းရှိလို့ ဖြစ်ပါလိမ့်မယ်"



"ပြောလို့မရဘူး မောင်။ တစ်ခါတလေ မိန်းမတွေက တွေဝေတယ်၊ ပျော့ညံ့တယ်၊ ဘာမဟုတ်တာကို အကြီးကြီး ခံစားချင် ခံစားတတ်သလို အလေးနက် ထားရမယ့်ကိစ္စတွေကို လျစ်လျူရှုတတ်တာလည်း သူတို့ပြင် နှစ်ယောက်မရှိဘူး။ ဘာမှမဟုတ်ပါဘူးကွာ၊ သူ့အဘိုးက မင်းကလွဲရင်လို့ ပြောထားလို့ တွေဝေနေတာပါ။ သူ့ကို ညာခေါ်ပြီး ကားတင်ပြေးပေတော့"

ပင်ရင်းနှင့် ထွင့်မြရဲ့စကားက သူ့ကို လွှမ်းမိုးစပြုလာသည်။ ထို့ကြောင့် သူမကို ခိုးပြေးဖို့ပဲ သူ စိတ်ကူးနေမိတော့သည်။ ချစ်သူနှင့် တူနှစ်ကိုယ် ချစ်ရည်မျှပါရက်၊ မိဘားဖသား ဝီဝီ တောင်းနိုင်သော အရည်ချင်းလည်း ရှိပါရက်နှင့် ဘယ်သူကတော့ အကွန့်တက်၊ အသားယူပြီး ခိုးယူရက်ပါ့မလဲ။ ဒါပေမဲ့ သူမဘက်က သဘောမှမတူတာ။

အဲဒီလိုနဲ့ ...။

မိုးသည်းတဲ့ တစ်နေ့မှာ သူနဲ့ဆီဆေး ကော်ဖီဆိုင် အတူထိုင်ကြရင်း ...

"မိုးတွေ ရွာလိုက်တာနော်"

www.burmeseclassic.com

www.burmeseclassic.com



"အင်း"

လမ်းမတွေပေါ်မှာလည်း ရေတွေ ဖွေးနေသည်။ ရန်ကုန်မိုးက တစ်ခါတစ်ရံ အပြိုးကြီးတတ်သည်လေ။ ဒီနေ့လည်း ဘာတွေကို မကျေမနပ်ဖြစ်ပြီး သဲကြီးမဲကြီး ရွာနေသလဲမသိ။

ပတ်ဝန်းကျင်က ရှစ်ခွင်တိုင်း မှိုင်းမှုန်ရီရှုံမက မည်း ပြာလို့နေသည်။

ကော်ဖီဆိုင်ထဲက သူတို့အဖို့ ကော်ဖီပူနှင့် မိုးအေးအေး ကို သမမျှတအောင် ခံစားလို့ရပေမယ့် လမ်းပေါ်မထွက်မဖြစ်လို့ သွားလာရနေရသူတွေ၊ ကားတွေမှာတော့ အပြိုးကြီး မိုးဒဏ်ကို လူးလဲခံရရှာသည်။

ရေတွေက မြောင်းကိုကျော်ပြီး ပလက်ဖောင်းသို့ ပင် ရိုက်လာသည်။

အဲဒီအချိန်မှာ ဘာရယ်မဟုတ်။ ရည်ရွယ်ချက်မရှိ ပါပဲ သူ ဆုံးဖြတ်ချက်တစ်ခု ချမိသွားသည်။ ရာသီဥတုက သူ့ ဘက်ပါတာကိုး။

"ဆီဆေး ... ကိုယ်တို့ ကားလျှောက်မောင်းရအောင်"





"ဟင် ... ခါးကလည်း ဒီလောက်မိုးရွာနေတာကို"

"မိုးရွာနေလို့ လျှောက်စီးချင်တာပေါ့။ မိုးသဲကြီးမဲကြီး ရွာနေချိန်မှာ ချစ်သူနဲ့အတူ ကားလျှောက်မောင်းရတာလည်း ဗီလင်တစ်မျိုးပဲ ဆီဆေးရဲ့၊ လာပါကွာ"

"ခါး သဘောပါတဲ့ရှင်၊ ဘာမှန်းမသိဘူး။ ဖြည်းဖြည်းမောင်း နော်။ စလစ်ဖြစ်မှာစိုးလို့"

"ရက်စ်ဘောဘီ"

ကော်ဖီဆိုင်က ထွက်တော့ မိုးကပိုသည်းသည်။ သည်းချင်သလောက် သည်းစမ်း၊ သူကတော့ မိုးသည်းလေ ပို ကြိုက်လေပဲ။

သူ့အတွက် ဒါက လပ်ကီးမိုး ဖြစ်နေပြီလေ။

"ဖြည်းဖြည်းမောင်းနော်"

အရှိန်နှင့် စထွက်တဲ့ သူ့ကို သူမက ထပ်သတိပေး သည်။ ထို့နောက်မှာတော့ ကားလေးက မြို့ပြင်ဆီသို့။ ပထမ တော့ သူမက စီဒီပလေယာထဲ လေးဖြူရဲ့ BOB ခွေထည့်ကာ လိုက်ဟစ်နေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်စိစုံမှိတ်ပြီး သီချင်းဟစ်နေသော သူမ ပတ်ဝန်းကျင်ကို သတိပြုမိချိန်မှာ ကားလေးက မြို့ပြင်ကို ရောက်နေပြီ။

"ခါး ဘယ်သွားနေတာလဲ၊ ဒါထောက်ကြံ့ကျော်လာပြီမို့လား"

"ကမ္ဘာတစ်ပတ်ပေါ့ ကလေးရယ်"

"ဟာ ... ခါးကလည်း၊ ဒီလောက် မိုးရွာနေတာ မြို့ပြင်မှာ အန္တရာယ်များပါတယ်ကွာ၊ ပြန်ကွေ့၊ ပြန်ကွေ့"

"အာမမဖြစ်ပါဘူး ချစ်လေးရဲ့။ မြို့ထဲမှာက ကားကျပ်တယ်ကွ။ Highway မောင်းရတာက ပိုပြီး feel ရှိတယ်"

"ဒါ ဘယ်သွားမှာလဲ"

"ရောက်တဲ့အထိ"

"ခါး ... ဆီဆေးကို ကားတင်ပြေးလာတာတော့ မဟုတ်ပါဘူးနော်"

"သေချာတာပေါ့ ချစ်လေးရဲ့၊ ကိုယ် ချစ်သူလေးကို ခိုးပြေးလာတာပဲ"

"ကြည့်စမ်း။ အဲလိုမလိမ့်တပတ်လုပ်တာကို ဆီဆေး အရမ်းမုန်းတယ်။ အခု ကားရပ်နော်"



"မရပ်နိုင်ဘူး ဆီဆေး။ ကိုယ်ရပ်လိုက်တာနဲ့ ဆီဆေးနဲ့ကိုယ် ကမ္ဘာခြားတော့မှာ။ ကိုယ် ဆီဆေးကို တောင်းယူမယ်ဆိုတော့လည်း ဆီဆေး လက်မခံဘူး။ ခိုးပြေးမယ်ဆိုတော့လည်း ကြည်ကြည်ဖြူဖြူ မလိုက်ဘူး။ ဒီတော့ကိုယ့်မှာ ဒီနည်းပဲ ရှိတော့တယ်၊ ကိုယ် ဆီဆေးကို သိပ်ချစ်လို့ မခွဲနိုင်တော့လို့ ဒီလိုလုပ်မိတာပါကွာ"

"ခက်တယ် ခါးရယ်၊ ခါးကို ဆီဆေး နားလည်တယ်၊ ဒါပေမဲ့ ဆီဆေးပေါ်မှာ မိုးနဲ့အပြိုင် မိုးလို မခါးပါနဲ့ခါးရယ်။ ကားကို ပြန်မကွေ့ချင်နေပါ။ ခဏတော့ ရပ်ပါ။ ပြီးတော့ ဆီဆေးပြောမယ့် ကိစ္စတစ်ခုကို နားထောင်ပေးပါ။ ပြီးရင် ခါး ဆက်သွားရင်လည်း လိုက်ခဲ့ပါတော့မယ်။ ပြန်ကွေ့ချင်လည်းကွေ့။ ခါးသဘော။ ခုတော့ ခဏနားထောင်ပေးပါဦး"

ကားကိုအရှိန်လျှော့လိုက်ပေမယ့် မရပ်သေး။ ဆီဆေးမျက်နှာကို လှည့်ကြည့်ပြီး ဒွိဟဖြစ်နေသည်။

"ခါးက ဆီဆေးနဲ့ မခွဲနိုင်သလို ဆီဆေးကလည်း ခါးရဲ့ လူမသိ၊ သူမသိ ချစ်သူဘဝက လွတ်မြောက်ချင်တာပေါ့၊ ဒါပေမဲ့ ကိုယ့်အကြောင်းနဲ့ ကိုယ်မို့"

www.burmeseclassic.com

www.burmeseclassic.com



ကားရပ်သွားသည်။ အဝေးပြေးလမ်းပေါ်မှာ မိုးက စဲစပြုလာသည်။

ဝတ်ဝန်းကျင်တစ်ခုလုံး မိုးဖျန်းနေရောင်အောက်မှာ တောက်ပနေသည်။

ကားပြတင်းကို ဖွင့်လိုက်တော့ သဘာဝမိုးလေက ထိတွေ့ကျီစယ်သည်။

"ခါး"

"ပြော ... ဆီဆေး"

"ဆီဆေးတို့မှာ အစ်ကိုတစ်ယောက် ရှိသေးတယ်"

"ဟင်"

သူ လုံးဝသိမထားတဲ့ အကြောင်းအရာမို့ ကြောင်သွားသည်။ စိတ်လည်းဝင်စားသွား၏။

"ဟုတ်တယ် ခါး။ ကိုကြီးက ဆီဆေးတို့နဲ့ အသက်တော်တော်ကွာတယ်။ မကြီးပန်းချီနဲ့ ကိုကြီး ဆယ်နှစ်အတိကွာတယ်။ အငယ်လေးနဲ့ဆို အဝယ်လေးမွေးတဲ့ မီးဖွားက်ခင် ကိုကြီးဆုံးတယ်"

"ခြော်"



"ကိုကြီးက ဘိုးသဘောမတူတဲ့ မိန်းကလေးကို ခိုးပြေးသွားသတဲ့။ ဆီဆေး ဝါးနှစ်သမီးလောက်ပဲ ရှိသေးတော့ သိပ်မမှတ်မိတော့ပါဘူး"

ဆီဆေးက အဝေးကို မျှော်သလိုလို တစ်ချက်ငေးလိုက်သည်။

"အဲဒီတော့ ဘိုးက အမျှေဖြတ်တယ်။ မေမေနဲ့ ဖေဖေက လည်း ဘိုးသြဇာအောက်မှာပဲဆိုတော့ သူတို့လည်း မဆက်သွယ်ရဲဘူးပေါ့။ မေမေက သူ့သားကြီးကို သိပ်ချစ်ပြီး မျက်ရည်နဲ့ မျက်ခွက်တဲ့ ...

ပြီးတော့ မေမေ့မှာ အငယ်လေးကိုယ်ဝန်ကြီးနဲ့ပေါ့။ အဲလိုနဲ့ ကိုကြီးနဲ့ အဆက်အသွယ် ပြတ်နေရာက တစ်နေ့တော့ ကိုကြီး ရုတ်တရက် ဦးနှောက်သွေးကြောပြတ်တယ် ဆိုတဲ့ သတင်းကြားရတယ်၊ ဖုန်းကို ဘိုးက ကိုင်တာ။ သူ့မြေးကြီး သြရသ ဆုံးတယ်ဆိုတော့ ယူကျုံးမရနဲ့ ရှောခ်ရသွားပြီး မလိုက်နိုင်ဘူး။ အဲဒီအချိန်မှာ မေမေဒ ဒပ်ဖရင်မှာ အဘယ်မကို မွေးတယ် ...

www.burmeseclassic.com

www.burmeseclassic.com



ဘိုးက အိပ်ရာထဲလဲပြီး မလိုက်နိုင်တော့ ဖေဖေ့ကို ပြောတယ်၊ ဖေဖေကလည်း သားကြီး ဆုံးပြီဆိုတော့ သွေးရှူးသွေးတမ်းနဲ့ ကားမောင်းသွားတာ စိတ်နဲ့လူမကပ်ပဲ ယာဉ်တိုက်မှုဖြစ်တယ်၊ ပွဲချင်းပြီးပဲ။ ဖေဖေ့သတင်းက ဆေးရုံကိုရောက်သွားပြီး မေမေ သွေးတက်ပြီး ဆုံးပြန်တယ်...

ကိုကြီး၊ ဖေဖေနဲ့ မေမေတို့ ရှေ့ဆင့်နောက်ဆင့် ဆုံးပြီးနောက် ဘိုးဘိုးက ဆီဆေးတို့ညီမတွေကို ထိန်းကျောင်းပြုစုခဲ့ရတယ် ဆိုပါတော့၊ ခုလောက်ဆို ဘာကြောင့် ဆီဆေး နိုးရာမလိုက်နိုင်လဲဆိုတာ ခါးသဘောပေါက်မယ် ထင်တယ်နော် ...

ဆီဆေးတို့ အတိတ်မှာ ကိုကြီး၊ ဖေဖေနဲ့ မေမေတို့ သေဆုံးမှုနဲ့ ဘိုး သိပ်စိတ်ထိခိုက်ခဲ့တယ်၊ အငယ်လေးနဲ့ ကိုကြီးဆို ဆုံတောင်မဆုံလိုက်ရသလို မေမေကလည်း ဆုံးသွားတာတောင် ဖေဖေ ကားမှောက်တာပဲသိပြီး ကိုကြီး ဆုံးတာတော့ သိမသွားရှာဘူး"

"ဆီဆေးရယ်"



"အဲဒါကြောင့် ဘိုးဟာ ဆီဆေးတို့ညီအစ်မသုံးယောက်ရဲ့ အိမ်ထောင်ရေးကိစ္စကို အလေးထားခဲ့တာပဲ ခါး။ ကိုကြီးက မပြည့်စုံတဲ့ဘဝနဲ့ သေရတာ။ ဘိုး စုံစမ်းပြီး သိရတာက ဘိုးတို့အမွေဖြတ်တော့ ကိုကြီးက ဆယ်တန်းအောင်ပဲ ရှိသေးတာတဲ့။ ဆိပ်ကမ်းတစ်ခုမှာ ကုန်တင်ကုန်ချ တာလီစာရေးလုပ်ပြီး မိန်းမကို ရှာကျွေးသတဲ့။ အဲဒီမှာ နေ့လယ်ဘက် ကုန်တင်တော့ နေပူထဲမှာ ဦးနှောက်သွေးကြောပြတ် ဆုံးတာပဲတဲ့။ ဘိုးကလည်း ခံစားရတာပေါ့၊ ကိုကြီးမိန်းမဆိုတာလည်း ဖြူသလား မည်းသလားတောင် မသိပါဘူး။ ဆီဆေးတို့ဆို နာမည်တောင် မသိဘူး"

"သူကလည်း လာမဆက်သွယ်ဘူးလား"

"ဟင့်အင်း ... မလာဘူးတဲ့။ ကိုကြီးလည်း ဆုံးသွားပြီဆိုတော့ သူလည်း လုံးဝမဆက်သွယ်တော့ဘူးပေါ့။ ဖေဖေနဲ့ မေမေ ရှေ့ဆင့်နောက်ဆင့် ဆုံးတဲ့သတင်းလည်း ကြားမှာပေါ့လေ"

"အင်း ... သူ့ဘဝကလည်း သနားစရာပါ။ ငယ်ငယ်ရွယ်ရွယ် မုဆိုးမ ဖြစ်ရှာတယ်။ အဲဒီပြဿနာရဲ့ အခြေခံက သူတို့ကို သဘောမတူပဲ စွန့်လွှတ်ရာက စတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဓါး။ ရှေ့ဆက်သွားမလား ပြန်ကွေ့မလား"

"ဆီဆေးသဘောကရော"

"ပြန်ကွေ့စေချင်တယ် ဓါးရယ်၊ ဆီဆေးမချစ်လို့ မဟုတ်ပါဘူး၊ ဘိုးကို သနားလို့ပါ"

အဲဒီလိုနဲ့ပဲ ... ..."

✧ ♥ ✧



"ဒါဆို မင်းက လမ်းတစ်ဝက်က လှည့်ပြန်ခဲ့တယ်ဆိုပါတော့"

"ဟုတ်တယ်၊ မိဘနှစ်ပါးလုံး ဆုံးရှုံးလိုက်ရတဲ့ သူတို့အိပ်မက်ဆိုးကြီးကို ငါပြန်ပြီး အသက်မသွင်းရက်တော့လို့"

"ဒါဆို အဘိုးကြီးက မင်းတို့ကို သေသည်ထိ သဘောမတူဘူးဆိုရင်ရောကွာ"

"ဆီဆေးက သူ့အဘိုး သဘောတူအောင် ကြိုးစားမယ်လို့ ပြောတာပဲကွာ။ ကံကိုပဲ ပုံရတော့မယ်"

"မင်းကွာ ... လက်ထဲရောက်ပြီးမှ ပြန်လွှတ်ချလိုက်ရတယ်လို့"

"အဲဒါ အချစ်ပဲ ပင်ရင်းရ"

"အေး ... မင်းအတွက်ရော ထွဋ်မြအတွက်ပါ ငါ စိတ်ညစ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ် ... မင်းကျတော့ အဆင်ပြေတာ ကျနေတာပဲ"

"ငါက အဆင်မပြေပေမယ့် နေရာကျတော့မှာကွ"

"ဘာလို့လဲ"

"ငါ အိမ်ထောင်ပြုတော့မယ်"

"ဘာ ... ဘယ်သူနဲ့လဲ"

"မေမေ့ သူငယ်ချင်းရဲ့သမီးနဲ့။ ငါ ကိုယ်တိုင်ကလည်း မသေချာတဲ့ အိပ်မက်ကို မရေမရာ မတမ်းတချင်တာလည်း ပါတာပေါ့ကွာ"

"မင်းအိမ်က နှင်ချထားတယ်ဆို"

"ဟုတ်တယ်၊ ဒါပေမဲ့ မေမေက ဖေဖေ့ကို ဖျောင်းဖျပြီး သူ့သူငယ်ချင်းသမီးနဲ့ ငါ့ကို နှားချတယ် ဆိုပါတော့ကွာ"

ပင်ရင်းက သက်ပြင်းရှိုက်ရင်း ...

"ခုတော့ ငါ ဆုံးဖြတ်လိုက်ပြီ၊ ရေဆေးနဲ့ ငါဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တော့ဘူးလေ။ မိဘတွေ စိတ်ချမ်းသာပါစေတော့"

"မင်း မှန်တယ် ပင်ရင်း၊ ကဲ ... မင်း wedding က ဘယ်တော့လဲ"





"နောက်လထဲမှာ"

"ကောင်းတယ်၊ ငါတို့ အရံလုပ်မယ်"

"ပွဲမထွက်ဘူးကွ၊ မိုးကုတ်ဝိပဿနာမှာပဲ မင်္ဂလာဦးဆွမ်း ကပ်ပြီး ညှိခံလိုက်တော့မယ်"

"ကောင်းပါတယ်ကွာ။ ငါတို့ထဲမှာ မင်းက သတ္တိအကောင်းဆုံးပဲ"

"ဟား ဟား ... စွန့်စားရတာပေါ့ကွာ၊ ကိုယ်မချစ်နိုင်တဲ့ သူစိမ်းတစ်ယောက်ကို လက်ထပ်ဖို့ ငါ တော်တော်ကြိုးစား ရတာကွ"

ဒီလိုနဲ့ ပင်ရင်း အိမ်ထောင်ပြုသွားတယ်။ အိမ်ထောင်သည်ဖြစ်လာတော့ အလုပ်ကို အရင်ထက် နှစ်ဆတိုးလုပ်ရင်း စီးပွားရေးထဲ ခေါင်းနှစ်ပစ်လိုက်တယ်။ သုံးဦးရှယ်ယာဖွင့်ထားတဲ့ ကွန်ပျူတာဆိုင်ကိုလည်း ရှယ်ယာပြန်နုတ်သွားတယ်။ မိုးခါးနဲ့ ထွန်းမြက ရှယ်ယာတွေ ပြန်အမ်းပေးလိုက်တယ်။

ပင်ရင်း တစ်ယောက် ပြောင်းလဲသွားတာကို မအံ့ဩတော့ပါဘူး။ ပင်ရင်းဟာ နှလုံးသားကိုသတ်ပြီး အချစ်ကို အမြစ်ဖြတ်သွားတာလေ။



www.burmeseclassic.com

www.burmeseclassic.com



မဂျမ်းတို့သားအမိကိုတော့ ပင်ရင်းက အလျဉ်းသင့်သလို ထောက်ပံ့ပါသည်။ မိုးခါးတို့ကတော့ အရင်လိုပဲ အတူတွဲထောက်ပံ့မြဲ။

မိုးခါးက ချစ်သူဆီဆေးကိစ္စတွေနှင့် လုံးပန်းနေရသဖြင့် ထွင်မြကပဲ မဂျမ်းတို့ဆီ အရောက်များပါသည်။

ထွင်မြနှင့် သူတို့သားအမိ သံယောဇဉ်ကလည်း တိုးပြီးရင်း တိုးလာခဲ့သည်။

ထိုအတောအတွင်း ကောင်းချမ်းမြနှင့် မဒီမြတို့၏ဆက်သွယ်ရေးကို ထွင်မြ သိသွားသည်။

"ငါ ဘယ်လိုလုပ်ရမလဲ မိုးခါး"

"မင်းကလည်းကွာ၊ သူတို့ ရိုးရိုးခင်တာ နေမှာပါ"

"အစတော့ ရိုးရိုးပေါ့ကွာ၊ နောက်ကျ မရိုးတော့ရင် ငါဘယ်လိုလုပ်ရမလဲ။ ငါ့ညီမနဲ့ ကောင်းချမ်းမြသာ ချစ်သူတွေဖြစ်သွားရင် ငါနဲ့မဂျမ်းကိစ္စက ဆွေးပြီ"

"မှန်တာပြောရရင် မင်းနဲ့ မဂျမ်းထက် ကောင်းချမ်းမြနဲ့ မဒီမြတို့က ပိုပြီးလိုက်ဖက်တယ် သူငယ်ချင်း"

"ငါ ရင်ကွဲရပြန်ပြီနဲ့ တူပါတယ်ကွာ"





"တစ်ဖက်က ပြန်ကြည့်ရင်လည်း ကောင်းချမ်းမြဟာ ကျေးဇူးရှင်ရဲ့ညီမကို ချစ်ရဲပါ့မလား"

"မသိတော့ဘူး၊ ငါ ရူးတော့မယ်ကွာ"

"ပင်ရင်းပဲ ကောင်းတယ်ကွာ"

"ဟုတ်တယ်၊ ပင်ရင်းလုပ်ရပ် မှန်တယ်"

နှစ်ယောက်လုံးက ပင်ရင်းကို ထောက်ခံနိုင်ပြီး ပင်ရင်းလို အချစ်ကို ကျော်မနိုင်းနိုင်ကြ။



www.burmeseclassic.com

www.burmeseclassic.com



လမ်းကြုံတာနှင့် မိုးခါးနှင့် ဆီဆေးတို့ ကောင်းချမ်းမြ ကျောင်းကို ဝင်ခဲ့ကြသည်။

ကောင်းချမ်းမြက ဆေးတက္ကသိုလ်မှာ ကင်းမဟုတ်။ Roll(1) မဟုတ်ပါဘဲနှင့် နာမည်တော့ကြီးသည်။

“ကောင်းချမ်းမြ လိုက်ဘရီသွားတယ်”

ကောင်မလေး တော်တော်များများက ကောင်းချမ်းမြ ဘယ်အချိန် ဘယ်မှာရှိတာကို သိကြသည်။

လိုက်ဘရီ အပြင်ကနေ လူကြုံနဲ့ ခေါ်ခိုင်းရသည်။

“ဟာ ... အစ်ကိုမိုးခါး”

“အေး ... ဒီဘက်ရောက်နဲ့ ဝင်ခဲ့တာ။ ဒါ ငါ့ရဲ့ချစ်သူ ဆီဆေးတဲ့”

“မမက နာမည်နဲ့ လူနဲ့လိုက်တယ်၊ ဆီဆေးပန်းချီတစ်ချပ်ကို ကြည့်ရသလိုပဲ၊ သိပ်လှတယ်၊ အစ်ကိုမိုးခါးနဲ့လိုက်တယ်”





“မင်းမမြှောက်လည်း မုန့်ကျွေးမှာပါကွ၊ လာ ... ကန်တင်း သွားရအောင်”

“ဆီဆေး ... ဒါ ကိုယ် ပြောပြောနေတဲ့ ကောင်းချမ်းမြလေ”

“ငါ့မောင်ကလည်း လှရောပဲ၊ ပြီးတော့ စာလည်းတော်တယ်တဲ့၊ မင်းအစ်ကိုက ချီးမွမ်းနေတာ”

“ဟုတ်ကဲ့ မမ”

အဲဒီနေ့က ကောင်းချမ်းမြဆီက ပြန်လာတော့ ဆီဆေးကလည်း ကောင်းချမ်းမြကို မြင်မြင်ချင်း ချစ်တွယ်ကာ ...

“ကောင်းချမ်းမြကို ကျောင်းစရိတ်ထောက်ပံ့တဲ့ ငွေထဲကို ဆီဆေးလည်း ရှယ်ယာပါမယ် ခါး”

“သာဓုပါဗျာ ... သာဓု ... သာဓု”

“သူ့ကို ဆီဆေး ရင်းရင်းနှီးနှီး မြင်ဖူးသလိုပဲ ခါးရဲ့၊ ဘယ်မှာမြင်ဖူးမှန်း မသိဘူး”

“ဒီခေတ်က နာမည်တူမရှား၊ လူတူမရှား ဆိုတော့ လူချင်းတူ ရုပ်တူတာ မြင်ဖူးတာနေမှာပါ။ ကောင်းချမ်းမြဘက်က ဆီဆေးတို့နဲ့ ကွာဝေးတဲ့ အနေအထားပါ”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်မှာပါ၊ ဒါပေမဲ့ တော်တော်ရင်းနှီးတယ်၊ စဉ်းစားလို့ လုံးဝမရဘူး"

"အင်း ... မရရင် မစဉ်းစားနဲ့ ခေါင်းကိုက်နေမယ်၊ နောက်တော့ ပေါ်လာမှာပေါ့"

ဆီဆေးကတော့ မျက်မှောင်တကြုတ်ကြုတ်နဲ့ စဉ်းစားနေ၏။

"ဆီဆေး"

"ပြောလေ ခါး"

"ကိုယ့်ကိုချစ်လား"

"အင်း"

"အဲဒါဆို ဘိုးဆီ ပြောပေးတော့လေကွာ"

"အင်းပါ ခါးရယ်၊ ဆီဆေးလေ ဘယ်ကစပြောရမှန်းမသိဘူး"

"ကိုယ် ဆီဆေးနဲ့ အတူနေချင်ပြီ"

"ဆီဆေး ကြိုးစားပါ့မယ် ခါးရယ်"

"ကိုယ့်ကိုချစ်ရင် မြန်မြန်ကြိုးစားပေးပါကွာနော်"



အသနားခံနေသော ချစ်သူကို ဆီဆေးသနားလှပါပြီ။ ချစ်သူရင်ထဲကိုလည်း မြင်ပါသည်။ ဘာပဲဖြစ်ဖြစ် နောက်လည်း ရင်ဆိုင်ရမယ့်အတူ ဘိုးကို ဖွင့်ပြောလိုက်တော့မည်။ မိုးခါးကလွဲ ရင်ဆိုတဲ့စကားကို တော်လှန်ရတော့မည်။

"ကဲပါ ခါးရယ်၊ ဆီဆေး ဒီညနေပဲ ပြောလိုက်မယ်၊ ဟုတ်ပြီလား"

"ဒါမှ မောင့်အချစ်"

ကားမောင်းနေရင်း ဆီဆေး နှာခေါင်းလုံးလုံးလေးကို လှမ်းဖျစ်လိုက်သည်။

"ခါးနော်"

"မခါးဘူး ချိုမှာ"

ကားကို ခရေရိပ်မှာ ထိုးရပ်ပြီး ချစ်သူဘက်သို့ တိုယ်ကိုကိုင်း၏။

"ခါးနော်"

ဆီဆေးက မျက်နှာကို စောင်းငဲ့တိမ်းဖယ်သည်။ ဒါပေမဲ့ သူ့နှုတ်ခမ်းရဲ့ သက်ရောက်မှုကို ကာစရာဒိုင်းမဲ့သော သူမပါးပြင်လေး ရဲတွတ်သွားသည်။ ရှက်သွေးရောင်ကြောင့်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



သူမနှုတ်ခမ်းထက်မှာ နှင်းဆီနီတွေ တဖျိုးဖျပ်ဖျပ် ပွင့်ကုန်သည်။ နားရွက်လေးတွေ ဖြူနုရာမှ နီမြန်းသည်။

ကြက်သီးမွေးညင်းလေးတွေက အလန့်တကြား ခေါင်းထောင်ထသည်။

ခါးရဲ့အနမ်းတွေက သူမမျက်နှာတစ်ပြင်လုံးသို့ စုန်ချည်ဆန်ချည်။ ရင်ခုန်ရသ ရှိန်းမြမြနှင့် အာခေးနှုတ်ငုံမိရာမှ သတိဝင်ကာ ...

"ခါး ... ဖယ်တော့ကွာ၊ သိပ်ဆိုးတာပဲ"

ဤအချိန်တွင် အချစ်ကချို၏။ ထိုအချိန်ကလွဲရင် သူတို့ရှေ့ရေးသည် ...။

✧ ♥ ✧





ဘိုးကိုဖွင့်ပြောရန် အရိပ်အခြည် ကြည့်နေရသည်။ ဘိုးနှင့် ညစာ အတူစားရန် ဘိုးကြိုက်သည့် ဝက်လက်ပေါင်းတောင် ဝင်ဝယ်ခဲ့သေးသည်။

သို့သော် ပြန်ရောက်တော့ ဘိုးက ဗိုက်ဆာလို့စားနှင့်ပြီးပြီတဲ့။

သို့နှင့် ဝက်လက်ပေါင်းက မျက်နှာငယ်ရရှာသည်။

ဆီဆေးလည်း ထမင်းကို တို့ကနန်း၊ ဆိတ်ကနန်းပဲ စားဖြစ်သည်။ ဘိုးက ဝက်လက်ပေါင်းကိုတော့ လာမြည်းရှာပါသည်။

ထမင်းစားပြီးတော့ ဘိုးက ယောဆရာတော်ဘုရားကြီး၏ တရားခွေကို နာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘိုး တရားနာနေတော့လည်း ဘယ်လိုပြောရမလဲ မော်။ ဘိုးအတွက် နွားနို့ပူပူလေးနှင့် အားဆေးလေးပြင်ဆင်ပေး ပြီး ဘိုးဘေးကခုံမှာ ဝင်ထိုင်ပြီး တရားနာဖြစ်သည်။

တရားခွေတစ်ခွေပြီးတော့ ...

"မြေးလတ် ဘာပြောစရာရှိလဲ၊ ပြောပါဦး"

"ဘိုးက မြေး ပြောစရာရှိတာကို သိနေတယ်"

"ညည်းတို့ညီအစ်မတွေက ငါ့ရဲ့ကြေးမုံတွေပါ မြေးလတ် ရယ်၊ ကဲ ... ပြော"

"ဘိုး မြေးကို ချစ်လား"

"ဒါဆိုရင်တော့ မြေး တစ်ခုခု ပူဆာမယ့် နိမိတ်ပဲပေါ့ ကဲ ... ပြော၊ ဘာလိုချင်ပြန်ပြီလဲ"

"မြေးက ဘိုးဆီက ကျေနပ်ကြည်ဖြူမှုလေး လိုချင်တာပါ ဘိုးရဲ့"

"ကျေနပ်ကြည်ဖြူမှု ...။ မြေးစကားက ဆန်းလှချည်လား ကွယ်၊ ကဲ ... ဘယ်လိုကျေနပ်ကြည်ဖြူမှုကို လိုချင်တာ တုံး ပြောပါဦး"



"ဘိုး သတ်မှတ်ထားတဲ့ သတ်မှတ်ချက်ကို မလိုက်နာနိုင် တဲ့ မြေးရဲ့နှလုံးသားကို ခွင့်လွှတ်ပေးစေချင်လို့ပါ ဘိုး"

"ဘိုးသတ်မှတ်ချက်ဆိုတော့ ဘာလဲ၊ မြေးက မိုးခါကိုး သဘောကျနေပြီလား"

ဘိုးအသံက မာသည်။ လေပြတ်သည်။ တိုတုတ် သည်။ ဘောက်ဆတ်ဆတ်နိုင်သေးသည်။ ထို့အတူ ဘိုးမျက်နှာက လည်း လေသံနှင့်တူသည်။

ဆီဆေးအဖို့ ဝန်ခံဖို့တောင် မဝံ့ရဲရပြီ။ မိုးလေဝသ က မကောင်းတော့။ ရာသီဥတုက ဖောက်စပြုလာပြီလေ။

"ပြောလေ မေဆီဆေး"

ဘုရားရေ။ ဘိုး ဘယ်တုန်းက အဲလိုနာမ်အထိ သုံး နှုန်းလို့လဲ။ ဆီဆေးမျက်ဝန်းထဲမှာ အနီရင့်ရောင် ကြက်ခြေခတ် များ မြင်ယောင်လာမိသည်။ အခြေအနေကတော့ မြွေသေတုတ် ကျိုးဖြစ်ပြီ ထင်ပါရဲ့။

ဆီဆေးဆီက ဆိတ်ဆိတ်နေခြင်းကို ဝန်ခံခြင်းဟု ဘိုး သဘောပေါက်ပုံ ရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"လူကြီးက တားမြစ်ထားတာကိုမှ လုပ်ပြချင်တယ်ပေါ့။ ဟုတ်လား။ မိုးခါးကလွဲရင်လို့ ငါပြောထားတယ်၊ ကမ္ဘာပေါ်မှာ ယောက်ျားတွေ အများကြီးပဲ၊ ဘာလို့ ဒီမိုးခါးကိုမှ ပတ်သက်ချင်တာလဲ၊ ပြောစမ်း"

"ကို ... ကိုမိုး ... ကိုးမိုးခါးက ..."

"တော် ... ... တိတ် ...၊ အဲဒီနာမည်ကို ပါးစပ်မှာမတပ်နဲ့"

"သူက ... သူက ဘာဖြစ်လို့လဲ ဘိုး။ သူ့မှာ ဘာအပြစ်ရှိလဲ"

"ရှိတာပေါ့၊ သူက ငါ့မြေးနားကို လိမ်ညာပြီး ချဉ်းကပ်ခဲ့တာ အပြစ်ပေါ့၊ ပင်ရင်းသူငယ်ချင်း ဖြစ်ပါရက် သူငယ်ချင်းနဲ့ စေ့စပ်ထားတဲ့ မိန်းကလေးအပေါ် လိမ်ညာချဉ်းကပ်ခဲ့တာဟာ မိန်းကလေးကိုလိမ်ပြီး သူငယ်ချင်းကို သစ္စာဖောက်တာ။ အဲလိုလူလိမ်သစ္စာဖောက်နဲ့ ငါ့မြေးကို သဘောမတူဘူး"

"မဟုတ်ဘူး ဘိုး၊ ဘိုးထင်သလို မဟုတ်ပါဘူး"

"တော် ... တိတ် ... ဘာမှထပ်မပြောနဲ့"



"ဘိုး ... ဆီဆေးကို သနားပါဦး ဘိုးရယ်"

"ငါ့မြေးကို သနားလို့ တားနေတာပေါ့၊ မြေးက အချစ်စိတ်မုံးပြီး အမှန်ကို မမြင်တာကြောင့် တားနေရတာ။ ဒီမှာ ငါ့မြေး၊ အချစ်ဆိုတာ လူတစ်ယောက်ရဲ့ဘဝကို ကောင်းကောင်းကြီး ဖျက်ဆီးတတ်ရုံမက အဲဒီလူရဲ့ဖြတ်ဝန်းကျင်ကိုပါ ဒုက္ခပေးတတ်သေးတာ။ အဲဒီအချစ်သတ်လို့ ညည်းမိဘတွေနဲ့ ညည်းအစ်ကို သေရတာ။ မကိုးကွယ်ချင်စမ်းနဲ့ မြေးရယ်"

"ဘိုးဘိုးရယ်"

ချုံးပွဲချငိုရုံမှတစ်ပါး ...။ ဘိုးက သူမမျက်ရည်ကို ဖျက်နှာလွှဲသွားပြီ။

✧ ♥ ✧

www.burmeseclassic.com

www.burmeseclassic.com



ဘိုးနှင့်မပြေလည်တာနှင့် အိပ်ခန်းထဲရောက်မှ မိုးခါးဆီ ဖုန်းဆက်ရသည်။

"ဟာ ... ဒါဆို ဘယ်လိုလုပ်ကြမလဲ ချစ်ရယ်"

"လောလောဆယ် အသိတော့ပေးပြီးပြီလေ ခါးရယ်၊ ဘိုးစိတ်ထဲမှာ ဒီကိစ္စရောက်သွားပြီလေ၊ တဖြည်းဖြည်းနဲ့ ဘိုးလက်ခံလာအောင် ကြိုးစားရမှာပေါ့၊ ဘိုး စိတ်နည်းနည်းပျော့လာပြီဆိုမှ ခါးက ခါးမိဘတွေခေါ်လာပြီး လာနေပေါ့၊ တဖြည်းဖြည်းနဲ့တော့ အဆင်ပြေသွားမှာပါ ခါးရယ်နော်"

"ကိုယ်က ဆီဆေးကိုချစ်မှတော့ ဆီဆေး စိတ်ချမ်းသာအောင် လိုက်လျောရတော့မှာပေါ့"

"အဲဒါကြောင့် ခါးကို ချစ်တာပေါ့"



"အင်းပါ၊ အဲဒီအပျော့ဆွဲလေးတွေနဲ့ပဲ ဒီမောင်မှာ ရုန်းမရတော့ပါဘူး"

"ဘယ်ရမလဲ ခါး ရုန်းမရအောင် အချစ်ကျော့ကွင်းနဲ့ တစ်ပတ်ပြီးတစ်ပတ် ချည်နှောင်ထားမှာ"

"ကောင်းပါပြီဗျာ၊ ဒီကောင်က ရုန်းရရင်တောင် မရုန်းချင်ပါဘူးဗျာ၊ ကဲ ... ကလေးမ သနပ်ခါးလိမ်းပြီးပြီလား"

"ရေတောင် မချိုးရသေးဘူး"

"ညစ်ပတ်"

"ဘာဖြစ်လဲ"

"ကဲ ... ရေချိုးတာနောက်ကျရင် မကောင်းဘူး၊ ချိုးလိုက်ဦး၊ ဪ ... ရေမွှေးစပ်ပြီးချိုးနော် မိုးချုပ်နေပြီ၊ သနပ်ခါးလေး ခြေဆုံးခေါင်းဆုံးလိမ်းရင်း ကိုယ့်ကို သတိရနော်"

"ဟုတ်ကဲ့ ချစ်သူ"

ရေချိုးရင်လည်း ချစ်သူကို လွမ်းသည်။

ချစ်သူ သွေးပေးတဲ့ သနပ်ခါးကိုလိမ်းရင်လည်း ချစ်သူကို သတိရသည်။

www.burmeseclassic.com

www.burmeseclassic.com



ရေချိုးပြီးတာနှင့် ညဝတ်ပဂျားမားလေး လဲပြီးတာနှင့် အခန်းမီးပိတ်၊ ညအိပ်မီး ပြာလဲ့လဲ့လေးထွန်းကာ ခုတင်ပေါ် လှဲပြီး မိုးခါးဆီ ဖုန်းပြန်ခေါ်လိုက်သည်။

"ခါး ညစာစားပြီးပြီလား"

"စားပြီးပြီ၊ ထွဋ်မြနဲ့ မဂျမ်းတို့ဆီ လိုက်သွားရင်း သူတို့ ကျွေးလိုက်တာ"

"အင်း ... ထွဋ်မြလည်း သောကဘုံမှာ မင်းဖြစ်နေတာပေါ့"

"ဟုတ်တယ် ကောင်းချမ်းမြနဲ့ မဒီမြသာ ချစ်သူတွေဖြစ်သွားရင် သူက မဂျမ်းကို ဘယ်လိုဖွင့်ပြောမလဲ"

"အင်းနော် ... ဆိုဆေးတို့ကမှ သန်းခေါင်းပြီးရင် လာမယ့် အရက်ရှိသေးတယ်နော်၊ သူ့ကိုကျတော့ ဘယ်လို တင်စေ ရမလဲတောင် မသိတော့ဘူး"

"ဟုတ်တယ်၊ ကိုယ်ကတော့ မဂျမ်းကို မေ့လိုက်ဖို့ပဲတိုက် တွန်းရတယ်"

"ဟယ် ... သူ ဒီလောက်ချစ်နေတာ ဘယ်လို မေ့နိုင်မလဲ ခါးရဲ့"





"ဒါပေမဲ့ အဲဒါက အကောင်းဆုံးပဲလေ၊ သူကသာချစ်နေတာ၊ မဂျမ်းက အရမ်းတည်ကြည်တာ၊ သူဖွင့်ပြောရင်တောင် မဂျမ်း လက်ခံဖို့က မလွယ်ဘူးလေ"

"အင်း ... ဒါလည်း ဟုတ်တာပဲ"

"အဲဒါကြောင့် ကိုယ်က မေ့လိုက်ဖို့ တိုက်တွန်းရတာပေါ့"

"အင်း ... အမြဲပတ်သက်နေရတော့လည်း ဘယ်လိုလုပ် မေ့လို့ရမလဲ ခါးရဲ့"

"ဩော် ... ချစ်ကလည်း မဂျမ်းကို မေ့နိုင်းတာ မဟုတ်ဘူး လေ၊ မဂျမ်းကိုချစ်နေတဲ့ အချစ်ကို မေ့နိုင်းတာ"

"တကယ်လို့သာ ကောင်းချမ်းမြသာ ကလေးလေးဆိုရင် ကောင်းမယ်နော်"

"ဟုတ်တယ်"

"ကဲပါ သူများအကြောင်း ဝင်ပူနေပြန်ပြီ၊ ကိုယ့်ကိစ္စပဲကိုယ် ပူတော့မယ်"

"ကိုယ်ကလည်း ပူစေချင်ပြီ ဟီး ဟီး"

"ဘာလဲ ခါးနော်"



www.burmeseclassic.com

"ဩော် ... ကိုယ့်ကိစ္စနဲ့ကိုယ်မှုပြီး ပြေလည်အောင် မြန်မြ

ဖြေရှင်းကြမယ်လို့ ပြောတာပါ ချစ်လေးရဲ့"

"ဟွန်း ... မသိရင်ခက်မယ် ခါးနော်"

"ခါးဘူး ချိုမှာ"

"တော်ပါပြီ၊ အဲဒီချိုတာကို ကြောက်ပါပြီ"

"မရဘူး ဖုန်းထဲကပဲ ချိုလိုက်မယ် ... ရွတ်"

အဲဒီနောက်မှာတော့ လတ်တလော အဆင်မပြေမှု

မေ့ပြီး ဖုန်းထဲမှာ အချစ်အကြောင်းကို အနူးညွတ်ဆုံး ဆက်ဆွေးနွေး

ကြတယ်။ သူတို့ ဆွေးနွေးခြင်းမှာ အချစ်က လှုသတ်တဲ့ခေါ

စဉ်တော့မဟုတ်ဘူး။ အချစ်ဆိုတာ ပန်းမြိုင်လယ်က စမ်းရေစီးသံ

လို့ ဘိုးကို သက်သေပြမယ့် ခေါင်းစဉ်။

✧ ♥ ✧



မဂျမ်းအမျိုးသား ကောင်းချမ်းမြ ဖခင်ဆုံးတာ နှစ်

နှစ်ဆယ်ပြည့်ပြီတဲ့။

သွားလေသူကို ရည်စူးပြီး ဘုန်းကြီးငါးပါးပင့်ကာ

နှစ်ပတ်လည်ဆွမ်းကပ်သည်။

ဧည့်သည်က များများစားစားမရှိ။ မမိုမိုရယ်၊ ထွဋ်မြ

မိုးခါးနဲ့ ဆီဆေး၊ ပင်ရင်းတို့- လင်မယားရယ်။

ကျွေးတာကတော့ မဂျမ်းလက်ရာ စပါယ်ရှယ်

မုန့်ဟင်းခါးပဲပေါ့။

မဂျမ်းမျက်နှာဟာ ခင်ပွန်းဖြစ်သူကို သတိရစိတ်နဲ့

ညှိုးရော်နေသည်။

ရေစက်ချအမျှဝေတော့ မျက်ရည်ပေါက်ပေါက်ကျပြီး

ငိုသံပါဖြင့် အမျှဝေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သွားလေသူ ဒကာကြီး ကောင်းလက်ရာမှ အစပြု၍ သုံးဆယ့်တစ်ဘုံကျင်လည်ကုန်သော ဝေနေယျသတ္တဝါအပေါင်းကို အမျှဝေကြရအောင်"

အမျှဝေပြီး မဂျမ်းဆီမှ အသံဆက်ထွက်လာသည်။

"အစ်ကိုရေ ... ချမ်းမြ အမျှဝေတာကို ရောက်ရာအရပ်က ရပါစေ ... ရပါစေ အစ်ကိုရေ ... အမျှ အမျှ အမျှပါ"

ဘုန်းကြီးတွေကို ထွင့်မြ ကားနှင့် ပြန်ပင့်သွားသည်။ မဂျမ်းကတော့ ထောင့်တစ်ထောင့်မှာ သာခွေယိုင်ဖြစ်နေရှာသည်။

"အစ်မ"

ဆီဆေးက မဂျမ်းနား ကပ်သွားသည်။ မဂျမ်းက ဆီဆေးကို မိုးဓါးချစ်သူမှန်း သိနှင့်ပါသည်။

"ညီမရယ် ... မုန်းစားပါဦးဟယ်၊ ကိုယ့်သောကနဲ့ကိုယ် ညှော့ဝတ်မကျေသလို ဖြစ်နေပြီ"

"ရပါတယ် အစ်မရယ်၊ အစ်မကို တစ်ခုမေးချင်လို့ အစ်မ အမျိုးသားနာမည်က ကောင်းလက်ရာနော်၊ ဆီဆေး အဲလို ကြားလိုက်မိလို့"



"ကြားလိုက်ရင်လည်း မကြားချင်ယောင်ပဲ ဆောင်လိုက်ပါ ညီမရယ် မမေးပါနဲ့"

"အစ်မ အစ်မနာမည် မချမ်းမြ မဟုတ်လား"

"မဟုတ်ဘူး အစ်မနာမည် မဂျမ်း"

"အစ်မနာမည် မဂျမ်း ဆိုရင်တောင် ကောင်းချမ်းမြဆိုတဲ့ နာမည်က ကိုကောင်းလက်ရာနဲ့ မချမ်းမြကို ပေါင်းစပ်ထားတာမဟုတ်ဘူးလား အစ်မ၊ ပြီးတော့ ကောင်းလက်ရာဆိုတဲ့ နာမည်ဟာ ဆင်တူတတ်တဲ့ သမားရိုးကျနာမည်မျိုးလည်း မဟုတ်ဘူး အစ်မ၊ ပြီးတော့ အစ်မ ငြင်းနေတာလည်း ဆီဆေးကို အစ်မ ကြိုသိထားလို့ပေါ့"

မဂျမ်းက တိတ်ဆိတ်နေသည်။ အဝေးကောင်းကင်ကို ငေးနေသည်။

တိမ်တွေပေါ်မှာ အစ်ကို ကိုယ်ထင်ပြမလားလို့ မော့ငေးခဲ့ရတာ အစ်ကို ဆုံးကတည်းကပင်။

ရင်ခွင်ပိုက်သားလေးကို ဖက်ပြီး ပြိုကျသွားတဲ့ မြင်းမိုရ်တောင်အား ထိုင်ငိုခဲ့ရတဲ့နေ့ကို မမေ့ရ။

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုရှာပနမှာ အရပ်ကောင်းလို့ အလောင်းလှခဲ့ရတဲ့အဖြစ်။ အဲဒီတုန်းက ခုလို နာရေးကူညီမှုအသင်း ဆိုတာလည်း မရှိသေးဘူးလေ။

ကလေးလေးက ဆယ်ရက်သား။ မိမိက သွေးနုသားနု။ ကလေးမီးဖွားထားသည့် အကြွေးတင်နေတာကို ကျေချင်လှသည့်အစ်ကိုက နေပူမိုးရွာမရှောင် အလုပ်လုပ်ရင်း အစ်ကိုတစ်ယောက် ဆေးမင်းခေါ်ရာနောက် ပါသွားခဲ့ရသည်။

သွားလေသူ အစ်ကိုလည်း ဘယ်လိုဒုက္ခတွေ ရင်ဆိုင်ရလဲမသိ။ မိမိကတော့ သွေးကနု၊ ကလေးကငယ်၊ အကြွေးကတင်နှင့် အစ်ကို့ရှာပနကိုတောင် ဘယ်လို စီစဉ်ရမလဲမသိအောင် ငုတ်တုတ်ထိုင်ငိုခဲ့ရတယ်။

ရုပ်အလောင်းကြီးကို ထိုင်မကြည့်ဝံ့။ သည်အရပ်ကပဲ အစ်ကို့ရှာပနကို မြေချပေးခဲ့ကြတယ်။

ချမ်းသာလှချည်ရဲ့ဆိုတဲ့ ဦးချမ်းသာရဲ့ မျိုးဆက်သွေး အစ်ကိုတောင် အလောင်းလှရုံ မြေကျခဲ့ရတယ်။ စိတ်နာလွန်းလို့ အမွေပြတ်ထားတဲ့ အစ်ကို့အသိုင်းအဝိုင်းကို ယောင်လို့တောင် အကြောင်းမကြားခဲ့ဘူး။



ကြွေးတောနစ်ရတဲ့ မုဆိုးမငယ်ငယ်ကို ကြွေးနဲ့သိမ်းချင်သူကလည်း များသား။ မာနကို စူးတောင်လိုက်ကာပြီး မိမိကိုယ်မိမိရော သားကိုပါ ကာကွယ်ခဲ့ရတယ်။

မိမိတို့လင်မယားရဲ့ အကူအညီနဲ့ မုန့်ဟင်းခါးဆိုင်ကို သားကိုလွယ်ရင်း ဖွင့်ခဲ့ရတယ်။

မနက်ငါးပိရည်၊ ညငါးပိထောင်းစားပြီး အကြွေးတွေ ဆပ်ခဲ့ရတယ်။

မုန့်ဟင်းခါးသည်ဘဝနဲ့ပဲ သားကို ဆယ်တန်းအောင်စေခဲ့ရတယ်။ ဒါတောင် ကယ်တင်ရှင် သဒ္ဓါကောင်းတွေပေါ်လာလို့ သားလေး ဆေးကျောင်းတက်ရရှာတာလေ။

အဲဒီအကြောင်းကို အခု ကိုယ်ရှေ့ရောက်နေတဲ့ ကောင်းလက်ရာရဲ့ညီမ မေဆီဆေးကို မပြောချင်တော့ပါဘူး။

ကောင်းလက်ရာဆိုတဲ့ အစ်ကို့မှာ မေပန်းရှိုနဲ့ မေဆီဆေးဆိုတဲ့ ညီမနှစ်ယောက်ရှိတာ အစ်ကိုပြောလို့ နာမည်ကြားဖူးခဲ့လေ။ (ကောင်းလက်ရာကိုယ်တိုင် မေရေဆေးကို မွေးတာသိမသွားခဲ့။)

www.burmeseclassic.com

www.burmeseclassic.com



ခုတော့ အဲဒီ မေဆီဆေးက ရှေ့တည့်တည့်မှာထိုင်ပြီး အစ်ကိုအကြောင်း လာမေးနေပြီ။

အားလုံး ပြည်ဖုံးကားချပြီးပြီ။ ပြန်ပြောပြရင်လည်း မောရုံပဲရှိတော့မည်။

အစ်ကို သေသည်အထိ စွန့်ပယ်ခဲ့တဲ့ အစ်ကို့အသိုင်းအဝိုင်းနဲ့လည်း မပတ်သက်လိုပြီ။

အတိတ်ကို ပြန်သွားနေသော မဂျမ်းကိုကြည့်ပြီး ဆီဆေး သနားလိုက်တာ။ နှစ်နှစ်လုံး မုန့်ဟင်းခါးချက်ရောင်းခဲ့ရသော မဂျမ်းသည် အသက်နှင့်မလိုက်အောင် အရွယ်တင်နုပျိုလွန်းလှသည်။

မျက်လုံးတွေက ကြည်လင်ရွှန်းလဲ့တုန်း။ အသားအရေက ဖြူသည်ထက် ကြည်လင်သည်ဆို ပိုမှန်မည်။ ဆံပင်မည်းမှောင်ရှည်သည်မသိ။ ဆံထုံးကြီးက အက်နေသည်။ မုန့်ဟင်းခါးချက်သည့်လက်တွေက ဖော့ဖယောင်းလို သွယ်ပျောင်းတုန်း။

ခုတောင် ဒီလောက်လှတာ လွန်ခဲ့သည့် နှစ်နှစ်ဆယ်က ဘယ်လောက်လှလိုက်မလဲ။





ထိုအလှကြောင့် ကိုကြီး တစ်ယောက် မိသားစုကို ကျောခိုင်းပြီး မဂျမ်းနောက် ကောက်ကောက်ပါသွားခဲ့တာပေါ့။

ထို့ကြောင့်သာ ကိုကြီးအငယ်စားလေး ဓာင်းချမ်းမြကို မြင်ဖူးသလိုလို ရင်းနှီးနေတာ။

ကိုကြီးဆိုတာ သူမအဖို့ လူကိုမှတ်မိဖို့ဝေးစွ အဖြူအမည်းဓာတ်ပုံလေးကြည့်ပြီး ကိုကြီးကောင်း လက်ရာပါလားလို့ သိလိုက်ရတာလေ။

ခုလို ယောက်မနဲ့ တူလေးကို ပြန်တွေ့ရတာကို မကြီးမန်းချိုကို အရင်ပြောပြရမယ်။

ဘိုးချမ်းသာ၏ မြေးဖြစ်ပါလျက်နှင့် သူများထောက်ပံ့ခံပြီး ကျောင်းတက်နေရသော တူလေးဘဝကို သနားလှပြီ။

"ဆီဆေး လာလေ မုန့်စားရအောင်၊ မဂျမ်း လက်ရာက သိပ်ကောင်းတာ ဆီဆေးရဲ့"

ချစ်သူ မိုးခါးကတော့ အခြေအနေကို အကဲမရှာပဲ လာခေါ်နေသည်။

သူမ ရင်ထဲမှာ အဲဒီမုန့်ဟင်းခါးကို မစားရက်တဲ့ သူမကိုယ်တိုင်ပဲသိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမ လာပါဗျာ၊ ဒါနလေးမြောက်သွားအောင် စားလိုက်ပါဦး"

ကောင်းချမ်းမြ ပခုံးလေးကို ကြင်နာစွာ ဖက်လိုက်ပြီး ...

"သားအဖေက ကိုကောင်းလက်ရာနော်"

"ဟုတ်တယ် မမ"

"မဂျမ်းနာမည်က မချမ်းမြမို့လား"

"သား"

မဂျမ်းရဲ့ဟန့်သံက အရာရာကို ...။

✧ ♥ ✧





"ဒါဆို ကောင်းချမ်းမြဟာ ဆီဆေး တူလေးပေါ့"

"ဟုတ်တယ် ခါးရယ် ... အဟင့်"

"ဖြစ်မှဖြစ်ရလေကွာ"

"ဆီဆေး တူလေးကို သနားလိုက်တာ"

"ဆီဆေး ဘာဆက်လုပ်မလဲ"

"အရင်ဆုံး မကြီးနဲ့ တိုင်ပင်မယ်၊ အခု ဆီဆေးကို မကြီး ဆီပို့ပေးနော် ခါး"

"အိုခေ ... အိုခေ ... ပြန်လည်တွေ့ဆုံခြင်းက ငိုစရာမှ မဟုတ်တာကွာ၊ မငိုနဲ့ ခေါင်းကိုက်နေမယ်"

"ကိုကြီးကိုရော မဂျမ်းတို့သားအမီကိုပါ သနားလို့ပါ၊ ဆီဆေးတို့ သိထားတာက ကိုကြီးရင်သွေး မကျန်ခဲ့ဘူးလေ၊ ခုတော့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်တတ်တယ်ကွာ၊ ဒါပေမဲ့ အခု ပြန်တွေ့တာလည်း နောက်မကျသေးပါဘူး"

မိုးခါးက ပြောပြောဆိုဆိုနဲ့ မေပန်းချီရဲ့ ပရိဘောဂ တိုက်ထဲ ကားကို ချိုးကွေ့လိုက်သည်။

မိုးခါး ကားပေါ်က ဆင်းလာသော ဆိုဒေးကို မေပန်းချီက တွေ့သွားကာ။

"အလတ်မ ဘယ်လိုလုပ်လာတာလဲ၊ နင် ဘိုးစကားကို ပုန်ကန်နေတာလား"

"နေပါဦး မကြီးရယ်၊ ဒီမှာ အရေးကြီးလာလို့"

"ဘာကိစ္စလဲ"

"ခဏနေဦး၊ ကိုမိုးခါး ပြန်လိုက်တော့၊ ဆိုဒေး မကြီးကိုပဲ ပို့နိုင်းလိုက်တော့မယ်"

မိုးခါး ပြန်သွားမှ မကြီး နားနေခန်းထဲ သွားကာ စာတ်ကြောင်းလှန်ရသည်။

ပြောသူကလည်း ပြောရင်း မျက်ရည်ကျ။ နားထောင် သူကလည်း နားထောင်ရင်း မျက်ရည်ကျ။

"ဟွယ် … ဒါဆို မချမ်းမြက သနားပါတယ်ဟယ်၊ ငါတို့ တူလေးကိုလည်း သနားလိုက်တာ"



"ဟုတ်တယ်၊ ငါတို့မျိုးရိုးက ယောက်ျားလေးရှားတယ်၊ ဘိုးသာသိရင် သူ့မြစ်သားလေးကို အရမ်းချစ်မှာ"

"ဒါပေမဲ့ ဘိုးက လက်ခံပါ့မလား"

"အဲဒါတော့ မသေချာသေးဘူး၊ သွေးတိုးစမ်းကြည့်ရမှာ"

ညီအစ်မနှစ်ယောက် တွတ်ထိုးနေတုန်း ကိုသူ ရောက်လာ၏။ ပန်းချီ့ မျက်ရည်စတွေမြင်တော့ …

"မိန်းမ ဘာဖြစ်လို့လဲ၊ ဘာလို့ ငိုတာလဲ၊ အလတ်မ ဘာ ဖြစ်နေကြတာလဲ"

"ဖြည်းဖြည်းမေးပါ ကိုသူရယ်"

"ဒီလို ကိုသူ၊ ပန်းချီ တစ်ခါပြောဖူးတဲ့ ကိုကြီးကောင်းလက် ရာဆိုတာလေ၊ အခု ယောက်မနဲ့ တူလေးကို ပြန်တွေ့လို့"

"တူလေးဆိုတော့"

"ကိုကြီးသေတော့ သားတစ်ယောက် ကျန်ခဲ့တယ်တဲ့ ယောက်ျားရယ်၊ ပြီးတော့ အဲဒီကလေး ဆေးကျောင်းတက် နေတာကို မိုးခါးတို့ သူငယ်ချင်းတစ်သိုက်က ထောက်ပံ့ နေသတဲ့၊ မိုးခါးတို့နဲ့ပတ်သက်နေတဲ့ မုန့်ဟင်းခါးရောင်းတဲ့ မုဆိုးမသားအမိဆိုတာ ပန်းချီတို့ယောက်မနဲ့ တူလေးတဲ့ ယောက်ျားရယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ"

ဆီဆေးကလည်း ဖြစ်ကြောင်းကုန်စင် ဝင်ရှင်းပြ သည်။ ကိုသူတောင် ယောက်ျားတန်မဲ့ တကျွတ်ကျွတ် စုတ်သပ်နေ၏။

"ဒီလိုဆိုရင်တော့ သူတို့သားအမိကို ပြန်ခေါ်ရမှာပေါ့၊ ကိုယ်တွေပဲ ထောက်ပံ့ရမှာပေါ့"

"ဒီကိစ္စကို ဘိုးကို ဘယ်လိုပြောကြမလဲ"

"အို ... ဘိုးကို ပြောတာတော့ပြောရမှာပဲ၊ ဒါပေမဲ့ ဘိုး လက်မခံရင်လည်း ကိုယ်တို့ဘာသာ ဝိုင်းပြီး ထောက်ပံ့ရမှာပေါ့"

"ဟုတ်တယ်၊ ဘယ်လိုပဲဖြစ်ဖြစ် ထောက်ပံ့ရမယ်"

"မချမ်းမြက လက်ခံပါ့မလား မသိဘူး၊ သူက အရမ်းမာန ကြီးတယ်၊ ခုတောင် မချမ်းမြ သူငယ်ချင်း မမိုမို ပြောပြ လိုက်လို့ အကုန်သိရတာ"

"ဘာပဲဖြစ်ဖြစ် ကံမကုန်လို့တောင် ပြန်ဆုံကြပြီပဲ၊ ရအောင် ထောက်ပံ့ရမှာပေါ့"

"ဆီဆေး ငါ့တူလေးကို တွေ့ချင်တယ်"





"ဒီနေ့တော့ မသွားနဲ့ဦး မကြီး၊ နောက်နေ့မှပဲ သွားတွေ့ ကြတာပေါ့"

"လောလောဆယ် ဘိုးကို အရင်ဖွင့်ပြောရမယ်"

ခေါင်းသုံးလုံးဆိုင်သွားသည်။ သူတို့ ယုံကြည်သည်။ ဘိုး သိရင် မြစ်သားကလေးကို ဝမ်းသာအားရ လက်ကမ်းလိမ့် မည်။

✧♥✧



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းချမ်းမြ"

"ဟာ ... အစ်ကိုမိုးခါးနဲ့ မမဆီဆေးပါလား"

ကောင်းချမ်းမြက သူသိသည့် ဆီဆေးတို့ကိုပဲ နှုတ်ဆက်ကာ ပန်းချီနှင့် ကိုဖြိုးသူကိုတော့ ပြုံးကြည့်နှုတ်ဆက်ရသည်။

"ကိုကြီးနဲ့ ချွတ်စွပ်ပဲ"

ပန်းချီ့ဆီမှ အသံထွက်လာသည်။

ကိုကြီးကိုယ်ပွားသည် မချမ်းမြနှင့် လုံးဝမတူဘဲ ကိုကြီးနှင့် တစ်ထေရာတည်း တူတာပါ။

"လာပါဦး တူလေးရယ်"

ပန်းချီက လက်ကမ်းသည်။ ကောင်းချမ်းမြက ကြောင်နနနှင့် ပန်းချီ့ရင်ခွင်ထဲ ရောက်ရသည်။

ထို့နောက် မိုးခါးကပဲ ကောင်းချမ်းမြကို ရှင်းပြရသည်။





"ဗျာ ... ဒါဆို ဖေဖေ ဆုံးတဲ့အချိန်မှာ ဘိုးဘိုးရော ဘွားဘွားပါ ဆုံးတာပေါ့"

"ဟုတ်တယ်"

"ဟာဗျာ"

"လောကကြီးမှာ ကိုကြီးရင်သွေး ကျန်ခဲ့မှန်းမသိလို့ အန်တီကြီးတို့ ပစ်ထားသလိုဖြစ်သွားတာ ခွင့်လွှတ်ပါ သားရယ်"

"ဘိုးဘိုးနဲ့ ဘွားဘွား ဆုံးတာကိုလည်း မေမေ မသိခဲ့ပါဘူးဗျာ"

"အေးလေ၊ အဲဒီတော့ နှစ်ဦးနှစ်ဖက် နာစရာတွေ ဖြစ်ခဲ့တာပေါ့။ ကဲ ... သား၊ အတန်းပြီးပြီလား၊ ပြီးရင် မေမေ့ဆီ အန်တီတို့ လိုက်ခဲ့မယ်"

"သား အရင်ပြောပြလိုက်ပါမယ်။ ချက်ချင်းကြီးဆိုတော့ မေမေလည်း သွေးပူပြီး ကောင်းကောင်း လက်မခံမှာစိုးလို့ပါ"

"ငါ့တူလေးက တွေးတတ် ခေါ်တတ်တယ်၊ တော်လိုက်တာ။ သားကို တစ်ခုပြောမယ်။ ဘာပဲဖြစ်ဖြစ် သားမှာ အန်တီတို့ရှိနေပြီ ဆိုတာတော့ ခေါင်းထဲထည့်ထား၊ ဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ပြီနော်၊ ပြော်ဒ် ... မိုးခါး၊ မိုးခါးတို့ သူငယ်ချင်းတစ်စုကိုလည်း ပန်းချီ အရမ်းကျေးဇူးတင်ပါတယ်၊ မိုးခါးတို့ကြောင့် တူလေးနဲ့ ပြန်တွေ့ရတာ"

"ရပါတယ် မေပန်းချီ"

ကောင်းချမ်းမြကတော့ ရုတ်တရက် သိလိုက်ရသော သူ့ခွေမျိုးတွေကို ဝမ်းသာအယ်လဲ ကြိုဆိုပါသည်။ အိမ်ပြန်ရောက်တာနှင့် မေမေ့မျက်နှာကို ကြည့်နေမိသည်။ မေမေ့မျက်နှာက ဖေဖေ့အတွက် အမျှဝေပြီးကတည်းက မကောင်းတာ ခုထိလည်း မကြည်လင်သေးဘူးလေ။

ကင်ပွန်းချဉ်ရွက် သင်နေသော မေမေ့နားသွားကာ ...

"သားပါ ကူခွေပေးမယ်နော် မေမေ"

"သား ကင်ပွန်းချဉ်ခွာတိုင်း စူးတယ်လေ၊ သွား ... သွား၊ ခဏနားပြီး ရေချိုး။ ရေမချိုးခင် ရေတစ်ခွက်သောက်လိုက်ဦးနော်"

"ဟုတ်"

"သားရေချိုးတာနဲ့ ဒီချဉ်ရည်ဟင်းက ကျက်ပြီ။ ထမင်းစောစော စားရအောင် သားရေ"





"ဟုတ်ကဲ့ မေမေ"

မေမေက စကားပြောချင်ပုံမရ။ သူ့နားက အနေနည်းနဲ့ နှင်နေသည်။

ရေချိုးပြီး ထမင်းစားတော့လည်း ထမင်းစားရင်း စကားပြောတာကို မကြိုက်သည့် မေမေ့ကြောင့် စကားမစရဲ။ ထမင်းစားပြီးတော့လည်း မေမေက အိပ်ခန်းထဲ တန်းဝင်သွားသည်။

အခန်းကျဉ်းလေးမှာ မီးဖိုထားသည့် နေရာသည် မီးဖိုခန်းဖြစ်ပြီး ထမင်းစားပွဲ ချစရာပင် နေရာမရှိ။ ဧည့်ခန်းသည် ထမင်းစားခန်းပါ ဖြစ်ရသည်။

တစ်ခုတည်းသော အခန်းလေး ဖွဲ့ထားတာကို အိပ်ခန်းအဖြစ် သုံးရပြီး သားအမိနှစ်ယောက် အခန်းထောင့်တစ်ထောင့်စီကပ်ကာ အိပ်ရသည်။ နေရာပိုဆို၍ ဖိနပ်ချွတ်ကပြင်လေးသာရှိပြီး ထိုကပြင်မှာတောင် ဖိနပ်မချွတ်ရက်ပဲ ပြောင်လက်အောင် တိုက်ချွတ်ဆေးကြောကာ ဝရန်တာသဆောမျိုး သုံးရသည်။

ထိုဝရန်တာဟု သူ သတ်မှတ်ထားသော ကပြင်လေးသည် သူ့ရဲ့ညဘက်စာကြည့်ခန်းလည်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



မေမေနဲ့ စကားပြောချင်ပါတယ်ဆိုမှ မေမေက အခန်းထဲ ဝင်သွားပြီ။ ဘယ်လိုလုပ်ရမှန်းပင် မသိ။

စာအုပ်လေးကိုင်ပြီး မေမေ့ကို သွားကဲကြည့်သည်။

"ဘာလဲ သား၊ ဘာပြောချင်နေလဲ"

"မေမေ ... သားမှာ ပြောစရာရှိတယ်"

"ကဲ ... ပြော ... ပြော။ မပြောရရင် စာကျက်လို့မရဘူး မို့လား"

"ဟုတ်တယ် မေမေ၊ သား ပြောမယ်နော်"

ကောင်းချမ်းမြက ပန်းချီတို့ပြောပြသော အကြောင်းစုံကို မေမေ့ကို ပြောပြရသည်။

မေမေလည်း မျက်ရည်ကျသည်။

"ဒါဆို အစ်ကိုမိဘနှစ်ပါးစလုံး ဆုံးသွားတာပေါ့"

"ဟုတ်တယ် မေမေရဲ့"

"မေမေက မသိဘဲ တစ်ချိန်လုံး စိတ်နာခဲ့တာ"

"ဟုတ်တယ် မေမေ၊ ခုဆို သားမှာ သားထက်ငယ်တဲ့ အဒေါ်လေးတောင် ရှိသေးတယ်တဲ့၊ သူလည်း ဆေးကျောင်းသူတဲ့ မေမေရဲ့"





"အင်းလေ ... သားလည်း ဆွေမျိုးမင်ရှာပေမပေါ့။ ဒါပေမဲ့ မင်းအမေရဲ့အဘိုး၊ မင်းရဲ့အဘေး ဦးချမ်းသာဟာ အင်မတန် စိတ်မာတယ်။ အစ်ကိုရဲ့ညီမ မင်းအဒေါ်တွေက လက်ခံပေမယ့် မင်းအဘေး ဦးချမ်းသာ လက်ခံဖို့ မလွယ်ဘူးသား၊ သိပ်မမျှော်လင့်ထားနဲ့"

"သား မမျှော်လင့်ပါဘူး မေမေ။ ဘာဆွေမျိုးမှမရှိတဲ့ဘဝ ကနေ ခုဆို အဒေါ်တွေရှိလာပြီပဲ။ အဘိုးလက်ခံရင်အမြတ်၊ လက်မခံရင်လည်း ဒုံရင်းထက်တော့ သာပါတယ် မေမေ"

✧ ♥ ✧



www.burmeseclassic.com

www.burmeseclassic.com



မေပန်းချီနှင့် ကိုဖြိုးသူက ကောင်းချမ်းမြကိုခေါ်ကာ အဝတ်အစားမှအစ ဖိနပ်အဆုံး အသုံးအဆောင်တွေ ဆင်၏။ ကောင်းချမ်းမြက လက်မခံ။ မဂျမ်း ဆူမှာကြောက်သည်လေ။

"သား မယူပါရစေနဲ့ အန်တီကြီး။ မေမေက ကြိုက်လား မကြိုက်လား မသိလို့ပါ"

ဘယ်လိုမှ ပေးမရသဖြင့် မဂျမ်းဆီ လိုက်သွားကာ မဂျမ်းရှေ့မှာ ဆင်ရသည်။

"မေပန်းချီ အစ်မတို့သားအမိက နေတတ်ပါတယ်၊ အစ်ကို့ ညီမဆိုပေမယ့် မေပန်းချီတို့ဘက်က အစ်ကို့ကို အမွေဖြတ်ထားကြတာလေ၊ ခုဆို အစ်ကိုတောင် မရှိတော့ဘူး၊ ဒီတော့ မေပန်းချီတို့ဘက်က ဘာမှမလိုချင်ဘူး"



"ဒီလိုဘယ်ဟုတ်ပါ့မလဲ အစ်မရယ်။ အစ်မတို့ကိစ္စတွေဖြစ်ခဲ့တုန်း ပန်းချီတို့က ငယ်သေးတာကိုး။ မိဘတွေနဲ့ အစ်ကို တစ်ယောက် ဆုံးပါးသွားခဲ့တာကို ရှစ်နှစ်သမီး ပန်းချီက တစ်လ နှစ်လလောက် ငိုရုံကလွဲပြီး ဘာမှမသိဘူးလေ။ ဒါပေမဲ့ ဘိုးကတော့ ခံစားရမှာပေါ့။ ခုချိန်မှာ အစ်မဘက်ကို စာနာမိသလို သမီးရော သမက်ရော မြေးပါ ဆုံးသွားရတဲ့ ဘိုးရဲ့ခံစားချက်ကိုလည်း ပန်းချီ နားလည်တယ်"

"ဟုတ်ပါတယ်၊ အားကိုးရာ တွယ်ရာမဲ့တဲ့ အစ်မအတွက် အစ်ကိုဆိုတဲ့အရိပ် ပြိုလဲသွားတာဟာလည်း ဘဝတစ်ခုလုံး ကျွမ်းထိုးမှောက်ခုံ ဖြစ်ရတာပဲ။ အစ်မကော့ ဘဝပျက်ရတာ။ မေပန်းချီတို့ကတော့ နှလုံးသား ဆုံးရှုံးရတာပေါ့၊ အခြေအနေ မတူပေမယ့် ရင်နှီးရတဲ့ အဆုံးခြင်းကတော့ အတူတူပဲ မေပန်းချီ"

"ဟုတ်ပါတယ် အစ်မရယ်။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ခုချိန်မှာ ကောင်းချမ်းမြကို ပန်းချီတို့ ပစ်မထားနိုင်ဘူး။ ပန်းချီတို့သွေးသားကို သူများထောက်ပံ့တာထက်စာရင် ပန်းချီတို့ပဲ ထောက်ပံ့ပါရစေ၊ အဲဒါမှလည်း ပန်းချီတို့ မိဘတွေနဲ့ အစ်ကိုကြီး စိတ်ချမ်းသာမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



“အစ်မကတော့ လက်မခံချင်ဘူး။ သားတောင် ဒီအရွယ် ရောက်ခဲ့ပြီကွယ်၊ မလိုတော့ပါဘူး”

“အစ်မရယ်၊ ကျွန်မတို့ ထောက်ပံ့တာဟာ ငွေကြေးမဟုတ်ပါဘူး”

“အေါ် တစ်ယောက်က တူကိုထောက်ပံ့တာကို အစ်မ မတားတော့ပါဘူး။ ဒါပေမဲ့ အစ်မတို့ဘက်ကတော့ ဘာမှ မျှော်လင့်မထားဘူးဆိုတာယုံ”

“ဟုတ်ကဲ့ပါ အစ်မရဲ့၊ ကဲ ... သား၊ ရော့ ... ဒီပစ္စည်းတွေ ယူလို့ရပြီ”

ကောင်းချမ်းမြက ပစ္စည်းတွေ တစ်ထွေ့တစ်ပိုက်ကို ပိုက်ပြီး ...

“ကျေးဇူးတင်ပါတယ် အန်တီကြီး”

ကိုဖြိုးသူက သူ့ပိုက်ဆံအိတ်ထဲက ဘူးတစ်ဘူးကို ယူပြီး ...

“ကဲ ... မဂျမ်း လက်ခံပြီဆိုမှတော့ ဦးလေးဖြစ်တဲ့ ကိုယ် ကလည်း ငါ့တူအတွက် ဝယ်လာတဲ့ နာရီလေး ပေးရမှာပေါ့”



နာရီတစ်လုံး။ ကြိုးက ပလက်တီနံနှင့် တဖျပ်ဖျပ် လက်နေသည်။

ကောင်းချမ်းမြ လက်ကောက်ဝတ် ဖြူဖြူလေးမှာ နာရီလေးက လက်လက်စင်နေသည်။

မဂျမ်း မျက်နှာကတော့ အပူအအေး မလွန်ကဲပေ။ ကောင်းချမ်းမြကတော့ ဝတ်ချင်စားချင်သည့် အရွယ်ပေကိုး။ မျက်နှာလေးက ပြုံးမြနေသည်။

ပထမတော့ မယူရဲပေ။ မေမေ ခွင့်ပြုမှ လွတ်လွတ် ကျွတ်ကျွတ် ယူရဲသည်။

မေမေ လှမ်းကြည့်နေမှ ကျေးဇူးစကားပြောဖို့ သတိရသည်။

“အန်ကယ်ရော အန်တီရော ကျေးဇူးပါပဲခင်ဗျာ”

“ရပါတယ်ကွာ၊ nevermind”

“ကဲပါ ... အစ်မချမ်းမြရော တူလေးရော ကျွန်မက ယောက်မလို သဘောမထားဘူးနော်၊ ကိုယ့်အစ်မသားအမိကို ပြန်တွေ့ရသလိုပဲ သဘောထားတယ်”

မဂျမ်း မျက်ဝန်းမှာ ညှိုးရိပ်ဆင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုရေ ... အစ်ကို့လိုပဲ အစ်ကို့ညီမတွေလည်း သဘောထား ပြည့်ကြတယ်"

ငိုသည်။ ပန်းချီကလည်း ငိုရှာသည်။ ဖြိုးသူက ပန်းချီကို နှစ်သိမ့်သည်။ ကောင်းချမ်းမြက မဂျမ်းကို ဖေးမသည်။ သို့ပေမယ့် အငိုတွေ ပြီးဆုံးသွားရင်တော့ ...။

✧ ♥ ✧





ဒီနေ့ ဆီဆေး ရင်တွေခုန်သည်။ မကြီးပန်းချီ လာတော့မည်။ မကြီးနှင့် သူမ ဒီနေ့ ဘိုးကို မဂျမ်းတို့သားအမိ အကြောင်း ပြောမည်။ ပြီးရင် ဘိုးလက်ထဲကို ကောင်းချမ်းမြဆိုတဲ့ မြေးအနှစ်ကို ထည့်ပေးရမည်။

ပြီးရင်တော့ ...

သူမနဲ့ မိုးခါးကီစွလည်း အဆင်ပြေသွားမှာပါ။

ဘိုးကတော့ ဘာမှမသိရှာ။

"မြေးလတ်ရေ ... ဒီနေ့ အကြီးမ လာမတဲ့ဟော့"

"ဟုတ် ... ဘိုး"

"မစိန်ရေ ... အကြီးမကြိုက်တဲ့ ဝက်စာဥကြော်ဟော့။ ပြီးတော့ မောင်ဖြိုးသူ ကြိုက်တဲ့ ပုစွန်ဆီလေးလည်း ချက်ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ... ဘိုးတို့များနော်၊ မြေးတင်ဒကာဘူး၊ မြေးသမက်အတွက်ပါ သိတတ်နေလိုက်တာ"

"သိတတ်ရမှာပေါ့ မြေးရဲ့။ ကိုယ် လိုလားကြည်ဖြူလို့ ပေးစားထားတာပဲ"

ဆီဆေး ပါးစပ်ပိတ်သွားသည်။ ကိုယ့်မှာက ဘိုးသဘောမတူသည့်သူနှင့်မှ ချစ်မိနေသူလေ။

/ခုလောလောဆယ်တော့ ပါးစပ်ပိတ်ထားလိုက်တာပဲကောင်းသည်။

"ဟော ... အကြီးမတို့ လာပြီဟေ့"

"ဘိုး နေကောင်းလား"

"ကောင်းပါ့ မောင်ဖြိုးသူရေ။ မင်းတို့မွေးမယ့်သားယောက်ျားလေးကို ချီဖို့ နေကောင်းရဦးမှာကွ"

"ဘိုးက အကြားအမြင် ရနေပြီထင်တယ်၊ ဘိုး ... အခုပန်းချီ့မှာ ကိုယ်ဝန်ရှိနေပြီ၊ နှစ်လတဲ့ဗျ"

"ဟော ... မင်္ဂလာရှိလိုက်တဲ့သတင်း။ ဒီလောက်မင်္ဂလာရှိတဲ့သတင်းကို ဘာလို့ ခုမှပြောတုံး၊ ဟေး ... ဟေး ... ကောင်းလိုက်တဲ့သတင်း"





"ဟုတ်တယ် ဘိုးရေ၊ သတင်းကောင်းကို မျက်နှာချင်းဆိုင် ပြောချင်လို့ကို လာခဲ့တာ"

ထို့နောက် မကြီးပန်းချီက ဘိုးကြိုက်သော ဝက်လက်ဆေါင်းကို ကိုယ်တိုင်လုပ်လာသည်။ ပန်းချီနှင့် ဆီဆေးစားဖို့ထမင်းပွဲ ပြင်နေတုန်း ကိုဖြိုးသူနှင့် ဘိုးက ချက်စ်ထိုးနေကြသည်။

"ချက်စ်"

"ဟာ ... ကျွန်တော် ရှုံးပြီ"

"ငါ့ကို အဘိုးကြီးဆိုပြီး အထင်မသေးနဲ့ကွ"

ကိုဖြိုးသူနှင့် ဘိုး ချက်စ်ထိုးတာက သူများတွေလို ဆိတ်ဆိတ်ငြိမ် မဟုတ်။ ဆူညံနေသည်။ ဘိုးက ကိုဖြိုးသူ အာရုံနှောက်အောင် စကားတွေလျှောက်ပြော။

ဟိုမေး ဒီမေးနှင့် အာရုံတွေ ထွေပြားအောင်လုပ်ပြီးအနိုင်ယူနေသည်။

ကိုဖြိုးသူမှာ တစ်ပွဲပြီး တစ်ပွဲရှုံးသည်။

"ဘိုးရေ ... ထပါတော့၊ ထမင်းပွဲ ပြင်ပြီးပြီ ကိုသူ"

"ဘိုး ... ထပါတော့၊ ပန်းချီဗိုက်ဆာနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော ... ငါ့မြေး ဆာပြီတဲ့။ ထ ... ထ မောင်ဖြိုးသူ၊ ငါ့မြေးက ကိုယ်ဝန်နဲ့ အဆာခံလို့ မကောင်းဘူး"

ကိုဖြိုးသူ နိုင်ကာနီးကျမှ ပွဲကို တစ်ဝက်တစ်ပျက်နှင့် ရပ်ပစ်သည်။ အာဂဘိုး။

ထမင်းစားတော့လည်း ဘိုး လိုက်ပွဲတောင်ထည့်ရသည်။

"စားကောင်းတယ်ဟေ့၊ အကြီးမအိမ်ထောင်ကျတည်းက ဘိုးနဲ့မြေးလတ် နှစ်ယောက်တည်း စားရတာ"

ထမင်းစားပြီး ညေ့ခန်းမှာ သစ်သီးစုံပွဲနှင့် အချိုတည်းကြသည်။

"ဘိုးကို ပြောစရာရှိတယ် ဘိုး"

ပန်းချီက စကားစသည်။

"ဟော ... ပြောလေ မြေးကြီးရဲ့"

"ပန်းချီလေ ... မချမ်းမြတို့ သားအမိကို ပြန်တွေ့တယ် ဘိုး"

"ဘာ"





"မချမ်းမြလေ ဘိုး၊ ကိုကြီးရဲ့ဇနီးနဲ့သားလေ"

"သား"

"ဟုတ်တယ် ဘိုး။ ဘိုးက ကိုကြီးမှာ သားလေးကျန်နေခဲ့မှန်း မသိဘူးမို့လား။ အခု ကိုကြီးသားလေးက ချစ်စရာလေး ဘိုးရယ်၊ ကိုကြီးနဲ့ ချွတ်စွတ်ပဲ၊ စာကလည်းတော်လိုက်တာ ဘိုးရယ်၊ ဆေးကျောင်းမှာ တတိယနှစ်တောင်ရောက်နေပြီ ဘိုးရဲ့"

"သင်းကလေးက မြေးကြီးနဲ့ တူသတဲ့လား"

"တူတာမှ ချွတ်စွတ်ပဲ ဘိုးရေ"

ဆီဆေးက ဝင့်ဖြေသည်။

"အော် ... မြေးတို့ နှစ်ယောက်လုံးက သွားတွေ့ပြီးပြီပေါ့"

"ဟုတ်ကဲ့ ... ပန်းချီတို့မှာက ယောကျ်ားလေးမျိုးဆက်မှ မရှိသေးတာ ဘိုးရယ်။ ကိုယ့်တူမှန်းသိတော့ မချစ်ဘဲ မနေနိုင်ဘူး။ ဘိုးတွေ့ရင်လည်း ချစ်မှာဘိုးရဲ့။ ကိုကြီးကိုယ်ပွားလေးလေ"



www.burmeseclassic.com

www.burmeseclassic.com



"မချစ်ဘူး။ ဘိုးကတော့ လက်လည်းမခံနိုင်ဘူး။ ဒီကလေးကြောင့် ဘိုးသမီးရော သမက်ရော မြေးကြီး ဩရသကိုရော ဆုံးရှုံးရတာ။ သားလား သမီးလား မသိပေမယ့် ကလေးကျန်ခဲ့မှန်း ဘိုး သိတယ်။ ဒါပေမဲ့ ဘိုးအတွက် ဒီကလေးက ဂြိုဟ်ပဲ။ လာခြင်းကောင်းတဲ့ ကလေးမဟုတ်ဘူး"

"အို့း"

"ယောက်ျားလေးပဲဖြစ်ဖြစ်၊ မိန်းကလေးပဲဖြစ်ဖြစ် ဘိုးလက်မခံဘူး"

"ဘိုးရယ် ... ပန်းချီတို့က တူလေးကို မခေါ်ရဘူးလား၊ မချမ်းမြက ကလေးကို ဆယ်တန်းအောင်ရုံတောင် မနည်းရုန်းကန်ပြီး ထားခဲ့ရတာ ဘိုးရဲ့။ ခု တူလေးဆေးကျောင်းတက်နေတာက သူများတွေ ထောက်ပံ့မှုနဲ့ တက်နေရတာ။ ဘိုးရဲ့သွေးဟာ သူများနှာခေါင်းပေါက်နဲ့ အသက်ရှူနေရတာ ဘိုး ကြည့်ရက်သလား"

"ဘိုးသွေး မဟုတ်ဘူး"





"ကိုကြီးရဲ့သားဟာ ဘိုးရဲ့သွေးပဲပေါ့ ဘိုးရဲ့"

"ဘိုး လက်မခံဘူး။ ဘိုးကို စိတ်ချမ်းသာစေချင်ရင် ဒီအကြောင်းတွေ ဘယ်တော့မှ လာမပြောကြနဲ့။ မြေးတို့ကြိုက်သလိုလုပ်ကြ"

✧ ♥ ✧



www.burmeseclassic.com

www.burmeseclassic.com



"မကြီး ဘယ်လိုလုပ်ကြမလဲ"

"ဘာပဲဖြစ်ဖြစ် ဘိုး တစ်နေ့တော့ လက်ခံလာမှာပါဟာ။ လောလောဆယ်တော့ ငါတို့ တူလေးကို ထောက်ပံ့ရမှာပေါ့။ ထွင့်မြနဲ့ မိုးခါးကို မေတ္တာရပ်ခံရမှာပဲ။ ငါတို့ပဲဆက်ပြီး ထောက်ပံ့ပါရစေလို့"

"အဲဒါ ဆီဆေး ကိုမိုးခါးကို ပြောလိုက်ပါ့မယ်"

"အေးဟာ … ငါ နှင်းနဲ့ မိုးခါးကို သဘောတူသွားပါပြီ။ တကယ်တော့ မိုးခါးက စိတ်ဓာတ်ဖြူပါတယ်၊ နှင့်ကိုလည်း တကယ်ချစ်ရှာတယ်၊ တူလေးကိစ္စ ရှင်းပြီးတာနဲ့ နှင့်အတွက် ဘိုးကို ကူပြောပေးမယ် အလတ်မ"

"ကျေးဇူးပါပဲ မကြီးရယ်"

"တကယ်တော့ ငါတို့က သိပ်ကံကောင်းတာဟ။ ဘိုး သဘောတူတဲ့ ကိုသူကို ငါကချစ်နိုင်သလို ကိုသူကလည်း



ငါ့ကိုချစ်တယ် ဒါဟာ ငါတို့ဘဝမှာ အရမ်းကံကောင်းတာ၊ တကယ်တော့ အချစ်ဆိုတာ အဲသလောက် မရိုးရှင်းပါလား ဆိုတာ မဂျမ်းကိုတွေ့မှ ငါ သဘောပေါက်လာတာ …

ကိုကြီး[illegible]မဂျမ်းရဲ့အချစ်ကိုလည်း ငါတကယ်လေးစားတယ်၊ ဘာမှမရှိတဲ့ ဘဝထဲကို ဆင်းသွားရဲတဲ့ ကိုကြီး၊ ကိုကြီး သေတာတောင် ငါတို့ အသိုင်းအဝိုင်းဆီ လာမပတ်သက်တဲ့ မဂျမ်း၊ တူလေးကို ဒီဘဝရောက်အောင် ဘယ်လောက်ရုန်းကန်ခဲ့ရမလဲဆိုတာ တွေးကြည့်လို့တောင် မရဘူး …

ကိုကြီးနဲ့ မဂျမ်း အချစ်ကိုသိပြီး နှင်နဲ့ မိုးခါးကို ငါ စာနာသွားနိုင်တယ်။ ပြီးတော့ ကိုကြီးလို့ စွန့်စားပြီး နှင် လုပ်မိလုပ်ရာ လုပ်လိုက်မှာလည်း စိုးရိမ်တယ်"

"ဘိုးကိုငဲ့ပြီး ဆီဆေး ခုချိန်ထိ ဘာမှမလှုပ်ရှားတာပေါ့ မကြီးရယ်။ ကိုးမိုးခါးကလည်း သိတယ်။ သူ့ခမျာလည်း ဘိုး သဘောတူအောင် စောင့်နေရှာတာ"

"အေးပါ၊ ငါ ကူညီမှာပါ၊ တူလေးကိစ္စကိုလည်း လက်မလျှော့သေးဘူး။ ဘိုး လက်ခံလာအောင် ကြိုးစားမှာပဲ"

www.burmeseclassic.com



"ဟုတ်တယ်၊ မဂျမ်းအတွက်လည်း တစ်ခုခု လုပ်ပေးချင်တယ်၊ ဒါပေမဲ့ မဂျမ်းက လက်ခံမှာ မဟုတ်ဘူး"

"ဟုတ်တယ်၊ လက်ခံမှာ မဟုတ်ဘူး"

"ကဲပါ ... မကြီး ကိုယ့်ကျန်းမာရေးကိုလည်း ဂရုစိုက်ဦး အယ်လ်ထရာဆောင်းက ဘယ်တော့မှ ရိုက်လို့ရမှာလဲ"

"ငါးလကျော် ခြောက်လလောက်မှ ရိုက်လို့ရမှာတဲ့"

"ယောက်ျားလေး မွေးပါစေ"

"ကိုသူတို့ မျိုးရိုးကတော့ ယောက်ျားလေးများတယ်တဲ့"

"အင်း"

"ကဲ ... ကဲ ... ငါပြန်မယ်၊ ကိုသူက ညနေပွဲတစ်ပွဲတက်စရာရှိသေးတယ်"

"ဟုတ် ... ဘိုးကိုတော့ ဝင်နှုတ်ဆက်လိုက်ဦး၊ ရှေ့စီးထဲတော် ညိုနေတယ်"

"အေးပါ"

ပန်းချီ အပေါ်ထပ်က ဆင်းလာတော့ ကိုသူက ဧည့်ခန်းမှာ သီပွဲသရဲကားတစ်ကားကို စိတ်ဝင်တစား ကြည့်နေသည်။



"ကိုသူ သွားတော့မလား"

"ခဏလေး ပန်းချီလေး။ ဒီကားလေး ပြီးကာနီးပါပြီ"

"ဟုတ်ကဲ့"

ပန်းချီ ဘိုး အခန်းဘက် ဝင်လာလိုက်သည်။ ဘိုးက ပုတီးစိပ်နေသည်။

"ဘိုး ခဏနေရင် ပန်းချီတို့ ပြန်တော့မယ်၊ ဘိုးမြေးက ညနေပွဲတက်စရာရှိလို့"

"အေး ... အေး၊ ကျန်းမာရေးကို ဂရုစိုက်နော်။ အလေးအပင်ဆို ပန်းသီးတစ်လုံးတောင် မ,မနဲ့ကြားလား"

"ဟုတ်ကဲ့ပါ ဘိုး"

ဘိုးခေါင်းအုံးအောက်မှာ၊ တစွန်းတစ ထွက်နေတဲ့ ဓာတ်ပုံလေးကို မြင်အောင် မြင်လိုက်သည်။

အဲဒါ ကိုကြီး ငယ်ငယ်က ဓာတ်ပုံလေး။ ဘိုးက ကိုကြီးကို အားပါးတရ နမ်းနေပုံလေးပေါ့။ ဘိုးလည်း ခံစားနေရပုံပဲ။

ကိုသူ့ဘေး ဝင်ထိုင်ပြီး ပြီးကာနီးဓာတ်လမ်းကို ဝင်ခံစားနေလိုက်သည်။ ကိုသူ့ပခုံးကို မှီမိသည့်ခဏ အလင်းကို သတိရလိုက်သည်။





www.burmeseclassic.com

www.burmeseclassic.com



အလတ်မသည်လည်း မိုးခါး ပန်းထက် ခုလိုပဲမှီချင်ရှာမပေါ့။

ဘိုးရယ် ... ဘိုးရဲ့အတိတ်ဆိုးကို တစ်ပတ်လျှော့လိုက်ပါတော့။

✧♥✧





လေးလခန့်ကြာတော့ ပန်းချီ့ကိုယ်ဝန်ဟာ သမီးကလေးဟု အဖြေထွက်လာခဲ့သည်။

ပန်းချီကတော့ မျက်နှာကြီး တော်တော်အိုနေသည်။ သူမက သားလေး လိုချင်တာကိုး။

ဖြိုးသူတို့ဘက်ကတော့ ပျော်ကြသည်။ သူတို့ဘက်မှာက သားယောက်ျားလေးတွေချည်း မွေးထားတာမို့ မြေးမလေးကို သည်းသည်းလှုပ်ကြသည်။

"ပန်းချီရယ် ဘာမှစိတ်မကောင်း မဖြစ်နဲ့။ ကိုယ်နဲ့ကံစပ်လို့ရတာပဲ။ သားဖြစ်ဖြစ် သမီးဖြစ်ဖြစ် ကိုယ့်ကံနဲ့ရတာပဲကွယ်"

ဖြိုးသူကတော့ ဇနီးသည် စိတ်မကောင်းမှန်းသိ၍ ဖြေသိမ့်ရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘိုးက ဖုန်းဆက်သည်။

"အဖြေသိရပြီလား မြေးကြီး"

"မိန်းကလေးတဲ့ ဘိုး"

"သြော်"

ဘိုးအသံက ဆိတ်သွားသည်။ သို့သော် ...

"ဘာပဲဖြစ်ဖြစ်ပေါ့ မြေးရယ်။ အမိက ကျန်းကျန်းမာမာနဲ့ ရှောရှောရှုရှု မွေးဖို့ပဲလေ"

ဘိုး ဖုန်းချလိုက်ပြီး အိပ်ခန်းထဲ တန်းဝင်သည်။

"ဘိုးရေ ... ဘာလေးတဲ့လဲ"

ဆီဆေးက လှမ်းရှည်လိုက်သေးသည်။

"မိန်းကလေးတဲ့"

အခန်းထဲရောက်တော့ မြေးကြီး ကောင်းလက်ရာရဲ့ ဓာတ်ပုံလေးကို ထုတ်ကြည့်မိပြန်သည်။

မြေးကြီး။ သားယောက်ျားလေးကို မျိုးဆက်အဖြစ် ထားခဲ့သော မြေးကြီး။ ကောင်းချမ်းမြတဲ့။ မြစ်သားလေး နာမည်က တစ်ဦးတည်းသော ယောက်ျားလေးမျိုးဆက်ကလေး။ တွေ့ချင်လှပါပြီ။ သို့သော် သွားလေသူသုံးဦးရဲ့ မျက်နှာလေးတွေပေါ်





လာတိုင်း ထိုကလေးကို နာကြည်းမိရင်မကောင်း။ မတွေ့မမြင်ရတာက လွမ်းတာတစ်ဖက်ပဲရှိမည်။ မဟုတ်ရင် အလွမ်းတစ်ဖက် အနာတစ်ခါ ဖြစ်ရမည်။

ဘာပဲဖြစ်ဖြစ် မြေးကြီးနဲ့ မြေးလတ်ဟာ ထိုကလေးကို ရှာတွေ့သွားပြီ။ ပစ်ထားမှာ မဟုတ်တာ သေချာသည်။

ဆေးကျောင်းတက်သည်တဲ့။ ဆရာဝန်လောင်းလေးပေါ့။ ဖအေခြေရာနင်းသည့်ကလေး။ ကောင်းလက်ရာတုန်းကလည်း ဆေးကျောင်းပထမနှစ်နှင့် ကျောင်းကန်တင်းနံမှာ အလုပ်လုပ်သည့် မချမ်းမြဆိုသည့် ကလေးမကို နိုးပြေးတာ။

ရင်နာလိုက်ပါဘိ။ အချိန်တန်ရင် ရွှေပေါ်မြတင် မြေးကြီး သူ့ဆီပြန်လာမှာပဲလို့ ယုံကြည်ခဲ့တာ။ မြေးကြီးက လောကခံကို ခံနိုင်ရည်မရှိစွာနှင့် လောကကြီးထဲက စောစီးစွာ ထွက်ခွာသွားခဲ့သည်။

အဆစ်အဖြစ် မိဘနှစ်ပါးကိုပါ ခေါ်သွားခဲ့သည်။ သူ ဘယ်လောက် ရင်နာခဲ့ရသလဲ။ ကလေးတစ်ယောက်ကျန်ခဲ့မှန်း သိသိနှင့် ထိုကလေးကို မတွေ့လို မမြင်လိုခဲ့။ ဂြိုဟ်ဆိုးကွေ့ သယ်ဆောင်လာသည့် ကလေးလို့ပဲ စွပ်စွဲခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မြေးကြီးအတွက် လုပ်စရာရှိတာ လုပ်ပေးထားခဲ့ပြီး ထိုကလေးကို သေသည်ထိ မမြင်ချင်ခဲ့ပေ။

ခုတော့ မြေးမတွေက သူ့ရဲ့သံမဏိစိတ်ဓာတ်ကို စတင်ထိုးနှက်သည့်သတင်းကို သယ်ဆောင်လာကြသည်။

မြေးမတွေကတော့ ကလေးကို ပစ်ထားကြမှာ မဟုတ်။ ဒီတော့ မတွေ့လက်စနှင့် မတွေ့ချင်တော့ပေ။

လက်က ပုတီးဆီရောက်သည်။

သံယောဇဉ်ဆိုတဲ့ ပူလောင်မှုကို တရားနဲ့ပယ်နိုင်အောင် ကြိုးစားရမည်။

ပုတီးလုံးတွေကျော်ပြီး မြေးကြီးဓာတ်ပုံဆီ လက်က ရောက်သည်။

ဘုရား ... ဘုရား ...

တရားနှလုံးသွင်းလို့ မရပါလား။ မြစ်သားလေးဆိုသည့် စေတသိက်က နှိပ်စက်ကလူ ပြုနေပါလား။

ဓာတ်ပုံကို ခေါင်းအုံးအောက်သွင်းသည်။

"ဂျောက် ဂျောက် ... ဂျောက်"

ပုတီးစိပ်သံက ပုံမှန်ထက် ပိုမြန်နေသည်။





တစ်လုံးပြီးပြီ။ တစ်လုံးချ။

သံယောဇဉ်တစ်မျှင်ပြတ်ပြီးပြီ။ နောက်ထပ်တစ်မျှင်ကိုဖြတ် ... ဖြတ် ... ဖြတ်နိုင်အောင် ဖြတ်။

✧ ♥ ✧



www.burmeseclassic.com

www.burmeseclassic.com



မိုးခါးကလည်း တကျိကျိ ပူဆာလှပြီ။

ဆီဆေးလည်း စိတ်ညစ်ရပါသည်။

"ဆီဆေး ... ကိုယ့်မိဘတွေ ခေါ်လာတော့မယ်ကွာ"

"ခါးရယ် ... ဘိုးကို ကောင်းချမ်းမြကီစွ ပြောထားတာ တောင် အဆင်မပြေသေးဘူးလေ။ ခဏလောက် စောင့်ပါဦးကွာ ... နော်"

"ခဏ ခဏနဲ့ တော်တော်ကြာလာပြီ။ ဘာလဲ ... ဘိုးဘွား ရိပ်သာရောက်မှ ဆီဆေးကို လက်ထပ်ခွင့် ရမှာလား၊ ပြော"

ထိုသို့ မိုးခါးနှင့် အဆင်မပြေဖြစ်ရတဲ့ အတွက်လည်း စိတ်မကောင်းပါ။ ဆီဆေး မျက်နှာ ပျက်ယွင်းနေတာ ဘိုးရှေ့ တောင် ဟန်ဆောင်မရ။ မိုးခါး ဖုန်းမဆက်တော့။ မိုးခါးဆီဆက်





ရင်လည်း မကိုင်တော့။ လူလည်း မလာတော့။ ဆီဆေးက မိန်းကလေးတန်မဲ့ မသွားချင်တော့။ ဒီလိုနဲ့ မိုးခါးနဲ့ ဆီဆေး စဲခဲ့သည်။

ထိုသို့ မိုးခါးနဲ့ ပြဿနာဖြစ်ရတာကို မကြီးကိုလည်း မထိုင်ပင်ချင်တော့။ မကြီးမှာလည်း ကိုယ်ဝန်ကြီးနဲ့မို့ စိတ်မဆင်းရဲစေချင်။

အရာရာသည် ကိုယ့်ကံနဲ့ကိုယ်သာ ရှိပါစေတော့။

ဒီနေ့ဆို မိုးခါးနှင့် အဆက်သွယ်ပြတ်တာ တစ်ပတ်ပြည့်ပြီ။ ထိုတစ်ပတ်လုံး စိတ်ဆင်းရဲရသည်။ အစားကလည်း ကောင်းကောင်းမစားဖြစ်တော့ လူကန္တမ်းဖတ်ဖတ် ဖြစ်နေသည်။ နားရက်ကိုလည်း ဘယ်မှထွက်ချင်စိတ်မရှိ။ အခန်းအောင်းပြီး ခွေနေမိသည်။

ဘိုးကတော့ ဂေါ့ဖ်ရိုက်သွားပြီထင်သည်။

"ဒေါက် ... ဒေါက်"

"မြေးလတ်ရေ ... မထသေးဘူးလား"

ကိုးနာရီခွဲပဲ ရှိသေးသည်။ ဘိုး တံခါးလာခေါက်နေပြီဆိုတော့ ဒီနေ့ ဘိုး ဂေါ့ဖ်ကွင်းမသွားဘူးမေ့ါ။



www.burmeseclassic.com

www.burmeseclassic.com



မဂျာမားကို ပြုပြုပြင်ပြင်လုပ်ပြီး ဘိုးကို တံခါးထဲ ဖွင့်ပေးလိုက်သည်။

"မြေး ခုမှ နိုးတာလား"

"ဟုတ်"

ခုမှနိုးတဲ့ မျက်နှာလေး ပါးချောင်နားချောင်မျက်ကွင်းညို မျက်နှာကျနေရှာသည်။ ဘိုးက သူမခေါင်းကို ခပ်ဖွဖွဖိရင်း ...

"ကဲ ... နိုးရင်လည်း ရေချိုးလိုက်၊ ဘိုးတို့ အိမ်တော်ရာ ဘုရား သွားရအောင်"

"မလိုက်ချင်ဘူး ဘိုးရယ်၊ ဆီးဆေး ခေါင်းကိုက်နေလို့"

ဘိုးလက်က နဖူးပေါ် ရောက်လာသည်။

"မှန်းစမ်း ... နေမကောင်းဘူးလား၊ ကိုယ်တော့ မပူပါဘူး၊ အေးလေ ... မလိုက်ရင် ဘိုးဘာသာ သွားမယ်၊ မြေးခေါင်းကိုက်ရင် အပြင်မထွက်နဲ့။ မစိန်ကို နွားနို့ပူပူလေးနဲ့ နို့ပေါင်မုန့်လေး ပို့ခိုင်းလိုက်မယ်၊ ဆေးနဲ့နို့သောက်လိုက်ကြားလား"

"ဟုတ်"





"ဘိုး သွားမယ်နော်၊ ဆေးကို သောက်ဖြစ်အောင်သောက်နော်"

"ဟုတ်ကဲ့ ... ဘိုး"

ညစ်နေသောစိတ်ကို ခဏဘေးဖယ်ပြီး ရေချိုးခန်းထဲဝင်ပြီး ရေပန်းအောက်မှာ ဝင်ရပ်လိုက်သည်။ သူမဆံပင်ခွေတွေပေါ်မှာ ရေတွေသီးကုန်သည်။

ရေကိုစိမ်ပြီး ချိုးလိုက်သည်။ ရေချိုးခန်းထဲက ထွက်လာတော့ နွားနို့ဗန်းက ရောက်နေပြီ။

ဆံပင်ကို ဒရိုင်ယာနှင့် အခြောက်ခံရင်း မှန်ထဲမှာ မြင်ရသော ကိုယ့်အရိပ်ကို မယုံနိုင်အောင်ပင်။ မျက်နှာတော်တော် ကျသွားသည်။ ဘယ်တတ်နိုင်မလဲ။ စိတ်မထူမှတော့ လူက ကျပြီပေါ့။

ဆံပင်တွေခြောက်တော့ မျက်နှာကို day cream လေးလူးပြီး ချည်ဂါဝန်တစ်ထည် ဝတ်လိုက်သည်။

အောက်ထပ်ကိုခေါ်သော ဘဲလ်လေးနှိပ်လိုက်တော့ ဒေါ်စိန် တက်လာသည်။



www.burmeseclassic.com

"ဒေါ်စိန် ... ဆီဆေး အခန်းလိုက်ကာတွေကို အကုန်အဖြုန်ရောင် လဲတပ်လိုက်ပါ၊ အိပ်ရာခင်းတွေ ခေါင်းအုံးစွပ်တွေပါ အကုန် အဖြူလဲပေးနော်"

"ဟုတ်ကဲ့ မလတ်"

ဝရန်တာမှာ ထွက်ရပ်ရင်း နို့တစ်ခွက်ကို ဖျစ်ညှစ်သောက်ရသည်။

/မရေရာတဲ့ အနာဂတ်ကိုလည်း မမျှော်လင့်ချင်တော့။ ရေဆန်ရာအရပ်သို့ မသွားနိုင်မှတော့ ရေစုန်ချင်ရာသာ စုန်ပါတော့ ကိုယ်မှ ဆန်မတက်နိုင်တော့တာ။

✧ ♥ ✧



ဘိုးချမ်းသာ စိတ်မချမ်းသာဘူး။

စိတ်မချမ်းသာလို့ အိမ်တော်ရာဘုရားမှာ လာထိုင်နေမိသည်။

ကောင်းချမ်းသာ ဆိုတဲ့ အိပ်မက်ကို ခဏခဏမက်သည်။ သီးမီး၊ သမက်နဲ့ မြေးကြီးကောင်းလက်ရာတို့ကို ခဏခဏမြင်ယောင်သည်။

တရားထိုင်လို့လည်း မငြိမ်းချမ်းဘူး။

တရားခွေ နားထောင်လို့လည်း မနာယူနိုင်ဘူး။

ပုတီးလည်း စိပ်မရဘူး။

ကိုယ့်သောကနဲ့ကိုယ် မြေးလတ် မရိပ်မိအောင် မြေးလတ်ကို ရှောင်မိရင်းမှ ဒီမနက် သတိတရနဲ့ မြေးလတ်ကို ခေါ်သွားတော့ မြေးလတ်လည်း တစ်ခုခုကို စိတ်ဆင်းရဲနေပုံပဲ။

www.burmeseclassic.com



မျက်နှာတွေကျပြီး သိသိသာသာ ပိန်သွားသော မြေးလတ်။ အရင်က မြေးလတ်နဲ့ တခြားစီဖြစ်နေသော မြေးလတ်ကို တွေ့လိုက်ရသည်။

လှပသပ်ရပ်ကြော့မော့နေပြီး အမြဲတက်ကြွ ရွှင်လန်းနေတတ်တဲ့ မြေးလတ်ပုံစံက ညှိုးငိုင်ငိုင် ဖြစ်နေသည်။

ဘာတွေဖြစ်နေကြလဲ။

ရုတ်ခနဲ ထလိုက်မိတော့ ဇရာက အချက်ပြလိုက်သဖြင့် ဒူးမျက်ချင်ချင် ဖြစ်သွား၍ ခပ်ဖြည်းဖြည်း ကုန်းထရသည်။

ပြီးတော့ ဒရိုင်ဘာကို ပန်းချီဆီ မောင်းစေသည်။

ပရိဘောဂစက်ရုံရောက်တော့ ပန်းနုရောင်ဗိုက်ဖုံးအင်္ကျီဖားဖားလေးဖြင့် ပန်းချီ့မျက်နှာက ဝင်းစိုနေသည်။

ကိုယ်ပျိုးခဲ့တဲ့ ပန်းကလေးတွေကို လှပဖွားစွင့်နေတာပဲ မြင်ချင်ပါသည်။ မြေးကြီးကိုတွေ့ရတာ စိတ်ချမ်းသာရပေမယ့် မြေးလတ်ကလေးက ညှိုးနွမ်းနေရှာသည်။

"ဘိုး ဘယ်ကလှည့်လာတာလဲ၊ ဖုန်းလည်းမဆက်ဘူး"

ပန်းချီက လာတွဲသဖြင့် ...

"ညည်းဘာသာ လျှောက်စမ်းပါ မြေးကြီးရယ်"





ပရိဘောဂတိုက်မှ ဝန်ထမ်းတွေကလည်း ငယ်ဆရာဖြစ်သော ဘိုးကို လာနှုတ်ဆက်ကြသည်။ ဘိုးက လိုက်ကြည့်ပြီး ညွှန်ကြားနေသေးသည်။

ပြီးမှ ပန်းချီ့နားနေခန်းထဲ ဝင်လာကာ ...

"မြေးကြီး လာဦး၊ ပြောစရာရှိတယ်"

"ပြောလေ ဘိုး၊ ဒီမှာ ပန်းသီးဖျော်ရည်သောက်လိုက်ပါဦး၊ ဘိုး မောနေမှာစိုးလို့"

ဘိုးက ပန်းသီးဖျော်ရည် တစ်ငုံ မြို့လိုက်ပြီးမှ ...

"မြေးလတ် ကြည့်ရတာ ဘာစိတ်ဆင်းရဲနေလဲ မသိဘူး။ ပိန်လည်း ပိန်သွားတယ်။ ညှိုးငယ်နေတာပဲ။ ဘိုး အဲလိုပုံစံ မမြင်ချင်ဘူး။ ဘိုး မြေးတွေကို မညှိုးမငယ် တောက်တောက်ပပလေး ထားခဲ့တာ။ မြေးလတ် ဘာဖြစ်နေလဲ။ မြေးကြီး သိလား"

"ပန်းချီ့အထင်တော့ သူ့နှလုံးသားရေးရာကိစ္စပဲ နေမှာပေါ့ ဘိုး"

"မောင်မိုးခါးနဲ့လား"

"ဟုတ်တယ် ဘိုး။ မိုးခါးကို အလတ်မ တော်တော်ချစ်တယ် ဘိုး။ မိုးခါးကလည်း အလတ်မကို ချစ်ရှာတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင် လူလိမ်။ ငါ့မြေးကို တကယ်ချစ်တာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး"

"ဘိုး လေ့လာကြည့်ပါဦး ဘိုးရယ်"

"ဘာမှ လေ့လာစရာ မလိုဘူး၊ ဒီမောင် ငပွေး။ ဟိုမှဆိုးမနဲ့ကိစ္စကလည်း ရှိသေးတယ်"

"မုဆိုးမဆိုတာ စံပြဈေးမှာ မုန့်ဟင်းခါးရောင်းတယ်ဆိုတဲ့ မုဆိုးမလား ဘိုး"

"ဟုတ်တယ်လေ၊ ဒီကောင်ရော၊ ဟိုကောင် ပင်ရင်းရော၊ အဲဒီမုဆိုးမနဲ့ ပတ်သက်တာ၊ ဖွီ ... ရွံစရာကောင်းတဲ့ကောင်တွေ"

"အဲဒီမုန့်ဟင်းခါးသည်ဆိုတာ ကိုကြီးရဲ့ဇနီး မချမ်းမြပဲ ဘိုး"

"ဘာ"

"မိုးခါးရယ်၊ ပင်ရင်းရယ်၊ ထွန်းမြဆိုတဲ့ သူတို့သူငယ်ချင်း တစ်ယောက် ရှိသေးတယ် ဘိုး။ သူတို့သုံးယောက်က တူလေး ကောင်းချမ်းမြကိုပညာဒါန ထောက်ပံ့နေကြတာပါ။ မုဆိုးမနဲ့ ပတ်သက်ပေမယ့် မကောင်းတဲ့ ပတ်သက်ခြင်းနဲ့ ပတ်သက်တာမှ မဟုတ်ဘဲ ဘိုးရယ်"





"သူတို့က ထောက်ပံ့တာ"

"ဟုတ်တယ် ဘိုး။ အခုမှ သမီးနဲ့ အလတ်မက သူတို့ဆီက ထောက်ပံ့ခွင့်ကို လွှဲယူထားရတာ"

ဘိုးက ပန်းသီးခွက်ကို ကောက်ကိုင်ပြီး တစ်ရှိန်ထိုး မော့သောက်နေသည်။ ဘိုး စိတ်လှုပ်ရှားရင် အဲလို အရည်တစ်ခုခုကို တစ်ရှိန်ထိုး မော့သောက်တတ်သည်။

"ဘာပဲဖြစ်ဖြစ် ဘိုး သဘောမတူဘူး။ မြေးလတ်က ဒီကောင်လေးကို သိပ်ချစ်လွန်းတယ်၊ အချစ်လွန်နေတယ်၊ အချစ်လွန်နေလို့လည်း ခုလို အပူကဲနေရတာပဲ၊ ဒီတော့ ဘိုးသဘောမတူဘူး။ မြေးလတ်ကို မြေးကြီး ကောင်းလက်ရာလို အချစ်ကျွန် မဖြစ်စေချင်ဘူး"

"အဲဒါ ဘိုး တစ်ဖက်သတ်ဆန်တာပဲ"

"ဘာရယ် မြေးကြီး"

ပန်းချီလည်း ပြောလိုက်ပြီးမှ မျက်ရည်ကျသည်။ ဘိုးအကြီး။ ငယ်စဉ်ကတည်းက ရင်ခွင်ပိုက်ခဲ့သည့် ဘိုး။ ထမင်းကိုယ်တိုင် ခွံ့ခဲ့ဖူးသည့် ဘိုး။ ကိုယ်တိုင်ရေချိုးပေးခဲ့ဖူးသည့် ဘိုး။



www.burmeseclassic.com

www.burmeseclassic.com



"ဘိုးရယ် ... ဆီဆေးနဲ့ မိုးခါးက ဘိုးကိုညာလို့ ငဲ့လို့ သူတို့ဖြစ်ချင်တဲ့ ဆန္ဒနဲ့ သူတို့အချစ်ကို မျိုသိပ်ထားကြတာပါ၊ ခုဆို အလတ်မ စိတ်ဆင်းရဲနေပြီ၊ ခွင့်ပြုလိုက်ပါ ဘိုးရယ်။ ဘိုး ခွင့်ပြုလိုက်လို့ စိတ်မဆင်းရဲစေရပါဘူး။ ကြားထဲက ပန်းချီတောင် အာမခံရဲသေးတာပဲ ဘိုးရယ်"

"အေးလေ ... ဘိုးက တစ်ဖက်သတ် ဆန်နေပြီလို့ အပြောခံရမှတော့ ဘိုး သေချာပြန်စဉ်းစားရတော့မှာပေါ့"

"မဟုတ်ပါဘူး ဘိုးရယ်၊ ပန်းချီကလေ ..."

ဘိုးက လက်ကာပြသည်။

✧ ♥ ✧





ပန်းချီ ရောက်လာတဲ့အထိ အလတ်မ အခန်းထဲက မထွက်။ အခန်းထဲမှာ ခွေအိပ်နေသည်။

"အလတ်မ"

"သြော် ... မကြီး၊ လာလေ"

တစ်ခန်းလုံး ဖြူဆွတ်နေအောင် ပြင်ဆင်ထားပြီဆိုရင် အလတ်မ စိတ်ညစ်နေတာ သေချာသည်။

နှင်းဆီပန်း အပွင့်နှစ်ဆယ်လောက်ကို ဖန်ပန်းအိုးလေးနဲ့ ထိုးထားသည်။ ထုံးစံမပျက် နှင်းဆီက အဖြူရောင်ပဲပေါ့။

"နှင်းနေ့လယ်က ထမင်းမစားဘူးဆို၊ ဒေါ်စိန် ပြောတယ်"

"ဟုတ်တယ် မကြီး၊ ဆီဆေး စိတ်ညစ်နေတယ်"

"နှင့်ပုံစံ ကြည့်တည်းက သိတယ်။ ကဲ ... ဘာဖြစ်နေလဲ၊ ပြော"



www.burmeseclassic.com

www.burmeseclassic.com



"ပြောချင်စိတ်တောင် မရှိဘူး မကြီးရယ်။ အခု ဆီဆေးနဲ့ ကိုမိုးခါး အဆက်အသွယ် ပြတ်သွားပြီ။ ဆီဆေး ဖုန်းဆက်တာတောင် သူ မကိုင်တော့ဘူး မကြီး။ လူကိုယ်တိုင်တော့ မလိုက်သွားချင်တော့ဘူးလေ"

"ဘယ်ကစပြီး ပြဿနာဖြစ်တာလဲ"

"ထုံးစံအတိုင်းပေါ့၊ သူက သူ့မိဘတွေ ခေါ်လာတော့မယ်၊ လာတောင်းတော့မယ်ပေါ့။ ဆီဆေးဘက်မှာကလည်း အဆင်မှ မပြေသေးတာ။ ကောင်းချမ်းမြ ကိစ္စတောင် ဘိုးကလက်မခံသေးဘူး။ ကိုမိုးခါးကို လာတောင်းခိုင်းလို့ ဘယ်ဖြစ်မှာလဲ"

"အေးဟာ ... ငါ ဒီကိစ္စနဲ့ ဘိုးကိုတောင် ပြန်ပြောမိတယ်၊ ငါလည်း ကြားထဲက ဘာလုပ်ပေးရမှန်းကို မသိတော့ဘူး၊ ဒါပေမဲ့ အလတ်မ ... နင် စိတ်ဓာတ်ကျစရာ မလိုဘူး။ နင့်ကို မိုးခါး ဘယ်လောက်ချစ်တယ်ဆိုတာ နင် ပိုသိမှာပါ။ သူ စိတ်ဆိုးတုန်း ခဏပါဟာ၊ နောက်တော့ ပြေလည်သွားမှာပါ။ ဘိုးကို ငါပါဝိုင်းပြောပေးမှာပေါ့။ တစ်ခါတလေကျတော့လည်း အလတ်မရယ်၊ ငါ နင့်ကို မိုးခါးနောက် လိုက်သွားတော့ဟာလို့ ပြောပစ်လိုက်ချင်တယ်"





"မကြီးရယ် ... ဆီဆေးအတွက် သောကမရောက်ပါနဲ့။ ဆီဆေး နေတတ်ပါတယ်။ ဆီဆေး တူမလေးအတွက်ပဲ ဂရုစိုက်။ ဟုတ်ပြီလား"

"ခက်တယ် အလတ်မရယ်၊ ခက်တယ်"

ဒေါ်စိန်က စတော်ဘယ်ရီဖျော်ရည်လေး လာပို့သည်။ ဘိုး ပို့ခိုင်းလိုက်မှန်း သိသည်။

"မကြီးရေ ... မလတ်ရေ"

"အငယ်လေး"

"ငယ်လေး ပြန်လာတယ်တော့"

ညီအစ်မသုံးယောက် ဖက်ဖဲတကင်း ဖြစ်နေကြသည်။

"ဟာ ... မကြီးက ဗိုက်ပူကြီးနဲ့ပါလား၊ ဟား ဟား ... ကဲ ... အယ်လ်ထရာဆောင်း ရိုက်ပြီးပြီလား မကြီး"

"ဆရာဝန်လေသံနဲ့မေးပြီ။ ရိုက်ပြီးပြီနော်။ မိန်းကလေးတဲ့"

"ဘာပဲဖြစ်ဖြစ် ရေဆေးကတော့ ချစ်မှာပဲ၊ ဟိ ဟိ ... မလတ်ရော အိုခေတယ် မို့လား"

"ခေပါတယ် ... ခေပါတယ်။ အခေလွန်လို့ ခက်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"မကြီးတို့ကို ပခုက္ကူသနပ်ခါးတုံးတွေ ပါတယ် သိလား"

"အေးပါ"

"ခြော် ... ဒါနဲ့ ခုန ဘိုးကိုသွားနှုတ်ဆက်တော့ ဘိုးသိပ် မလန်းသလိုပဲ သိလား။ ဘိုး နေမကောင်းဘူးလား မသိဘူး"

"ကောင်းမှာပါ ငယ်လေးရယ်၊ ဘာမှမဖြစ်ပါဘူး။ ကဲ ... ကဲ ... ပင်ပန်းလာတယ်မို့လား၊ သွားနားလိုက်ဦး"

"မကြီးရော မလတ်ရော မုန့်ဖိုးပေးရမယ်နော်။ ရေဆေးသန့်ဘက်ခါ ပြန်မှာ"

"ပေးပါ့မယ်ဟယ်၊ တကတဲ အမြဲပေးနေကျကို"

ရေဆေး ထွက်သွားတော့မှ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ သက်ပြင်းချမိကြသည်။

"အငယ်မကို ကောင်းချမ်းမြကိစ္စ ပြောရဦးမယ်"

"မကြီးပဲ ပြောလိုက်တော့"

"အေးပါ၊ နင်လည်း သိပ်ပြီးစိတ်ဓာတ်မကျနဲ့။ လောကကြီးမှာ မဖြစ်နိုင်တာ မရှိဘူး။ မဖြစ်သေးတာတွေပဲ အဲလောက် စိတ်မညစ်နဲ့။ မိုးခါး နင့်ကို မပြတ်နိုင်ပါဘူး"





မဖြစ်သေးတာဟာ မဖြစ်နိုင်လို့ မဟုတ်ဘဲ မဖြစ်သင့်လို့ မဖြစ်သေးတာလေ။ မဖြစ်သင့်ဆိုရာမှာလည်း ဘိုးလက်မခံတာကို ဖွတ်မလုပ်သင့်လို့လေ။ အဲဒီတော့ ဘိုး လက်မခံသည်ကတော့ ...။

✧♥✧



www.burmeseclassic.com

www.burmeseclassic.com



ဘိုးနဲ့ ဆီဆေးတို့ ခုတလော ထမင်းလက်ဆုံစား ဖြစ်ရင်တောင် စကားက မေးတစ်ခွန်း ဖြေတစ်ခွန်း ဖြစ်နေသည်။

အရင်လို တီဗီအတူမကြည့်ဖြစ်တာတောင် ကြာပြီ။ ဘိုးကလည်း အားတာနဲ့ လမ်းထဲ တရားနာနေတာများသလို ဆီဆေးကိုယ်တိုင်လည်း အခန်းအောင်းနေဖြစ်သည်။

ဒီတော့ တစ်အိမ်ထဲနေပြီး ဝေးနေကြသည်။

"ဘိုး ... ဆီဆေး ရုံးသွားတော့မယ်"

"အေး ... ကားကို ဂရုစိုက်မောင်း မြေးလတ်"

"ဟုတ် ... ဘိုး"

"ဒေါ်စိန်ရေ ... မြေးလတ်ကြိုက်တဲ့ ကညွတ်သုတ် ထည့် ပေးလိုက်ရဲ့လား"

"ထည့်ပေးထားတယ် ဘိုး"





ဘိုးရဲ့ဂရုစိုက်မှုတွေက အသေးစိတ်ပါသည်။ ဘိုးရဲ့ မေတ္တာတွေကလည်း နွေးထွေးပါသည်။ ထို့ကြောင့်လည်း သူမ ဘိုးကို မဆန့်ကျင်ရက်တာပေါ့။

ကားမောင်းထွက်လာပြီးမှ အရေးကြီးအသုံးဆောင် တစ်ခု ကျန်နေခဲ့တာ သတိရပြီး နီးစပ်ရာစတိုးဆိုင်လေးရှေ့ ကားထိုးရပ်လိုက်စဉ် ဆိုင်ထဲမှထွက်လာသော မိုးခါးကိုတွေ့လိုက် ရသည်။

တစ်ယောက်တည်း ထွက်လာခြင်း မဟုတ်။

မိုးခါးလက်ကို ထုရိုက်ရင်း စိတ်ကောက်နေသော ကောင်မလေးတစ်ယောက်လည်းပါသည်။ ထိုကောင်မလေးဟာ သူမထက် ငါးနှစ်ကျော် ခြောက်နှစ်ခန့်တော့ ငယ်နိုင်သည်။

မိုးခါးမျက်နှာကြီးကလည်း ပြုံးစပ်နားရွက်ချိတ်နေ သည်။

ထို့နောက် ကောင်မလေးနဲ့ မိုးခါး ကားပေါ်အတူ တက်ပြီး မောင်းထွက်သွားသည်။ သူမကားကို သတိမထားမိနိုင် လောက်အောင် မိုးခါး အပျော်လွန်နေခဲ့သည်။

သူမကားကို သူတို့ကားနောက်သို့ အလိုလိုဦးတည် မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကားက မြို့ပြင်ကို ဦးတည်နေသလိုပဲ။ တဖြည်းဖြည်းနှင့် ကားက အဝေးပြေးကွင်းကို ဦးတည်နေမှန်းသိသည်။ အောင်မင်္ဂလာကားဝင်းထဲက မကွေးကားဂိတ်ရှေ့မှာ ရပ်သွားသည်။

ပြီးတော့ ကောင်မလေးရဲ့အိတ်တွေကို မိုးခါးက သယ်ပေးနေပုံရသည်။ ကောင်မလေးက အိတ်ကို အတင်းပြန်ဆွဲသည်။

တစ်ယောက်နဲ့တစ်ယောက် ညှာနေလိုက်ကြတာ။ ကောင်မလေးက မကွေးကို ထွက်ခွာမည့်ကားပေါ် ရောက်နေတာတောင် လက်တပြပြနှင့် နှုတ်ဆက်တုန်း။ အပြန်ပြန် အလှန်လှန် နှုတ်ဆက်နေလိုက်ကြတာ။

မကွေးကား ထွက်မှပဲ မိုးခါး ကားပေါ်တက်ကာ ထွက်လာလိုက်တော့သည်။ သူမ မိုးခါးဆီ ဖုန်းဆက်လိုက်သည်။ သူက မြည်လာသောဖုန်းကိုကြည့်ပြီး ပိတ်ပစ်လိုက်သည်။ ဆီဆေးရင်ထဲ နင့်ခနဲ ဖြစ်သွားသည်။

မိုးခါး ကားထွက်သွားပြီး သူမ ခုထိ ကားမောင်းနိုင်အားမရှိသေး၊ ကားကူရှင်ကိုမှီပြီး စိတ်အမောကို ဖြေလျှော့ရသည်။ ဝေးပြီဆိုသည့် အသိက ရင်ကို အရှိန်ပြင်းစွာ ရိုက်ခတ်သည်။



ထိုစဉ်မှာ ဖုန်းမြည်လာသည်။ ရေဆေးဆီက။

"ဟဲလို"

"မလတ် ... အိမ်မြန်မြန်ပြန်ခဲ့ပါ၊ ဘိုး လှေကားပေါ်က ချော်ကျလို့"

"ဟယ် ... အမယ်လေး၊ ငါ့ကိုမစောင့်နဲ့ ဆရာဝန်ခေါ်ထားနှင့်"

"မလတ် ... ဘိုးခေါင်းကွဲသွားတယ်၊ သွေးတွေနဲ့ ... အီးဟီး"

"ဟဲ့ ... အဲဒါဆို ဆေးရုံတင်လေ၊ ဒုက္ခပဲ၊ ငါ မြောက်ဥက္ကလာ ရောက်နေလို့၊ ဆေးရုံတင်ထားနှင့်"

"အင်း"

ကားကို အမြန်မောင်းထွက်လိုက်ရာ ...

"ဝုန်း"

"အား"

"ဟာ ... ကားတိုက်ပြီ"

"ဟိုကားက ရပ်ထားရာကနေ အရှိန်နဲ့ ထွက်လိုက်တာဗျ"

"ကောင်မလေး ငယ်ငယ်လေးကွာ၊ ကားမောင်းတာ ရမ်းလိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ဆေးရုံတင် ... ဆေးရုံတင်၊ မေ့နေတာ"

ဆီဆေးက ကိုယ့်ဖောနဲ့ကိုယ် မောင်းအထွက် တစ်ဖက်က ကွေ့ဝင်လာတဲ့ကားကို ဝင်တိုက်မိသည်။ သူ့မကားက Land Rover မို့ ဘန်ဘာတွေပဲထိကာ လူက ဘာမှမဖြစ်ပေမယ့် နဂိုအားနည်းနေသည့်အခံနှင့် မေ့သွားသည်။ တစ်ဖက်က Publica လေးလည်း နောက်ပိုင်းကိုထိ၍သာ တော်တော့သည်။ ကားနောက်ပိုင်း ကျေသွားပေမယ့် နောက်ခန်းမှာ လူမပါ၍ တော်သေးသည်။

✧♥✧



ဘိုးကို နီးစပ်ရာ အာရှတော်ဝင်မှာ တင်ထားလိုက်ရသည်။

ဘိုးအတွက် အရေးကြီး သွေးလိုသဖြင့် သွေးဝယ်နိုင်းထားသည်။

"သွေးလှူဘဏ်မှာ AB သွေး သွားဝယ်ရမယ်နော်"

ပန်းချိုက ...

"ကျွန်မ AB ပါ၊ ကျွန်မဆီကယူ"

"ရှင်က ကိုယ်ဝန်ကြီးနဲ့ ယူလို့မရဘူး"

"ရေခဲးလည်း AB ပါ၊ ရေခဲးဆီကယူ"

"ဒါဆို ဒီဘက်လိုက်လာနော်၊ ယူလို့ ရ,မရစစ်ကြည့်မယ်"

ရေခဲးကိုစစ်တော့ မနေ့ကမှ မကျွေးက ရောဂါတာမို့ ခရီးပန်းလာသည့်အရှိန်နှင့် အားနည်းနည်းသည်မို့ ထုတ်လို့မရ။ ကျိုးနိုးသူကလည်း ဘီသွေးဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... သွေးလှူဘဏ်ကိုသာ မြန်မြန်သွားပါရှင်"

ထိုအချိန်မှာ ကောင်းချမ်းမြ ရောက်လာသည်။ ကောင်းချမ်းမြက ထိုဆေးရုံမှာ ဆရာကြီးကို လာတွေ့တာပါ။ ဆရာကြီးက ခွဲစိတ်အထူးကုဆရာကြီးပါ။ ဆရာကြီးရှာခိုင်းထားသည့် အချက်တချို့ကို တွေ့တာနှင့် ဆရာကြီးလာထိုင်သည့် ဒီဆေးရုံကို လိုက်လာပြီးပြောတာ။

မမျှော်လင့်ဘဲ ပန်းချီနှင့်တိုးပြီး ဘိုး ဆေးရုံတက်နေ တာကို သိလိုက်ရသည်။

"ကျွန်တော်လည်း AB ပါ၊ ကျွန်တော့်ဆီက ယူပါ"

ကောင်းချမ်းမြဆီကသွေးကို ထုတ်ယူလို့ ရလျှင် သည်။ ကောင်းချမ်းမြ မျက်နှာလေးက ပီတိတွေဖုံးပြီး ဝင်းလက် နေသည်။

ပန်းချီက ရေဆေးကို ကောင်းချမ်းမြ အကြောင်း ရှင်းပြနေသည်။

"ဟင် ... သူက ရေဆေးထက်ကြီးပြီး ဘာလို့ ရေဆေးထက် အတန်းငယ်နေတာလဲ"





"သူ ငါးနှစ်ပြည့်တော့ ကျောင်းမထားနိုင်လို့ နောက်ဆုတ် လိုက်ရတယ်တဲ့ ညီမလေးရဲ့၊ အဲတော့ သူက သက်လွန် ဖြစ်သွားတော့ ညီမလေးထက် တစ်တန်းငယ်သွားတာပေါ့"

"သြော် ... သနားပါတယ်နော် မကြီး"

"ဟုတ်တယ်၊ ဒါပေမဲ့ ဘိုးက ခုထိလက်မခံဘူး"

"ဒါဆို မလတ်လည်း ညစ်နေတာပေါ့၊ ကိုမိုးခါးနဲ့သဘော မတူလို့လေ"

"ဟုတ် ... ဟင် ... နေဦး၊ ဆီဆေး ခုထိရောက်မလာ သေးပါလား"

"ဟုတ်တယ် မကြီး၊ ရောက်သင့်ပြီ၊ ရေဆေး ဖုန်းဆက်တော့ မြောက်ဥက္ကလာမှာတဲ့၊ ရေဆေး ထပ်ဆက်ကြည့်လိုက်ဦး မယ်"

ရေဆေး ဆက်တော့ ဖုန်းကို ထခြားတစ်ယောက်က ကိုင်သည်။

"ဟဲလို ... မေဆီဆေးက ကားတိုက်မှုဖြစ်ပြီး အခု မြောက်ဥက္ကလာဆေးရုံကြီးမှာပါ။ ဘာမှတော့ မဖြစ်ဘူး။ ဒါပေမဲ့ သတိလစ်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘုရား … ဘုရား … မလတ်ရယ်"

"အဲဝယ်လေး … အလတ်မ ဘာဖြစ်တာလဲ"

"မကြီး … မလတ် ကားတိုက်လို့တဲ့"

"ဘာ"

"မကြီး … ဟီး ဟီး"

"ဘာဖြစ်ကြတာလဲ၊ မိန်းမ ဘာဖြစ်လဲ"

"မလတ်၊ ကားတိုက်လို့တဲ့၊ ကိုသူ့ အခု မြောက်ဥက္ကလာ ဆေးရုံမှာတဲ့ … အီး ဟီး"

"ငါ လိုက်သွားမယ်"

"ရေခဲဆေးလည်း လိုက်မယ်၊ မကြီးနဲ့ ကောင်းချမ်းမြကဘိုးကိုစောင့်"

အပူတွေကြား ဗျာများကြရပြီ။ ဘိုးကလည်း ခွဲစိတ်ခန်းထဲမှာ ပြန်မထွက်လာသေး။

"အလတ်မ မြောက်ဥက္ကလာ ဘာသွားလုပ်ပါလိမ့်"

သူမနဲ့ မြောက်ဥက္ကလာက အဆက်စပ်မရှိ။ ကောင်းချမ်းမြကို ကြက်ဥတွေ နို့တွေတိုက်ရသည်။

"အန်တီ စိတ်မပူပါနဲ့၊ မမ ဘာမှမဖြစ်နိုင်ပါဘူး"



ကောင်းချမ်းမြက ပန်းရိုကို အန်တီခေါ်ပေးမယ့် ဆီဆေးကိုတော့ မမဟုသာ နှုတ်ကျိုးသည်။ ခဏနေတော့ ကိုသူ တို့ဆီက ဖုန်းဝင်လာသည်။ ဆီဆေး အခြေအနေ အိုခေ။

ကိုသူက ကားကိစ္စသွားရှင်းပြီး ရေခဲဆေးက ဆီဆေးကို စောင့်နေသည်တဲ့။

ဆရာဝန်က ညနေမှ ဆေးရုံက ဆင်းခွင့်ပြုမည်တဲ့။

တစ်ပူအေးသွားပြီ။ ဘိုးက ခုထိ ခွဲခန်းထဲက ထွက်မလာသေး။

✦ ♥ ✦

www.burmeseclassic.com

www.burmeseclassic.com



"မလတ်"

"ငယ်လေး ... ငါ ဘယ်ရောက်နေတာလဲ"

"မြောက်ဥက္ကလာဆေးရုံကြီး"

"ငယ်လေး ငါဘာမှမဖြစ်ပါဘူး။ ပြန်ကြရအောင်"

"ဆရာဝန်က ညနေမှ ဆင်းရမယ်တဲ့"

"ဘိုး ... ဘိုး အခြေအနေရော"

"ဘိုးက ခွဲစိတ်ခန်းဝင်တုန်း ... အီး ဟီး"

"ခုဆေးရုံက ဆင်းမယ်၊ ဆရာဝန်ကို ငါသွားပြောမယ်။ ငါ ဘာမှမဖြစ်ဘူး။ အဘိုးဆီ ငါသွားမယ်"

ညီအစ်မနှစ်ယောက် ဆရာဝန်ကြီးဆီ ဝင်တွေ့ပြီး ခွင့်တောင်းကာ ဆေးရုံမှ ဆင်းလာကြသည်။

ကိုသူကို လှမ်းခေါ်မနေတော့ပဲ နှစ်ယောက်သား- တက္ကစီဖြင့် ပြန်လာလိုက်သည်။





"မလတ်က ဘယ်လိုလုပ်၊ အဝေးပြေးကို ရောက်သွားတာလဲ ဘယ်သူ့ကို လိုက်ပို့တာလဲ၊ ရေဆေးက မလတ် ရှုံးသွားတယ်ပဲ ထင်တာ"

"အသိတစ်ယောက်ကို ပို့တာပါဟာ"

"တော်သေးတာပေါ့၊ လူ ဘာမှမဖြစ်လို့"

"ဘိုးက ဘယ်လိုဖြစ်ပြီး ကျတာလဲ"

"မသိဘူး၊ ရေဆေး အပြင်သွားမလို့ အလှပြင်နေတုန်း အသံတွေကြားလို့ ထွက်ကြည့်တော့ ဘိုးက လိမ့်ကျနေတာ လှေကားတစ်ဝက် ရောက်နေပြီ၊ ဒေါ်စိန်ကလည်း အောက်မှာ၊ ဒေါ်စိန် မီးဖိုခန်းထဲက ပြေးထွက်လာတော့ ဘိုးက အောက်ကိုရောက်တော့မယ်၊ ဒေါ်စိန်လည်း လုပ်မိလုပ်ရာ ဆီးပွေ့လိုက်သေးတယ်၊ ဒါပေမဲ့ လှေကားတစ်ထစ်ချင်းက ဘိုးခေါင်းနဲ့ ရိုက်မိပြီး ခေါင်းကကွဲနေပြီ။ လှေကားမှာလည်း သွေးတွေ။ ဒေါ်စိန်ကို သန့်ခိုင်းခဲ့ရတယ်။ မလတ်ကို လှမ်းခေါ်တာ မရတော့ ဘိုးရဲ့ဒရိုင်ဘာဦးကြီးနဲ့ ရေဆေးပဲ အာရှတော်ဝင်ကို တင်လိုက်တယ်၊ မကြီးတို့လည်း အာရှတော်ဝင် လိုက်လာကြတာ ...

www.burmeseclassic.com

www.burmeseclassic.com



သြော် ... ပြီးတော့ ကောင်းချမ်းမြ အကြောင်းလည်း မကြီး ပြောလို့ သိပြီးပြီ။ ဘိုးကို ကောင်းချမ်းမြသွေး သွင်းလိုက်ရတယ်၊ သူကလည်း AB သွေးပဲ မလတ်ရဲ့"

"အင်း ... ဘိုးရဲ့စိတ်က ကောင်းချမ်းမြကို လက်မခံပေမယ့် ခန္ဓာကိုယ်ကတော့ ကောင်းချမ်းမြသွေး သွင်းလိုက်ရပြီပေါ့"

"ဟုတ်တယ်"

အာရှတော်ဝင်ရှေ့ကို ရောက်လာတော့ တက္ကစီခ ရှင်းလိုက်ပြီး ...

"မလတ် ... ဖြည်းဖြည်းသွား"

"အေးပါဟာ"

သူမတို့ ဆေးရုံရောက်ပြီး ခဏမှာပဲ ဘိုးကို ခွဲခန်းထဲက ထုတ်လာကြသည်။

"ဆရာ ... အခြေအနေ"

"Fifty-fifty ပဲဗျ။ ဦးခေါင်းခွဲ အက်သွားတယ်။ ကျွန်တော်တို့လည်း အတတ်နိုင်ဆုံးတော့ ကြိုးစားထားကြပါတယ်"

"ဘိုး"





သီးသန့်ခန်းထဲမှာ ဘိုးက သတိလစ်ဆဲပါပဲ။ ဘိုးနားမှာ ကိုသူကလွဲရင် မြေးမြစ်တွေ ဝိုင်းနေကြသည်။

ဘိုးရဲ့ခေါင်းတစ်ခုလုံး ပတ်တီးတွေ ဖုံးအုပ်ထားသည်။ မျက်နှာပဲပေါ်ကာ မေးရိုးနှင့် လည်ပင်းတစ်ဝိုက်မှာလည်း ပတ်တီးတွေနှင့် ...

ဘိုးရဲ့လက်နှစ်ဖက်မှာ သွေးပိုက်တွေ၊ ဆေးပိုက်တွေဖြင့် ရှုပ်ယှက်ခတ်နေပြီး၊ ပါးစပ်နှင့် နှာခေါင်းမှာက အောက်ဆီဂျင်ပိုက်တွေ။

"ဘိုးရယ်"

ကောင်းချမ်းမြက ဘိုးမျက်နှာကို မမိုတ်မသုန် စိုက်ကြည့်ရင်း သူ့ကို လက်မခံသော ဘိုးကို ဒီပုံစံနှင့် ဆုံရသည့်အတွက် ကြေကွဲမိသည်။

"အင်း ... ဟင်း ... ကျွတ် ... အီး"

ညည်းသံသဲ့သဲ့က မရပ်မနား ထွက်လာသည်။

"ဘိုး ... ဘိုး"

"ဘိုး"

"ဘိုးရေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘိုး သတိရပြီလား"

ဘိုးရဲ့မျက်ဝန်းတွေ လှုပ်ရှားနေသည်။ မျက်တောင်တွေက အလင်းကို အန်တုဖို့ ကြိုးစားနေသည်။ ခဏနေတော့ ဘိုး မျက်လုံးဖွင့်လာသည်။

"မြေးကြီး"

"မြေးလတ်"

"မြေးငယ်"

တစ်ခွန်းချင်းကို ပီပီသသ ရွတ်နိုင်သေးသည်။

"မြေးတို့ရှိတယ် ဘိုး"

တစ်ဖန် ဘိုးအကြည့်က တစ်ဖက်ကိုရွေ့သည်။ ကောင်းချမ်းမြကတော့ မျက်နှာငယ်လေးနှင့် ...

"မြေးကြီး ... မြေးကြီးလား၊ လူလေးကောင်းကောင်း ... ကောင်းကောင်းမို့လား၊ ကောင်းလက်ရာမို့လား"

"ဘိုး ... အဲဟင့် ... အဲဒါ ကောင်းချမ်းမြလေ"

မကြီးက ရှိုက်သံတစ်ဝက်နှင့်ဖြေသည်။ လှမ်းနေသော ဘိုးလက်တွေက လေထဲမှာတန့်သည်။





"ဘိုး ... ကောင်းချမ်းမြကလည်း အေဘီဓသွေး ဘိုးရဲ့၊ ဘိုးသွေးလိုလို သူ့သွေး သွင်းထားရတယ်"

ဘိုးက ကောင်းချမ်းမြကို မျက်နှာလွှဲသည်။

"မောင်သူရော"

"ကိုသူ ဒီနေ့ အလုပ်လေးတွေ လက်စသတ်နေလို့ ဘိုးခုနလေးမှ ပြန်သွားတာ။ ပြန်လာမှာ ဘိုး"

"မြေးကြီး ... အွတ် ... အဟွတ် ဟွတ် ... အား ... ကျွတ်ကျွတ်"

"ဘိုး စကားတွေ အများကြီး မပြောပါနဲ့ ဘိုးရယ်"

ဘိုးက အသက်ကို ပင်ပန်းတကြီး ရှူနေရသည်။ တစ်ချက် တစ်ချက် စကားပြောဖို့ အားယူရင်း ရှုံ့မဲ့သွားတတ်သေးသည်။

"မြေး ... မြေးကြီးနဲ့ မြေး ... မြေးလတ်"

"ဘိုး မောပါမယ် ဘိုးရယ်၊ နေကောင်းမှ ပြောပါတော့"

"သေချာနားထောင်၊ မြေးလေး ... မြေးလေးကို ဂရုစိုက် ... စိုက်ကြ ... ပစ်မထား ... ကြ ... နဲ့ ... ဟင်း ... ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ဘိုးရယ်၊ စိတ်ချပါ၊ သမီးတို့နှစ်ယောက် အငယ်မကို ဂရုစိုက်မှာပါ"

"မြေး ... မြေးလတ် ... မောင်မိုးခါးကို လက် ... ထပ် ... ပါ"

ဘိုးအကြည့်တွေ ကောင်းချမ်းမြဲဘက် လည်ကာ ကောင်းချမ်းမြဲကို လက်လှမ်းသည်။ ကောင်းချမ်းမြဲ ချက်နှာလေး ဝင်းထိန်ကာ ဘိုးလက်ကို လှမ်းအကိုင် ဘိုးရဲ့လက်သည် လေထဲ သို့ ပြုတ်ကျသွားသည်။

"ဘိုး"

ဘိုးသည် ကောင်းချမ်းမြဲကို တစ်ခုခု ပြောချင် သယောင် ပါးစပ်ပြင်ရင်း သူ့ရဲ့ထွက်သက်ကို မတားနိုင်ဖြစ်သွား ရှာသည်။

လူ့လောကကို ပြောစရာတွေကုန်အောင် မပြောရ သေးခင် ဘိုး စွန့်ခွာလိုက်ရရှာသည်။

"ဘိုး"

"ဘိုးရေ"



"ဘိုးရေ ... ဘိုး"

မြေးတွေရဲ့ အဘိုးတ,သံ သောသောညံနေသော် လည်း ဘိုးကတော့ မပြန်လမ်းသို့ မြန်းနှင့်ပြီ။

✧ ♥ ✧

www.burmeseclassic.com

www.burmeseclassic.com



ဘိုးရက်လည်သည်အထိ မိုးခါး၊ ထွဋ်မြ၊ ပင်ရင်းတို့ လာကူကြပါသည်။ မဂျမ်းကတော့ ဘိုးကို သုသာန်မှာပဲ လာနှုတ်ဆက်ကန်တော့သည်။ အိမ်ကိုတော့ ရောက်မလာပါ။

ထိုရက်မလည်ခင်ထိ ဆီဆေးသည် မိုးခါးကို စကားလုံးဝမပြောပါ။ မိုးခါးကလည်း မပြောပါ။

ရက်လည်ပြီးနောက်နေ့မှာ ဘိုးရဲ့ရှေ့နေကြီးရောက်လာခဲ့သည်။

"ဘိုးရဲ့သေတမ်းစာ ဟုတ်လား အန်ကယ်"

ဘိုးက ခေတ်ဘိုးပါလား။ သေတမ်းစာတွေ ကြိုရေးခဲ့သတဲ့။

"ဟုတ်တယ်ကွယ်၊ ဒီသေတမ်းစာကို ကလေးတို့မိဘတွေ ရှေ့ဆင့်နောက်ဆင့် ဆုံးကတည်းက ရေးခဲ့တာပဲ။ မေရေဆေးလေး တစ်သက်ရှိပြီ ဆိုပါတော့ကွယ်"



"အို"

"ကဲ ... သေတမ်းစာအရ ပရိဘောဂစက်ရုံ၊ ပရိဘောဂလုပ်ငန်းနဲ့ ပတ်သက်တဲ့ မြေ၊ အဆောက်အအုံ စသဖြင့် ရင်းနှီးမြှုပ်နှံမှုအားလုံးနဲ့ ပတ်သက်တဲ့ ငွေကြေးမှန်သမျှကို မေပန်းချီက ပိုင်ဆိုင်ခွင့်ရှိတယ် ...

ကားလုပ်ငန်းနဲ့ ပတ်သက်တဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ ငွေကြေးအားလုံးကို မေဆီဆေးက ပိုင်ဆိုင်ခွင့်ရှိတယ် ...

လက်ရှိနေထိုင်တဲ့ ဒီခြံနဲ့ တိုက်ရယ်ကို မေရေဆေးက ပိုင်ဆိုင်ခွင့်ရှိတယ် ...

ပြီးတော့ အတွင်းပစ္စည်းတစ်ဝက်တိတိကို မေရေဆေးက ပိုင်ဆိုင်ခွင့်ရှိတယ်၊ ကျန်တစ်ဝက်ကို သုံးပုံ့ပုံပြီး မေပန်းချီ၊ မေဆီဆေးနဲ့ ကောင်းလက်ရာ ကျန်ခဲ့တဲ့ မျိုးဆက်တို့ သုံးပုံအညီအမျှ ခွဲယူရမယ်"

"ရှင် ... ဘိုးက တူလေးကို အမွေပေးခဲ့တယ်"

"ဒါက ဒီလိုရှိတယ် တူမကြီး၊ လွန်ခဲ့တဲ့ နှစ်နှစ်ခန့်က ဒီသေတမ်းစာကို ရေးကတည်းက ကောင်းလက်ရာရဲ့သွေးတစ်ဦး လူ့လောကမှာ ကျန်ခဲ့တယ်ဆိုတာ ဦးချမ်းသာနဲ့

www.burmeseclassic.com



ဦးတို့ သိခဲ့တယ်၊ သားလား၊ သမီးလားတော့ မသိဘူး။ ကလေးကျန်ခဲ့တာပဲသိလို့ အဲဒီကလေးအတွက် စီစဉ်ခဲ့တာပဲ”

“ဟုတ်ကဲ့ပါ ရှေ့နေကြီး”

“ပြီးတော့ ဦးချမ်းသာ ဆုံးတဲ့အချိန်မှာ ဦးချမ်းသာနာမည်နဲ့ကျန်တဲ့ ဘဏ်ငွေသားအားလုံးကို မေရှေဆေးကတစ်ဝက် ကောင်းလက်ရာရဲ့ ရင်သွေးကတစ်ဝက် ပိုင်တယ်၊ ကဲ ... ကလေးတို့ လက်မှတ်ထိုးကြ”

ရှေ့နေကြီးက ပိုင်ဆိုင်မှု စာရွက်စာတမ်းတွေနှင့် လုပ်စရာရှိတာအားလုံး လုပ်ပေးပြီး ပြန်သွားသည်။

ကောင်းချမ်းမြက မျက်ရည်ကျရှာပါသည်။ ဘိုးက သူ့ကို ဥမမယ်စာမမြောက်ခင်ကတည်းက အမွေတွေ ပေးသွားပါလား။ ဘိုးရဲ့ဘဏ်ရှိငွေကလည်း မနည်းပါ။ သိန်းထောင်ချီရှိတာမို့ ကောင်းချမ်းမြမှာ နေ့ချင်း ညချင်း ငွေပုံပေါ် ရောက်သွားသည်။

ကောင်းချမ်းမြကို အမွေပေးခြင်းအတွက် ညီမသုံးယောက်လုံး ကျေနပ်ကြသည်။





ကောင်းချမ်းမြက အိမ်ပြန်ရောက်တော့ အမေ့ကိုဖက်ပြီး ငိုသည်။

မဂျမ်းကလည်း မျက်ရည်လည်သည်။

“အစ်ကိုရေ ... အစ်ကို့ဘိုးက အစ်ကို့သားကို အမွေပေးသွားတယ်၊ အစ်ကိုရေ ကျေနပ်တော့နော်”

မျက်နှာမဲ့ဘဝနှင့် သေခြင်းတရားကို ရင်ဆိုင်သွားရှာသော ခင်ပွန်းသည်အား တ,မိသည်။

မေပန်းချီတို့နှင့်လည်း အဝင်အထွက် လုပ်ကြသည်။ မဂျမ်းဘဝလည်း မုန့်ဟင်းခါးသည်မ မဂျမ်းဘဝ ပျောက်သွားသည်။

ဆီဆေးရဲ့ကူညီမှုနှင့် ယုဇနပလာဇာမှာ အထည်ဆိုင်လေး ဖွင့်လိုက်သည်။

ကောင်းချမ်းမြ ကျောင်းတက်ဖို့ ကားတစ်စီးဝယ်လိုက်သလို အစ်ကို ခေါင်းချသွားသည့် အိမ်လေးကို မစွန့်ရက်စွာ ဒီတိုင်းပိတ်ပြီး ကောင်းမွန်သင့်တင့်သော တိုက်ခန်းတစ်ခန်း ဝယ်လိုက်သည်။

ခုတော့ အထည်ဆိုင်ပိုင်ရှင် မချမ်းမြ ဖြစ်သွားပြီ။ အဲဒီမှာ အကော်တွေ့ရတာက မိုးခါးနှင့် ထွင့်မြ။

www.burmeseclassic.com

www.burmeseclassic.com



မိုးခါးမှာ သူပြုခဲ့တဲ့ ဥပေက္ခာဒဏ်ကို ပြန်ခံနေရသလို ထွင့်မြကလည်း ခုချိန်မှာ မဂျမ်းကို ဖွင့်ပြောရ ခက်နေပြန်သည်။ ဒီအခြေအနေရောက်မှ ဖွင့်ပြောရဲတယ်လို့ထင်ရင် ခက်မည်။ ဒီတော့ သူ့အကြောင်းကို စလယ်ဆုံးသိသော ဆီဆေးကို အပူကပ်ရသည်။

◆♥◆

မဂျမ်းတို့ဝယ်သော တိုက်ခန်းလေးမှာ ဘုရား[illegible] ကစာတင်တာမို့ အဲဒီနေ့က အငယ်လေး ရေဆေးမှလွဲ၍ [illegible] ပြန်သည်။ ရေဆေးကတော့ ကျောင်းပျက်ရက်တွေ များ[illegible] မကြွေး ပြန်သွားသည်။

ဘုန်းကြီးတွေ ဆွမ်းကပ်တရားနာသည်။ [illegible] ကင်း ပရိတ်ရွတ်၊ ဘုရားကို အနေကစာတင်သည်။

အစားအသောက်ကတော့ ထုံးစံအတိုင်း [illegible] ရာ မုန့်ဟင်းခါးပဲ။ ငါးဖယ်နိုင်းချင်းနဲ့ မုန့်ဟင်းခါးက [illegible] စားကောင်းသည်။

ဘုန်းကြီးတွေ ပြန်ကြွသွားပြီ။ ပန်းချီတို့[illegible] လည်း ပြန်သွားပြီ။ ဆီဆေးနှင့် မိုးခါးတို့သုံးဦးပဲ [illegible] ကျန်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းချမ်းမြနှင့် ထွန်းမြတို့ သုံးယောက် အပြင်မှာ စကားပြောနေကြသည်။

ဆီဆေးက မချမ်းကို ကုသိမ်းပေးရင်း ...

"ယောက်မကို ပြောစရာရှိတယ်"

"ပြောလေ ဆီဆေး"

"ဒီလို ယောက်မရဲ့"

မချမ်းရှေ့မှာ ထွန်းမြအတွက် ရှေ့နေလိုက်ပေးမိသည်။ မချမ်းနှင့် စတွေ့သည်မှစ၍ ထွန်းမြ ခုချိန်ထိ ခံစားနေတာတွေကို အတာတ်နိုင်ဆုံး ဆွဲဆောင်သိမ်းသွင်းစကားပြောနည်းဖြင့် အောင်သွယ်လုပ်နေမိသည်။

မချမ်းကတော့ အပြုံးနဲ့ပဲ နားထောင်နေသည်။

ဆီဆေးပြောလို့ ပြီးတော့မှ ...

"မောင်ထွန်းမြ အစ်မပေါ်ထားတဲ့ သဘောထားကို အစ်မ သိတာပေါ့။ ကလေးတစ်ယောက်အမေမုဆိုးမပဲ။ ယောကျ်ား တစ်ယောက် ကိုယ့်ကိုချဉ်းကပ်လာပုံဟာ ဘာကြောင့်လဲ ဆိုတာလောက်တော့ ခွဲတတ်တာပေါ့။ အဟင်း ... ဒါပေမဲ့ မောင်ထွန်းမြ စိတ်ထားလေးက ကောင်းပါတယ်။ သူ အစ်မကို တကယ်ချစ်မှန်း အစ်မသိပါတယ် ...



ဒါပေမဲ့ ဆီဆေးရယ်၊ အစ်မတာဝနဲ့ချိပြီး ချစ်ခဲ့ရတဲ့ အစ်မဝင်ပွန်း အစ်ကို့ကို အစ်မ ဘယ်လိုမှ မေ့လို့မရဘူး။ အချစ်ပိုတာ တကယ်စစ်ရင် ဘယ်လိုမှ ပျောက်ပျက်မသွားနိုင်ဘူး ...

အိမ်ထောင်သည်တစ်ယောက်ရဲ့အချစ်က ပိုပြီးနိုင်မြဲတယ်၊ လွတ်လပ်သူတစ်ယောက် ဆိုရင်တောင် အချစ်ကို ဆုံးရှုံးလိုက်ရပေမယ့် ရှေ့ရေးနောက်ရေးတွေးပြီး အပျိုကြီး မလုပ်ချင်လို့ အိမ်ထောင်ပြုချင် ပြုကြဦးမယ် ...

မုဆိုးမတစ်ယောက်ရဲ့အချစ်က အဲလိုမဟုတ်ဘူး။ တကယ်ချစ်ရတဲ့ အွားလေသူအပေါ် သစ္စာရှိရင်း သွားလေသူ ချန်ပေးခဲ့တဲ့ သားလေးကို သွားလေသူအတွက်ပါ ပို ချစ်ရင်း ဒုတိယအိမ်ထောင် ဆိုတာကိုပါ မလိုအပ်တော့ပါဘူး ညီမရယ် ...

အစ်မအတွက် ဘဝကို အနစ်မှုန်းခံပြီး အသေချစ်ပြသွားတဲ့ အစ်ကို့ကိုမေ့ပြီး နောက်အိမ်ထောင်ပြုဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး ညီမရယ် ...

www.burmeseclassic.com

www.burmeseclassic.com



မောင်ထွဋ်မြ နားလည်အောင် ညီမက ရှင်းပြပေးပါ။ မောင်ထွဋ်မြလည်း ဝဋ်ကြွေးပါလာတယ် ထင်ပါရဲ့။ အစ်မကိုမှ ချစ်သတဲ့ ... ဟင်း"

"ဟုတ် ... ဆီဆေး ပြောလိုက်ပါမယ်။ အစ်မလည်း စိတ်မကောင်း မဖြစ်ပါနဲ့"

"အေးပါကွယ်၊ ကဲ ... ကဲ ... နေ့လယ်စာ ချက်လိုက်ဦးမယ်။ ဆီဆေးလည်း စားပြီးမှပြန်ပေါ့"

"ဟုတ်"

နောက်ဘက်မှာ ဆီဆေးနှင့် မဂျမ်း စကားကောင်းနေတုံး ရှေ့မှာလည်း ...

"ဘယ်လို ... အဲဒီနေ့က ဆီဆေး အဆေးပြေးဝင်းထဲမှာ ယာဉ်တိုက်မှု ဖြစ်တယ်"

"ဟုတ်တယ်၊ ဒီဘက်မှာ ဘိုး ခွဲခန်းဝင်နေတုန်း မမကလည်း မြောက်ဥက္ကလာဆေးရုံ ရောက်သွားတယ်"

"ဟာ ... သွားပြီ၊ သွားပြီကွာ။ အဲဒါ ထွဋ်မြ ပြဿနာ။ သူ့ညီမကို ပြန်ပို့ဖို့ကို သူ ခေါင်းကိုက်နေလို့ဆိုပြီး ငါ့ကို လိုက်ပို့ခိုင်းတာ။ ပြီးတော့ ငါ အဆေးပြေးထဲမှာ ရှိနေတုန်း



သူ ငါ့ကို ဖုန်းလှမ်းဆက်သေးတယ်၊ ငါလည်း ဖုန်းကို ပိတ်ပစ်လိုက်တာ။ ဝွမ်းပြီကွာ။ သူ ငါ့ဆီဆက်တာ ငါ့ကို တွေ့လို့ဖြစ်မယ်။ အထင်လွဲသွားပြီ ထင်တယ်"

"မဒီမြ ပြဿနာက ရှင်းလို့ရပါတယ် မိုးခါးရာ။ မင်း သူ့ဖုန်းတွေကို လက်မခံတဲ့ကိစ္စပဲ ရှင်းရမှာ"

"ဘာမှ စိတ်မပူနဲ့ အစ်ကိုမိုးခါး။ ဘိုး ဆုံးကာနီးတုန်းက ကိုမိုးခါးနဲ့ မမကို သဘောတူသွားတယ်"

"ဟာ ... တကယ်လား"

"မှုတ်တယ်၊ အဲဒီတုန်းက ကျွန်တော်လည်း ရှိတယ်လေ"

"ဟာ ... ငါ့မှာ ပန်းဝင်ကာနီးမှ တစ်နေပါလား။ ခုကူပါပဲကွာ၊ ငါ့ကို ကူကြပါဦး"

"မင်းကလည်းကွာ၊ ကိုယ့်ချစ်သူပဲ မရ,ရအောင် ပြန်ချော့ပေါ့။ ပြီးတော့ သူ့ဘိုးလည်း သဘောတူသွားပြီ။ ဘာလိုသေးလဲ။ မင်းကို မဒီမြနဲ့ အထင်လွဲတာကိုလည်း ငါရှင်းပေးမယ်၊ မင်းကိစ္စပဲ မင်းရှင်း"

"နေဦး ... ကျွန်တော် မမကို သွားခေါ်ခဲ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတော့ ကောင်းချမ်းမြနဲ့ သူမ ထွက်လာသည်။

“ဘာလဲ ကောင်းကောင်းရယ်”

“ခဏလေး မမ၊ အစ်ကိုမိုးခါးက မမကို ရှင်းပြစရာရှိလို့တဲ့”

“ဘာမှ ရှင်းစရာအကြောင်း မရှိဘူး။ သူနဲ့ ငါကြားမှာ ဘာမှမပတ်သက်ဘူး”

“ချစ်လေး … ကိုယ့်ကို စိတ်မဆိုးပါနဲ့ကွာ။ ကိုယ်လေ ချစ်လေးကို ပြောမရလို့ စိတ်တိုပြီး ကိုယ့်ဘာသာ ကျိတ်ခံစားနေခဲ့ရတာပါ”

“ဒီမှာ မိုးခါး။ ရှင် ကျိတ်ခံစားနေတာက မိန်းကလေးတစ်ယောက်နဲ့ တွဲရတဲ့ သာယာမှုကိုလား”

ပင်ရင်းနှင့် ထွန်းမြက ဝင်ရှင်းကြပြန်သည်။

“အဲဒါကို ငါ ရှင်းပြမယ်၊ နင် တွေ့လိုက်တာ ငါ့ညီမဟ၊ ဆေးတက်နေတယ်ဆိုတဲ့ ငါ့ညီမလေ။ အဲဒီနေ့က ငါ့ညီမ မကျေးပြန်တာကို ငါက ခေါင်းကိုက်နေလို့ လိုက်မပို့နိုင်တာနဲ့ ဒီကောင်ကြီးကို ပို့ခိုင်းလိုက်တာ”



“ဟုတ်တယ် မမရဲ့။ အဲဒါ ကိုထွန်းညီမ မဒီမြတဲ့”

သူမရင်ထဲ ချမ်းမြေ့သွားလိုက်တာ။ ကြည်နူးခြင်းတွေ တသိမ့်သိမ့် ဖြာနေသည်။ သို့သော် သူမ ဖုန်းကိုပိတ်ထားလိုက်သည့်ကိစ္စ ရှိသေးသည်။

“ကိုထွန်းမြ ညီမဆိုလည်း ထားလိုက်ပါတော့။ ဒါဆို ဆီဆေး ဖုန်းခေါ်တိုင်း ပိတ်ပစ်တာ ဘာသဘောလဲ။ ဆီဆေးကို ဘာလိုင်းကြီး အဆက်အသွယ် ဖြတ်တာလဲရော၊ အဟင်း … ဆီဆေး ဆိုတာ ထမင်းမစား ဟင်းမစား ထမင်းဂျိုး ဟင်းဂျိုး ချစ်သူလား။ မလိုရင်မုန်း လိုရင်သုံးတဲ့အဆင့်လား၊ စပြီးဖြတ်ခဲ့တာ ရှင်ပါ ကိုမိုးခါး။ ဒါဆို ကျွန်မက သာလာယံဇရပ် မဟုတ်ဘူး”

“ဥပမာတွေက များလိုက်တာကွာ။ ကိုယ်လာတောင်းမယ် ပြောတာကို ဆီဆေးကငြင်းလို့ စိတ်မကောင်းဖြစ်ပြီး ဖုန်းမကိုင်တာပါဆို၊ ကိုယ် အခုပဲ မိဘတွေကို ခေါ်လိုက်တော့မယ်နော် အချစ်”

“ခုလည်း ကျွန်မ လက်မခံဘူး”

www.burmeseclassic.com

www.burmeseclassic.com



"မရဘူးလေ၊ ချစ်လေး လက်မ[illegible]ည်း ဘိုးက လက်ခံသွားတယ်မို့လား။ အရင်က ဘိုးစကား နားထောင်ပြီး နောက်ဆုတ်ခဲ့ရတာလေ။ အခုလည်း ဘိုးစကား နားထောင်ပြီး လက်ထပ်ကြစို့ ချစ်သူရယ် ... နော်"

အတင်းသိမ်းကျုံးဖက်လိုက်သော မိုးခါး၏မေတ္တာကြောကွင်းမှ ရုန်းမထွက်နိုင်တာလား၊ ရုန်းမထွက်ချင်တာလား ဆိုတာကိုတော့ မေဆီဆေးပဲ သိပါလိမ့်မည်။

✧ ♥ ✧

ဘဝဟူသည်
နိမ့်မြင့်မညီ
စုန်ကာဆန်တက်ကြရသည်။
နှလုံးသားဟူသည်
တွင်းဟုမညီ
မြောတစ်ခါ ရွှေတစ်လှည့်
ထွက်တတ်သည်။
အချစ်တစ်ခါ အမုန်းတစ်လှည့်
လန်းတတ်သည်။
ဘဝအထာနှင့် နှလုံးသားကမျှာ
ပေါင်းစပ်သောအခါ ...

www.burmeseclassic.com

www.burmeseclassic.com



... ... ... ... ... ...

... ... ... ... ... ...

... ... ... ... ... ...

စုန်ကာ ဆန်တက်ကြရသည် ...

ခြောက် ...

စုန်ကာ ဆန်တက်ကြရသည် ...။

မွေးမြူလန်းဆန်း ဘာဝမန်းကို

ထာဝရ ဝန်ဆောင်နိုင်ကြပါစေ

ရွှန်းရစ်မိုး

4th Marc' 10

(12:00 AM, Thur)

BURMESE CLASSIC

www.burmeseclassic.com